The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 18, 2019

# Ekdaw Hav mf t q if a pm if&Suf a t muwG
# t ½ R f ;O D k&muf vmao m uav ;t vkyf o r m ;av ;r sm ;

စာမျက်နှာ - ၁၈ ➤

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ ရော်ဘာဈေးနှုန်း ထိန်းချုပ်ရန် ပြည်ပသို့ ရော်ဘာတင်ပို့မှု လျှော့ချမည်

စာမျက်နှာ - ၁၃ ➤

The 7th International Myanmar Pearl Auction (Hong Kong) တွင် ပုလဲများအား သွားရောက်ရောင်းချ

စာမျက်နှာ - ၂၃ ➤




ပထမပုဂ္ဂလိကဘဏ်လီမိတက်
'အများနှင့်သက်ဆိုင်သောကုမ္ပဏီ'
myKyat your mobile money.
'ဘဏ်ဝန်ဆောင်မှုများ'



ငွေစုဘဏ်စာရင်း၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ ပြည်တွင်းငွေလွှဲလုပ်ငန်း၊ နိုင်ငံခြားငွေ စာရင်းရှင်အပ်ငွေ စာရင်းဖွင့်လှစ်ခြင်း၊ ပို့ကုန်/သွင်းကုန်လုပ်ငန်း ငွေလွှဲစာတမ်း(LC) ကြေးနန်းဖြင့် ငွေလွှဲပေးပို့ခြင်း(TT) နိုင်ငံခြားငွေလွှဲလုပ်ငန်း
Western Union နှင့်ချိတ်ဆက်၍ နိုင်ငံပေါင်း(၂၀၀)ကျော်မှ ငွေလွှဲပေးပို့ခြင်း၊ နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ခြင်းလုပ်ငန်း၊ချေးငွေလုပ်ငန်း၊ပစ္စည်းအငှား ဝယ်ယူခြင်းလုပ်ငန်း(Hire Purchase)၊ Mykyat ဖြင့် ငွေလွှဲပေးပို့နိုင်ခြင်း

Email : hofirst.private@gmail.com, fpbbank@myanmar.com.mm, fpb.hq@mptmail.net.mm
No.(619/621), Merchant Street, Pabedan Township, Yangon, Myanmar.
TEL : (95-1)251748, 251749, 251750, 378269; Fax : (95-1)250148, www.fpbbank-myanmar.com






Head Office : အမှတ်(၂၆)၊နွယ်နီလမ်း၊အလုံမြို့နယ်၊ရန်ကုန်မြို့၊
01-2315858,09-250498321, Fax : 01 212372
HotLine- 09 260643388

မန္တလေး Showroom: မနော်ဟရီလမ်း၊၅၉လမ်းထောင့်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။
09 259278688,09 420260724,09 444185151

easyridermotorbikecoltd@gmail.com
http;//www.easyridermotorbike.com
www.facebook.com/bajajmyanmareasyrider

# AUTO MAN
## Quick Service Center

**Auto Man Quick Service Center ဆိုရင် customer တွေက စိတ်ချတယ်။**

- အင်ဂျင်ပါဝါအလိုက် Service ပြုလုပ်ပေးခြင်း
- ကားလေအေးပေးစက်ပြုပြင်ခြင်း
- ကားရေဆေးခြင်း၊ အရည်အသွေးမြင့်မားကောင်းမွန်သော ဥရောပထုတ်ပစ္စည်းများဖြင့် စက်ပေါ်လစ်တင်ခြင်း
- စက်ချောဆီ လဲလှယ်ခြင်း (အင်ဂျင်ဝိုင်၊ ပါဝါဆီ၊ ဘရိတ်ဆီ၊ Auto ဆီ၊ ဂီယာဝိုင်၊ ကရောင်းဝိုင်)
- ကားအောက်ပိုင်း ကြံ့ခိုင်ရေး စစ်ဆေးပြုပြင်ပေးခြင်း
- ဘရိတ်ရှူး ပြုပြင် လဲလှယ်ခြင်း
- 3D အလိုင်းမင်း ချိန်ခြင်း
- Spark Plug လဲလှယ်ခြင်း
- တာယာပြုပြင် လဲလှယ်ခြင်း
- ဘတ္ထရီပြုပြင် လဲလှယ်ခြင်း



**AUTO MAN Car, Bus & Truck Center**

များအား ကရင်ပြည်နယ် မြဝတီမြို့နှင့် ရန်ကုန်မြို့ အမှတ် (၃) လမ်းမကြီး ပုလဲလမ်းဆုံအနီးတို့တွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်





Pansodan Center



Thitsar Street Center



Nay Pyi Taw Center

- No(75/77), Upper Pansoden Road, Mingalar Taungnyunt Township Yangon, Myanmar. Ph: +95 1 374953 , +95 9 258607940
- No(331/332/333), Thit Sar Road, 9 Quater, South Okkalapa Township, Yangon, Myanmar. Ph: +95 9 26240 5457
- Junction (Nay Pyi Taw), Hotel Zone, Yarza Thingaha Main Road, Zabu Thiri Township, Nay Pyi Taw. Ph : +95 9 4459 45922, 09 767166169
- No(53/52-53/60) Laydaungkan Road, Near BOC Bus Stop, (G/B Block) Thingunkyun Township, Yangon. Ph : +09451565560,09790999892

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးသို့ တက်ရောက်

ယှဉ်ပြိုင်မှုဥပဒေအရ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မတ် ၁၁ ရက် နံနက် ၁၀:၃၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။



ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယှဉ်ပြိုင်မှုကော်မရှင်၏ အဓိကရည်ရွယ်ချက်ဖြစ်သော စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်ပြီး တရားမျှတသော ယှဉ်ပြိုင်မှုဝန်းကျင်ကောင်း တည်ထောင်ရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးရန်၊ ဥပဒေချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရန်တို့သည် အရေးကြီးသည့် တာဝန်များဖြစ်ကြောင်း၊ ကော်မရှင်အသစ်တစ်ခုအနေဖြင့် ပြည်သူလူထုနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ယုံကြည်မှုကို ရရှိရန် အလွန်အရေးကြီးကြောင်း၊ တိုင်ကြားမှုများရှိသော်လည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိပါက ကော်မရှင်၏ ဂုဏ်သတင်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေချိုးဖောက်မှုကို ထိရောက်စွာ အရေးယူဆောင်ရွက်ကြောင်းကို အများပြည်သူများသိရှိမှသာ ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ကော်မရှင်အတွက် အုပ်ချုပ်ထောက်ပံ့မှု ဥပဒေအကောင်အထည်ဖော်မှုများသာမက ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် ပွင့်လင်းစွာဆွေးနွေးပေးကြရန် စသည်ဖြင့် ပြောကြားခဲ့သည်။

**စာမျက်နှာ ၈ သို့**

---

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပခုက္ကူမြို့နှင့် မြိုင်မြို့နယ်များအတွင်း လျှော်ဖြူစိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာအကြီး အကဲများလိုက်ပါလျက် မတ် ၈ ရက် ညနေ ၆ နာရီက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဗိုလ်ချုပ်လမ်းမပေါ်ရှိ မြန်မာ့ရွှေဖြူကုမ္ပဏီလီမိတက်၏ လျှော်ဖြူမှ ထုတ်လုပ်ထားသည့် မျက်နှာလိမ်းခရင်၊ ကိုယ်လိမ်းခရင်၊ ဆံပင်တိုနာ၊ ငှက်သိုက်ဖျော်ရည် ပြုလုပ်ပုံအဆင့်ဆင့်တို့အား ကြည့်ရှုအားပေးရာ မြန်မာ့ရွှေဖြူကုမ္ပဏီလီမိတက်မှ ဦးဘသင်းလှိုင်က လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၉ ရက် နံနက် ၈:၃၀ နာရီတွင် မြိုင်မြို့နယ် မြို့တင်ကျေးရွာ၌ကျင်းပပြုလုပ်သော ဂျပန်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီး ပံ့ပိုးဆောင်ရွက်မည့် စီမံကိန်းဆိုင်းဘုတ် ဖွင့်လှစ် ခြင်းအခမ်းအနားသို့ တက်ရောက်ကာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လွှတ်တော်ကိုယ်စားလှယ်များ၊ မဟာမဲခေါင်ဒေသအဖွဲ့ ဥက္ကဋ္ဌ မစ္စတာအိဝကိရှိုရှိအိုနှင့် ကုမ္ပဏီဥက္ကဋ္ဌ ဦးဘသင်းလှိုင်တို့က ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂျပန်နိုင်ငံ Enishi ကုမ္ပဏီက မြန်မာ့လျှော်ဖြူဆေးကုလားမ (Sterculla Gum not Karaya Gum) အား ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်ဝမ်နိုင်ငံနှင့် အခြားပြည်ပနိုင်ငံများသို့ ဈေးကွက် ထိုးဖောက်ရန်အတွက်

**စာမျက်နှာ ၈ သို့**

---

## ဒုတိယဝန်ကြီး ဦးအောင်ထူး Resolving Insolvency Indicator အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား Insolvency Law (မူကြမ်း)နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

Resolving Insolvency Indicator အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား Insolvency Law (မူကြမ်း) နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲအား မတ် ၁၅ ရက် ၁၄:၀၀ နာရီတွင် ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် Ease of Doing Business အစီရင်ခံစာ ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ Methodology အရ Insolvency Law အား ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ ပြန်တမ်း၌ထည့်သွင်းကြေညာခြင်း၊ စတင်အသက်ဝင်အောင် ဆောင်ရွက်ခြင်း၊ မြီစားနှင့် မြီရှင်တရားရုံး၌ ရင်ဆိုင်ကြရာတွင် ၎င်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဆိုပါက လာမည့် ၂၀၂၀ ပြည့်နှစ် Doing Business အစီရင်ခံစာတွင် အမှတ်ရရှိလာမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော် ကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေမူကြမ်းအပေါ် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

**စာမျက်နှာ ၂၇ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်မြို့နယ်တွင် နွေစပါးသစ်များဈေးလျော့၍ စတင်ဝင်ရောက်

ပုသိမ်မြို့နယ်တွင် မတ်လဒုတိယပတ်မှစ၍ နွေသီးထပ်ရင်စပါးများဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာပြီး မတ်လကုန်လောက်မှာနွေစပါးများ လှိုင်လှိုင်ထွက်ရှိလာမှာဖြစ်ကြောင်း သိရသည်။ ယခုအချိန်ထွက်ရှိသော စပါးများမှာ အရည်အသွေး ပို၍ကောင်းမွန်ပြီး ဧပြီလကုန်ဆိုလျှင် တောင်သူတော်တော်များ နွေစပါးရိတ်သိမ်းပြီးစီး၍ ဧပြီလအတွင်း တစ်ခါတစ်ရံ မိုးရွာသွန်းမှုရှိတတ်ပြီး စပါးအရည်အသွေးကျဆင်းမှုရှိတတ်ကြောင်း ကုန်သည်တချို့က ပြောကြားပါသည်။

လက်ရှိနွေသီးထပ်ရင်ဈေးကွက်မှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၂၀၅၀၀/၂၁၀၀၀ ဈေးနှင့်ဈေးကွက်မှာ ရောင်းဝယ်လျက်ရှိပြီး ယခင်နှစ်က နွေစပါးပေါ်ချိန်မှာ ပေါင် ၅၀၊ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ဈေးရှိ၍ ယခုနှစ်အဖွင့်ဈေးနှင့်ဆိုလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင် ဈေးနှုန်း လျော့နည်းမှုရှိကြောင်း ဈေးကွက် သတင်းမှ သိရသည်။

နွေစပါးပေါ်ချိန်တွင် တောင်သူအချို့မှာ လယ်ကွင်းထဲမှာပင် အရောင်းအဝယ်ဖြစ်၍ နွေဆန်ကို ဒေသတွင်း စားသုံးမှုနည်းပါးပြီး နွေစပါးကိုစက်ပိုင်/ကုန်သည်အများစုသာ ဝယ်ယူသိုလှောင်မှုရှိ၍ တရုတ်မူဆယ်ဈေးကွက်သို့သာ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး**

# ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့

မတ်လ ၂ရက်မှ ၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ၂ ဒသမ ၁၅၃ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၆၈၂၆ တန်ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။

စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅ )မိုင်ကုန်သွယ်ရေးဇုန်မှ ၆၆၅၂ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၁၄၉ တန်နီးပါး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၂၅တန်တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၇၈၃ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ဒသမ၇၇၉ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၉၄၀၇ တန်ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အာဖရိကနိုင်ငံများဖြစ်တဲ့ ကင်မရွန်နိုင်ငံသို့တန်ချိန် ၂၁၃၀၀၊အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၁၀၄၀၊ ဂီနီနိုင်ငံသို့ တန်ချိန်၁၅၃၀၊ ကင်ညာနိုင်ငံသို့တန်ချိန် ၂၅၀ တင်ပို့ပြီး အာရှနိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၀၄၀၊ ဗီယက်နမ်နိုင်ငံသို့ ၅၂၅တန်၊ တရုတ်နိုင်ငံသို့ ၁၅၅ တန်၊ ရုရှားနိုင်ငံသို့ ၃၇၅ တန်၊ အာရပ်နိုင်ငံများဖြစ်တဲ့ လက်ဘနွန်နိုင်ငံသို့တန်ချိန် ၂၅၀နဲ့ အီးယူ နိုင်ငံများသို့ ၂၉၄၂တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ၁၉၄၃ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ၂ဒသမ၀၇၁ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၇၇၈၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ် တင်ပို့မှုများမှာ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၁၀၊ယူအေအီးနိုင်ငံများသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများ သို့၆၆၄၅တန် တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်း ယှဉ်ပါက ယခုတစ်ပတ်မှာ ၆၆၅ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုစုစုပေါင်းမှာ ၃၆၂၃၃ တန်နဲ့ ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၇၇၈၀ ဖြစ်ပြီး ရေကြောင်းမှ ဆန်ပိုမို တင်ပို့နိုင်တယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**



# ဆန်ချောဈေးငြိမ်သော်လည်း ဆန်ကြမ်းအချို့ဈေးကျ

ယခုတစ်ပတ်ရန်ကုန်ဆန်ဈေးကွက်မှာဆန်ချောဈေးငြိမ်နေပြီး ဆန်ကြမ်းတစ်ချို့ဈေးကျကြောင်းသိရပါတယ်။ ရန်ကုန်ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ် ၄၀၀၀၀ နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၈၀၀၀၊ ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကို ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ် ၃၆၀၀၀နဲ့ လတ်စတစ်အိတ်ကိုကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကိုကျပ် ၄၈၀၀၀-၅၁၀၀၀၊ ပေါ်ဆန်းဆန်အသစ်တစ်အိတ်ကိုကျပ် ၃၃၀၀၀-၃၅၀၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ်၄၀၀၀၀-၄၂၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းအချို့ဈေးအနည်း ငယ်ကျကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၁၉၂၀၀-၁၉၃၀၀၊ ရက်(၉၀)ဆန် တစ်အိတ်ကို ကျပ် ၂၂၀၀၀-၂၂၅၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၂၀၇၀၀-၂၀၈၀၀၊ အကြမ်းရှယ်တစ်အိတ်ကို ကျပ်၂၅၅၀၀-၂၆၅၀၀ရှိပြီး သီးထပ်ရှယ်အသစ် ဈေးအနည်းငယ်ကျသော်လည်းရက်၉၀ ဆန်အသစ် တစ်အိတ်ကို ကျပ် ၁၅၀၀ ခန့် ဈေးကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၃-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၄ | ၃၉၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၈၀ | △ | ၃၄၅ | ၃၄၇ | △ | ၃၇၀ | ၄၀၀ | △ | ၃၅၈ | ၃၅၇ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၇၉ | △ | ၃၄၀ | ၃၄၂ | △ | - | - | - | ၃၅၃ | ၃၅၂ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၁ | ၃၇၇ | △ | ၃၃၅ | ၃၃၇ | △ | - | - | - | ၃၄၈ | ၃၄၇ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၄ | ၃၆၈ | △ | ၃၂၅ | ၃၂၇ | △ | ၃၅၅ | ၃၇၀ | △ | ၃၂၃ | ၃၂၂ | △ |
| ပေါင်းဆန် | ၄၀၆ | ၄၀၈ | △ | - | - | - | ၃၇၈ | ၃၇၈ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၃-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၆၀၀ | △ | ၂၃၀၀၀ | □ | ၉၃၅၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | ▽ | ၂၀၀၀၀ | ▽ | ၈၄၀၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၇၅၀၀ | □ | ၃၂၀၀၀ | □ | ၁၃၅၀၀ | □ | ၄၃၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | △ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | △ | ၂၃၅၀၀ | □ | - | - | ၅၀၅၀၀ | □ |
| မော်လမြိုင် | ၆၂၀၀ | △ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၈၀၀ | □ | ၄၂၀၀၀ | □ | - | - | ၆၆၀၀၀ | □ |
| မြိတ် | ၆၀၀၀ | ▽ | ၂၄၅၀၀ | □ | - | - | ၄၂၀၀၀ | △ |
| ဘားအံ | ၅၈၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၁-၃-၂၀၁၉ မှ ၁၅-၃-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 284 | 18,605,873.190 |
| 2 | Form D | 127 | 6,256,731.630 |
| 3 | Form E | 137 | 26,125,731.060 |
| 4 | Korea GSP | 16 | 726,002.710 |
| 5 | Form AK | 89 | 6,798,856.800 |
| 6 | Form AJ | 11 | 747,757.020 |
| 7 | Form AI | 127 | 5,180,611.400 |
| 8 | Form AANZ | 8 | 214,120.150 |
| 9 | Form DFTP | 2 | 515,265.300 |
| 10 | Form CHINA | | |
| **Grand Total** | | **801** | **65,170,949.260** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၃-၂၀၁၉ — ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၆၈ | ၁၀၉၇ | ▼ | ၁၁၈၃ | ၁၁၃၃ | ▼ | ၁၁၀၀ | ၁၁၅၀ | ▲ | ၁၀၀၀ | ၁၀၅၀ | ▲ |
| ပဲစင်းငုံ | ၁၁၇၉ | ၁၁၇၂ | ▼ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၂၆၀ | ၁၃၁၀ | ▲ | ၁၂၇၅ | ၁၃၀၀ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၅၀ | ■ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၆၀၅ | ၁၇၆၃ | ▲ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၉၃ | ၁၂၄၉ | ▼ | ၁၂၇၈ | ၁၂၇၃ | ▼ | ၁၃၀၅ | ၁၂၈၅ | ▼ |
| ပဲလွန်းဖြူ | ၉၆၅ | ၉၆၅ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၃၁၅ | ၁၃၁၅ | ■ | ၁၂၄၀ | ၁၁၈၅ | ▼ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၀၈၅ | ▼ | ၂၂၂၂ | ၂၀၄၄ | ▼ | ၂၃၃၁ | ၁၈၁၅ | ▼ | ၂၁၅၀ | ၂၃၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂.၃.၁၉)ထိ | ယခုတစ်ပတ် (၉.၃.၁၉)ထိ | (၁.၁.၁၉) မှ (၉.၃.၁၉) ထိ |
| မတ်ပဲ | ၇၅၈၁၃ | ၃၅၇၈ | ၇၉၃၉၁ |
| ပဲတီစိမ်း | ၃၇၄၈၄ | ၁၂၇၇၉ | ၅၀၂၆၃ |
| ပဲစင်းငုံ | ၂၃၂၅၈ | ၂၉၅ | ၂၃၅၅၃ |
| ကုလားပဲ | ၉၇၄၄ | ၃၁၃၁ | ၁၂၈၇၅ |
| ပဲလွန်းဖြူ | ၄၃၆၁ | ၂၆၄၇ | ၇၀၀၈ |
| မြေထောက်ပဲ | ၈၆၈ | ၂၆၃ | ၁၁၃၁ |

## ပြည်ပဲဈေးကွက်မှာ ကုလားပဲသစ်များ ခွဲစက်သမားအဝယ်လိုက်

မတ်လလယ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံများ အဝင်များလာခဲ့တာကြောင့် တစ်ရက်အိတ် ၆၀၀ မှ ၇၀၀ကျော်အထိ ဝင်ရောက်မှုရှိခဲ့ပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်းနှင့်ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့သလို ပြည်-အောင်လံ ကားလမ်းတစ်လျှောက်မြို့နယ်များမှလည်း ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ခွဲစက်သမားများ အဓိကထားဝယ်ယူတဲ့အတွက် အိတ် ၇၀၀ ကျော် ရောင်းဝယ်မှုရှိခဲ့ကြတာကြောင့် ဆောင်းပဲသီးနှံထဲမှာ အရောင်းအဝယ် သွက်နေတဲ့ ပဲသီးနှံအဖြစ် ရှိနေခဲ့ပါတယ်။ ပဲဈေးနှုန်းမှာတော့ တစ်တင်းကျပ် ၂၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့သွားပြီး ယခင်နှစ်နှင့် ဈေးကွာခြားမှုသိပ်မရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ မတ်ပဲ

တောင်ငူခရိုင်အတွင်း ပဲမျိုးစုံဈေးကွက်မှာရောင်းဝယ်မှုဖြစ်နေတဲ့ မတ်ပဲဈေးနှုန်းမှာ ယခု ၂၀၁၈-၁၉ ရာသီအတွင်း ဈေးနှုန်းအနည်းငယ်တက်လာကြောင်း တွေ့ရပါသည်။ ယခင်သီတင်းပတ်အတွင်းမှာ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဈေးသာရှိခဲ့သော်လည်း ယခုသီတင်းပတ်အတွင်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း ပဲကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။ မတ်ပဲ ဈေးတက်လာရခြင်းမှာ ကုန်သည်၊ စက်ပိုင်များမှ ဝယ်ယူသိုလှောင်ထားခြင်းကြောင့်ဖြစ်ကြောင်း သိရပါသည်။ **ကျော်ကျော်(တောင်ငူ)**

## ပြည်ပဲဈေးကွက်မှာ မတ်ပဲသီးနှံအရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်သို့ ဆောင်းပဲသီးနှံ မတ်ပဲသစ်များ အဝင်များလာတာကြောင့် တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကျော် ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲဒေသများမှ နေ့စဉ်ဝင်ရောက်ခြင်းဖြစ်သလို ဝယ်လက်သမားအနေဖြင့် ရန်ကုန်ဝယ်လက်သမားအပြင် လှောင်ပဲသမားများလည်း ဝယ်ယူခဲ့လို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးအနည်းငယ်ပိုရလာခဲ့ပါတယ်။ ဒါကြောင့် ပဲစိုက်တောင်သူများအနေဖြင့်လည်း ယခင်နှစ်နှင့်ယှဉ်လျှင် ဈေးပိုရခဲ့လို့ထုတ်ရောင်းချသူများရှိသလို ဈေးမျှော်ပြီး ဆက်သိုလှောင်ထားသူများလည်းရှိတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်များတွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ



ပဲမျိုးစုံစိုက်ပျိုးရာဒေသဖြစ်သော ပခုက္ကူနှင့်ရေစကြိုနယ်များမှ ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ(အသစ်) တစ်တင်းလျှင် ကျပ် ၂၆၁၀၀-၂၆၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ခန့်၊ကုလားပဲဝါ HL(အသစ်)တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ အိတ် ၅၀မှ၇၀ကြား ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၄၀၀၀ - ၂၄၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၅၀၊ စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၈၇၀၀ -၁၉၂၀၀ဖြင့် အိတ်၅၀စွန်တာနီ (ယော)တစ်တင်းလျှင် ၂၀၀၀၀ ဖြင့် အိတ်၁၀၀ ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၈၀၀ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်ကြား၊ ထောပတ်ပဲဖြူ (ယော) တစ်တင်းလျှင် ၃၅၅၀၀ ကျပ်ဖြင့် အိတ် ၅၀မှ ၃၀၀ထိ၊ ပြောင်းဖူးစေ့(CP)တစ် တင်းလျှင် ကျပ် ၇၄၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ အညာဒေသမှ ထွက်ရှိသော မန်ကျည်းသီးအစေ့ပါ တစ်ပိဿာလျှင် ကျပ် ၉၁၀ ဖြင့် ကုန်ချိန် ၁၀၀၀ မှ ၂၀၀၀ကြား၊ ပဲယင်း မြစ်ခြေတစ်တင်းလျှင် ကျပ် ၂၄၇၀၀ဖြင့် အိတ်၃၀မှ ၇၀ကြား၊ ပဲယင်း(ယော)တစ်တင်းလျှင် ကျပ် ၂၄၂၀၀ ဖြင့် အိတ် ၃၀ မှ ၅၀ကြား၊ နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြားထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုကုန်စည်ဒိုင်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ၂၃၅၀၀၊ ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၀၅၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၉၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၇၀၀၀ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။အဓိကအားဖြင့် ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၇၅၀၀ဖြင့် အိတ် ၅၀၀ မှ ၁၀၀၀ ကြား အဓိကထား၍ ရောင်းဝယ်ဖြစ်လျက်ရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံလက်လီ/လက်ကားရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီရောင်းဝယ်မှုအဖြစ်များနေတဲ့ပဲထဲမှာ ပဲနီပြားသီးနှံပါဝင်ခဲ့ပေမယ့် ယခုလို ပဲအထွက်လှိုင်ချိန်မှာတော့ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲဝင်ရောက်မှုအိတ် ၂၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ပန်းတောင်းဘက်မှ ဝင်ရောက်ခဲ့ကာ ဝယ်လက်ကတော့ ဒေသတွင်းလက်လီ၊ လက်ကားဝယ်ယူမှုရှိကြတယ်လို့ သိရပါတယ်။ ပဲတစ်တင်း ကျပ် ၂၅၅၀၀ ဖြင့် ပဲသစ်စဝင်ချိန်ဈေးထက်တော့ ဈေးအနည်းငယ်လျော့နည်းလာခဲ့ပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံဈေးကောင်းရခဲ့တဲ့အတွက် ယခုနှစ်မှာတော့ ယခင်နှစ်ဈေးကို မမီကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပဲလှော်သမားများကြောင့် လုံးဆန်အနီဈေးပြန်မြင့်

ပဲခူးတိုင်းဒေသကြီးအနောက် ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်လုံးဆန်(အနီ)ဈေးတစ်မျိုးသာ ပြန်မြင့်လာပြီး လုံးဆန် (အဖြူ)နှင့် ဆီဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်းကံမ၊ မင်းတုန်း၊ ရွှေတောင်နှင့်ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် အိတ် ၁၂၀၀-၁၃၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။

ရန်ကုန်ဝယ်လက်များက လုံးဆန် (အဖြူ) ကို အဝယ်ရှိပြီး လုံးဆန် (အနီ) ကို မြို့တွင်းပဲကြော်သမားများက အဝယ်ရှိလို့ အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ နှင့် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၆၅၀ ဈေးဖြစ်ပြီး မြေပဲလုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၇၀၀-၈၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

## ပြည်ခရိုင်မှာ ပဲတီစိမ်းသီးနှံ ဈေးကောင်းရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းသီးနှံ အနေဖြင့် ပဲအဝင်လျော့လာပြီဖြစ်တာကြောင့် တစ်ရက်အိတ် ၄၀ မှ ၅၀ ကျော်သာဝင်ရောက်ခဲ့ပြီး နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားရောင်းဝယ်မှုဖြစ်တယ်လို့ သိရပါတယ်။

အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၅၀ မှ ၂၀၀ ကျော် ရောင်းချခဲ့ကြရပြီး ပဲဈေးမှာတော့အရည်အသွေးအလိုက် ဈေးကွာခြားမှုရှိလို့ ရိုးရိုးစ တစ်တင်းကျပ် ၃၁၅၀၀၊ ထိပ်စတစ်တင်းကျပ် ၃၅၀၀၀ ဖြင့် အသီးသီးရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က မတ်လအတွင်း ပဲတီစိမ်းသီးနှံမှာ တစ်တင်းကျပ် ၂၅၀၀၀ သာရရှိခဲ့တဲ့အတွက် ယခုနှစ် ပဲတီစိမ်းဈေးကောင်းခဲ့သလို မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက်လည်း ဈေးပိုရလျက်ရှိနေခဲ့ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၄ သန်း တန်ဖိုးရှိ နှမ်းနက် ၉၇ တန်ကျော်နဲ့ နှမ်းဖြူ ၁၁ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၃ သန်း တန်ဖိုးရှိနှမ်းနက် ၁၀၁၈ တန်ကျော်ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းနက် ၃၂ တန်ကျော်နဲ့ ချင်းရွှေဟော်မှ နှမ်းနက် တန် ၄၈၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ခြောက်ရာကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အဆိုပါ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၁၈၅၈၄၁ ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၂၉၆၀၁၇၇ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## နှမ်းဈေး ပြန်မြင့်လာတဲ့ ပြည်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် နှမ်းဈေးများ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်မြင့်တက်လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းများကို မြန်အောင်ဘက်မှ တစ်နေ့လျှင် အိတ် ၃၀၀ ခန့်ဝင်ရောက်မှုရှိပေမယ့် တချို့ရက်သတ္တပတ်များတွင် ရက်ခြားသာ ဝင်ရောက်မှုရှိတာတွေ့ရပါတယ်။ စမုံနက်နှမ်းသန့်သန့်ကို မန္တလေးရှိ ဝယ်လက်များက ပြည်ပတင်ပို့ရန် ဈေးကောင်းပေးဝယ်ယူနေသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနက်နှင့် နှမ်းနီကို ဆီစက်သမားများက ဈေးကောင်း ပေးဝယ်ယူနေသဖြင့် ယခုတစ်ပတ်တွင် ဈေးအနည်းငယ် ပြန်မြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၈၀၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုလာသလို စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ဝယ်လိုအား ပြန်လိုက်လာလို့ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

# ပုသိမ်မြို့ မြို့တော်ခန်းမတွင်"ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့"အခမ်းအနားကျင်းပ




ပုသိမ်မြို့ မြို့တော်ခန်းမတွင် မတ်လ၁၅ရက်က "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အခမ်းအနား ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်၊USAIDမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီဝင်များ၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အကြီးအကဲများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ USAIDမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တက်ရောက်လာသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် ယခု ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သော "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့"သည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးကိုယ်စား စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အခမ်းအနားကို ယခင်နှစ်များက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကျင်းပခဲ့ပြီး ယခုစတုတ္ထအကြိမ်အဖြစ် ပုသိမ်မြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် စားသုံးသူအခွင့်အရေးတွေပိုမိုရရှိစေပြီး စားသုံးသူအကျိုးစီးပွားကာကွယ်ပေးနိုင်ရေး မြင့်တက်လာနိုင်တော့မှာ ဖြစ်ကြောင်း၊ ၂၀၁၉ခုနှစ် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့၏ အဓိက Theme မှာ "Trusted Smart Products" "ယုံကြည်စိတ်ချစမတ်ကျသော ထုတ်ကုန်များ" ဖြစ်သဖြင့် စားသုံးသူများအား လုံခြုံစိတ်ချမှုရှိတဲ့ကုန်စည်တွေကိုရရှိစေပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နဲ့ စားသုံးသူတွေရဲ့အခွင့်အလမ်းများကိုဥပဒေဘောင်အတွင်းမှ အပြည့်အဝအကာအကွယ်ရရှိစေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး စားသုံးသူအခွင့်အရေးများကိုပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားတွင် ပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးထက်က စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍တိုင်ကြားမှုများအတွက် Mobile Application, DOCA Myanmarနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်"စားသုံးသူအကာအကွယ်ပေးရေးနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များ လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေး" ခေါင်းစဉ်ဖြင့် Panel Discussionကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ပါမောက္ခ ဒေါက်တာအောင်မြင့်(စားသုံးသူဗဟိုကော်မတီ)၊ ဦးဆွေတင့်ကြူး(စားသုံးသူရေးရာ ဦးစီးဌာန)၊ ဦးကြည်အောင်(ဒုတိယဥက္ကဋ္ဌ၊ တိုင်းစားသုံးသူအခြေခံပွားမှု ဖြေရှင်းရေးအဖွဲ့)၊ ဦးထွန်းဇံဖြိုး(ITလုပ်ငန်းရှင်)၊ ဦးမောင် မောင်ဦး(နာယက၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း)တို့က ဆွေးနွေးခဲ့ပြီး သိလိုသည်များကိုမေးမြန်းခဲ့မှုများကိုလည်း တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်းနှင့် အခမ်းအနားသို့ စုစုပေါင်း တက်ရောက်သူ ၃၀၀ ဦးခန့်ရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပသ)**

# သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများအတွက် သဘာဝနည်းကျစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်း သင်တန်းဆင်းပွဲကျင်းပ

သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူတောင်သူများ စနစ်တကျနှင့် အရည်အသွေးကောင်းမွန်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် သဘာဝနည်းကျ သနပ်ခါးစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့ရှိDOA OISCA စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် မတ်လ ၅ ရက်မှ ၈ ရက်ထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ DOA OISCA စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် Helvetas Myanmar အဖွဲ့အစည်းတို့မှ သင်တန်းနည်းပြဆရာများက ဘိုကာရှီမြေဩဇာပြုလုပ်နည်း၊ သဘာဝအသီးအရွက်အားဆေးပြုလုပ်နည်း၊စပါးခွံမီးသွေးပြုလုပ်နည်း၊စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သဘာဝနည်းဖြင့် သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှု စသည့်အကြောင်းအရာများကိုပို့ချခဲ့ပါသည်။ ၎င်းသင်တန်း၏ သင်တန်းဆင်းပွဲကို မတ်လ ၈ ရက် နေ့လယ် ၃နာရီတွင် သင်တန်းခန်းမ၌ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မောင်း တက်ရောက်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က တောင်သူများအနေဖြင့် သဘာဝနည်းကျ စိုက်ပျိုးခြင်းဖြင့် ဓာတုကင်းသော ထုတ်ကုန်များရရှိပြီး ရေရှည်ဈေးကွက်ဖော်ဆောင်မှုတွင် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါး ရေရှည်တည်တံ့ရေးတွင်လည်း သဘာဝနည်းကျစိုက်ပျိုးခြင်းသည် အကောင်းမွန်ဆုံး နည်းလမ်းတစ်ခုပင်ဖြစ်ပါကြောင်း၊ ယခုသင်တန်းမှပို့ချ လိုက်သောနည်းပညာများ၊ လက်တွေ့သင်ခန်းစာများကို မိမိတို့၏လုပ်ငန်းခွင်တွင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ဆင့်ပွားပို့ချခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက်ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ပါသည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ OISCA နှင့် Helvetas Myanmar အဖွဲ့အစည်းတို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်တန်းတွင် ပထမအသုတ်နှင့် ဒုတိယအသုတ်ဟူ၍ နှစ်သုတ်ခွဲ၍ သင်ကြားခဲ့ရာ ပထမအသုတ်တွင် ၅၀ ဦး၊ ဒုတိယအသုတ်တွင် ၆၂ ဦး စုစုပေါင်း ၁၁၂ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းသို့ ရေစကြို၊ ပေါက်၊ မြိုင်၊ အရာတော်၊ ရွှေဘိုမြို့နယ်များမှ သနပ်ခါးစိုက်ပျိုးသည့် တောင်သူများနှင့် စားသုံးသူရေးရာဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**အောင်ဆန်းလင်း (DOCA)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄.၃ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - UNI AMPLE | TEU ၆၁၅ တင် ၆၁၅ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - CAPE FLORES | TEU ၅၂၂ တင် ၅၃၃ ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - TOVE MAERSK | TEU ၇၁၁ တင် ၈၈၈ ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - SAM GIORGIO | TEU ၂၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - SAM FALCON | ဆန် တန် ၂၁၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - THAI BINH-688 | Urea(In Bulk) ၉၅၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - AREZOO | TEU ၇၃၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - HAI PHUONG SUN | Coal(In Bulk) ၃၀၈၀၀ ချဆဲ |
| MMTM JETTY | - MT OCEAN DOLPHIN | Diesel Oil ၁၁၅၄၂ ချဆဲ |
| Green Asia JETTY | - MT GLORY STAR | Mogas (92Ron) ၁၂၃၉၇ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SEVEN STAR MARINER | Cruise Vessel Ironies Pax ၆၅၁ | MITT | ၁၄.၃.၂၀၁၉ |
| SCRENE JESSICA | Rice တန် ၁၀၀၀၀ တင်ရန် | W/AFRICA | ၁၅.၃.၂၀၁၉ |
| GLOBAL CARRIER | G/C ၈၆ ကုန်ချရန် | RUSSIA | ၁၅.၃.၂၀၁၉ |
| BANG SAKAO | Urea (In Bulk) ၆၅၅၀ ကုန်ချရန | MALAYSIA | ၁၅.၃.၂၀၁၉ |
| MARITIME RAJA | TOWING FOR MV KALAW PANDAW | INDIA | ၁၅.၃.၂၀၁၉ |
| MODERN LINK | Unit Vehicle (RO/RO)၃၅၆ ကုန်ချရန် | JAPAN | ၁၇.၃.၂၀၁၉ |
| CHANG CHENG HAI | Steel Product ၂၆၀၀၀ ကုန်ချရန် | CHINA | ၁၇.၃.၂၀၁၉ |
| LEF KONIKO | STEEL ၁၄၃၆၀ ကုန်ချရန် | CHINA | ၁၈.၃.၂၀၁၉ |
| WORLD ODYSSEY | Nos Cruise Vessel Pax ၆၉၈ | VIETNAM | ၁၈.၃.၂၀၁၉ |
| VIKING SEA | Unite Vehicle (RO/RO) ၁၀၇ ကုန်ချရန် | JAPAN | ၁၉.၃.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၃.၂၀၁၉ |
| KOTA HATA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၃.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၃.၂၀၁၉ |
| NINOS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၃.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၃.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | MOGAS(92 RON) | ELIT JETTY | ၁၃.၃.၂၀၁၉ |
| MT.FLY GURNARD | Diesel | SINGAPORE | ၁၄.၃.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONISIA | ၁၄.၃.၂၀၁၉ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၁၇.၃.၂၀၁၉ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၁၇.၃.၂၀၁၉ |
| MT.YU HAI | Diesel | SINGAPORE | ၁၇.၃.၂၀၁၉ |
| MT. OCEAN PROGRESS | MOGAS(92 RON) | SINGAPORE | ၁၉.၃.၂၀၁၉ |

## ကန်ပိုက်တီမှ တစ်သျှူးငှက်ပျောပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ မတ် ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၉၄ သန်း တန်ဖိုးရှိတစ်သျှူးငှက်ပျော ၂၉၆၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၉၉၀၀ နဲ့ နှိုင်းယှဉ်ပါက ၉၇၂၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၃၅ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၂၃၈၄ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၀၉၆ တန်နဲ့ နှိုင်းယှဉ်ပါက ၇၁၂ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

တစ်သျှူးငှက်ပျောကို ၂၀၁၀ ပြည့်နှစ်ကတည်းက လာအိုနိုင်ငံ မြောက်ပိုင်းရှိ ပြည်နယ်များတွင် တရုတ်နိုင်ငံမှ ငှက်ပျောခြံ ရင်းနှီးမြှုပ်နှံသူများက လာရောက် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

# တောင်ငူမြို့ ကြက်သွန်ဖြူဈေးပုံမှန်ဖြစ်

တောင်ငူမြို့ဈေးများအတွင်းသို့ အထက်အညာဒေသနှင့် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသော ကြက်သွန်ဖြူဥများမှာ အကြီးစ၊ အလတ်စ၊ အသေးစ အရွယ်အစားအမျိုးမျိုးရှိရာ အညာဒေသထွက် ကြက်သွန်ဖြူအကြီးမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ မှ ၂၀၀၀ အထိ၊ အလတ်စမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ အထိနှင့် အသေးစမှာ တစ်ပိဿာလျှင် ကျပ်၁၁၀၀ မှ ၁၂၅၀အထိရှိပါသည်။ ရှမ်းပြည်ထွက် ကြက်သွန်ဖြူအကြီးမှာ တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ၂၂၀၀ အထိ ရှိပါသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ ပုံမှန်အနေအထားတွင်ရှိသော်လည်း အရောင်းအဝယ်မှာ ပုံမှန်ထက် အနည်းငယ်ရောင်း အားကောင်းလျက်ရှိကြောင်း တောင်ငူမြို့ရှိ ကြက်သွန်ဖြူပွဲရုံများထံမှ သိရှိရပါသည်။

**သင်းသင်းအေး(တောင်ငူ)**

# ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီအဝင်နည်းပြီး ဈေးငြိမ်

ယခုတစ်ပတ် ပခုက္ကူခရိုင် ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီ အဝင်နည်းလျက်ရှိပါသည်။ ယခင်ရက်များက ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ ကုန်ချိန် ၅၀၀၀၀ မှ ၆၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီ ကုန်ချိန် ၃၀၀၀၀ မှ ၄၀၀၀၀ ထိသာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ မိုးစိုက်ဥစိုက် ကြက်သွန်နီ လက်ကျန်လည်း နည်းနေသောကြောင့် ဖြစ်ပါသည်။ ယခုတစ်ပတ် ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ်၅၀၀-၅၂၅-၅၃၅ - ၅၅၀၊ အလတ်စ တစ်ပိဿာလျှင် ၃၀၀ မှ ၃၅၀ ကျပ်၊ အနိမ့်စမှာ အရည်အသွေးကိုလိုက်၍ တစ်ပိဿာလျှင် ကျပ် ၈၀ မှ ၂၀၀ ဖြင့် ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန် ၃၀၀၀၀ မှ ၄၃၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။



ဆိပ်ဖြူကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ်၄၈၀၊အလတ်စ တစ်ပိဿာလျှင် ၄၂၅ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၃၇၅၊ ကုန်ချိန် ၄၀၀၀၀ မှ ၈၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# အညာဒေသထွက် ကြက်သွန်နီဈေးအနည်းငယ်တက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှထွက်ရှိသော ကြက်သွန်နီများ ဈေးအနည်းငယ်ပြန်မြင့်လာကာ လက်လီဈေးပါတက်နေကြောင်းသိရသည်။

“ယခင်တစ်ပတ်က ကြက်သွန်နီအကြီးတစ်ပိဿာကျပ် ၅၀၀၊ အလတ်ကျပ် ၄၀၀ ပေါက်ဈေးရှိပါတယ်။ လက်လီဈေးမှာ တစ်ပိဿာကျပ် ၆၀၀ ပေါက်ဈေးရှိပါတယ်။ အဝယ်အေးပြီး လက်လီဈေးကွက်ကို အားထားရောင်းကြပါတယ်”ဟု ရေနံချောင်းမြို့နယ်မှ ကြက်သွန်နီပွဲစားဖြစ်သူ ဦးစိုးလွင်က ပြောသည်။

ယခုတစ်ပတ်တွင် ကြက်သွန်နီ အကြီးတစ်ပိဿာကျပ် ၇၅၀၊ ကြက်သွန်နီအလတ် တစ်ပိဿာ ကျပ် ၆၅၀ ပေါက်ဈေးရှိကြောင်း၊ အသေးအနုတ် ကြက်သွန်နီတစ်ပိဿာ ကျပ် ၄၀၀ ကနေ ကျပ် ၅၀၀ ပေါက်ဈေးရှိကြောင်းနှင့် ဈေးအနည်းငယ်တက်နေကြောင်း သိရသည်။ ဒီဇင်ဘာလတွင် ကြက်သွန်နီအသစ်ပေါ်ခဲ့ပြီး နောက်ပိုင်း မတ်လဆန်းအထိ ဈေးကျနေရာမှ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်ပြန်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## နနွင်း

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၀၀၀၀ ဝင်ငွေရ

မတ်လ ၃ ရက်မှ ၉ ရက် အထိသီတင်းပတ်အတွင်း နနွင်း၃၁၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၈၄ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၂၃၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က နနွင်း ၃၁၉ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဒီ တစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ၁တန်ကျော်သာ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၆၀ ကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၀၆၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်းနနွင်း ဒေသတွင်း လှောင်လက်သမားများအဝယ်ရှိ

ဒီတစ်ပတ်တော့ နနွင်းက အနည်းငယ်အရောင်းအဝယ် အေးလာပါတယ်။ နနွင်းအသစ်ပေါ်ချိန်ဖြစ်ပြီး ဈေးကွက်မှာလည်း နနွင်း(သစ်)က အတော်များများဝင်လာပါပြီ။

ပြည်တွင်း/ပြည်ပဝယ်လက်တွေ အဝယ်သိပ် မရှိပေမယ့် ဒေသတွင်းသုံးဖို့တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဒေသတွင်း လှောင်လက်တွေကသာ ပုံမှန်အဝယ်ရှိနေတယ်လို့သိရပါတယ်။ ဒီတစ်နှစ် နနွင်းအထွက်နှုန်းကလည်း ပုံမှန်ရှိနေတယ်လို့လည်းသိရပါတယ်။ ပြည်တွင်းသုံးဖို့အတွက် အမှုန့်ကြိတ်စက်တွေကတော့ ပုံမှန်အဝယ်ရှိနေပါတယ်။ လှောင်လက်တွေကတော့ ပြည်ပဈေးကွက်ကိုမျှော်ပြီး Export ရှိရင် ပစ္စည်းအဆင်သင့်ရှိအောင် ဝယ်စုထားကြတယ်လို့ သိရပါတယ်။ အမှုန့်ကြိတ်စက်နဲ့ ပရဆေးဖော်ဖို့အတွက် ဒေသတွင်း ဝယ်လက်တွေရှိလို့ပြည်ပအဆဲ့မရှိပေမယ့် ပုံမှန်လေးတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဟိုပုံးဈေးကွက်မှာ တစ်ရာသီကို နနွင်းပိဿာချိန် ကိုးသိန်း၊ ၁၀သိန်းခန့်အရောင်းအဝယ်ဖြစ်ပေမယ့် လောလောဆယ်အခြေအနေမှာတော့ အရောင်းအဝယ်အေးနေတယ်လို့ သိရှိရပါတယ်။

ဒီတစ်ပတ် နနွင်း ပေါက်ဈေးကတော့ နနွင်းအကြမ်းစက တစ်ပိဿာ ကျပ် ၈၅၀၊ အချောက ကျပ် ၁၅၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ဒီတစ်ပတ်မှာပစ္စည်းသာရှိပြီး ဈေးကွက်မရှိ အရောင်းအဝယ်အေးနေတယ်လို့သိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## ချင်း

# ဒီတစ်ပတ် ချင်းတန်ချိန် ၂၀၀၀နီးပါးတင်ပို့

မတ်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၈၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၈ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၇၄၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၇၇၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၈၁၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# လက်ပံတန်းမြို့ မန်ကျည်းသီးအရောင်းပုံမှန်ရှိ

ယခုအချိန်တွင် လက်ပံတန်းမြို့နယ်၌ မန်ကျည်းသီးအသစ်များထွက်ပေါ်လျက်ရှိရာ မန်ကျည်းသီးအဟောင်း အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ မန်ကျည်းသီးအသစ်အစေ့ပါတစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ကျပ်၁၀၀၀ ထိဖြစ်ကြောင်း၊ အစေ့ထုတ်ပြီး မန်ကျည်းသီးအသစ် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ထိ ဖြစ်ကြောင်း၊ မန်ကျည်းဈေးကွက်မှာ အထွက်နည်းသော်လည်း အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရှိရပါတယ်။

**ခင်ခင်ထိုက် (သာယာဝတီ)**

# အညာဒေသထွက် မန်ကျည်းမှည့် အဝယ်သွက်နေ

ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်၌မန်ကျည်းအသစ်များ ဈေးကွက်အတွင်းဝင်ရောက်နေသည့်အပြင် ပွဲစားများမှ ကျေးရွာဆင်း၍ဝယ်ယူသောကြောင့် အရောင်းအဝယ်သွက်နေကြောင်းသိရသည်။

“မန်းကျည်းမှည့်အသစ်က တစ်နေ့ပိဿာ ၇၀ကျော်ထွက်တယ်။ ယခင်နှစ်က ပိဿာ၅၀ကျော်လောက်ပဲရတယ်၊ ဒီနှစ်အထွက်ပိုတယ်။ ယခင်နှစ်က တစ်ပိဿာ ကျပ် ၁၃၀၀ပဲဝယ်တာပါ။ ယခုနှစ်မန်းကျည်းမှည့်တစ်ပိဿာ ကျပ်၁၆၀၀ရောင်းရတယ်”ဟုရေနံချောင်းမြို့နယ်မှ မန်ကျည်းစိုက်သူကိုလှမြင့်က ပြောသည်။

ဈေးကွက်အတွင်း၌ မန်းကျည်းမှည့်ကို ကျောက်ပန်းတောင်း၊ မကွေး၊ ပြည်မြို့များက ဝယ်ယူနေသောကြောင့် မန်ကျည်းမှည့်ဈေးကွက်မှာ တစ်ပိဿာ ကျပ် ၁၆၀၀ ဈေးဖြင့်ဝယ်ယူနေကြောင်းပွဲစားကိုတင်စိုးက ပြောသည်။ **ဆန်းညွန့်(ရေနံချောင်း)**



# ပြည်မန်ကျည်းမှည့်ဈေး အနည်းငယ်ကျနေ

မန်ကျည်းစိုက်တောင်သူများ ပြည်ဈေးကွက်သို့ မန်ကျည်းမှည့်အသစ်များ တစတစပိုမိုဝင်ရောက်လာပါတယ်။ ယခုနှစ်မှာ မန်ကျည်းမှည့်များထွက်လာပေမယ့် ယခင်ကလို ပွဲရုံ၊ ဒိုင်များသို့ အလုံးအရင်းဝင်ရောက်လာတာ မဟုတ်ဘဲ၊ တဖွဲဖွဲ သာ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဒေသထွက်မန်ကျည်းမှည့်အဝင်နည်းနေတာကြောင့် မန်ကျည်းမှည့်ဈေး ချက်ချင်းထိုးကျမသွားတာလည်း တွေ့ရပါတယ်။

ယခုတစ်ပတ် ပြည်မန်ကျည်းမှည့် (ပွဲရုံ) ဈေးနှုန်းကတော့ ကျပ် ၁၅၀၀ဈေးဖြစ်ပြီး လက်လီဈေးကွက်မှာတော့ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပါတယ်။ အရည်အသွေးကောင်းပြီး အစေ့မပါသော ဈေးဖြစ်ကြောင်းလည်း သိရပါတယ်။ ဇီးအုပ်၊ ဝက်ထီးကန်၊ ပေါင်းတလည်၊ ရွှေတောင်တို့မှ ပွဲရုံများသို့ ဝင်ရောက်လျက်ရှိပြီး ရန်ကုန်နှင့်ဒေသတွင်းဈေးများသို့ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ရန်ကုန်သို့ မန်ကျည်းမှည့် ပိဿာချိန် ၂၄၀ကျော်တင်ပို့ရကြောင်း သိရပါတယ်။

**နီနီဝင်း(ပြည်)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်

GMI အဖွဲ့မှ လာရောက်အကူအညီပေးထားသော မြန်မာ့ ရွှေဖြူခြံနှင့် မြန်မာ့လျှော်ဖြူ ၂၅ တန်ဝယ်ယူမှု အလွှတ်သဘောတူ MoU စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သော သီးနှံအမယ်စုံအား ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ပြည်တွင်းတွင်လည်း သီးနှံများအား ထုတ်လုပ်ရုံမကဘဲ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ပြည်တွင်းပြည်ပဖြန့်ဖြူးခြင်းများကိုလည်း လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြည်တွင်းပြည်ပ ဈေးကွက်လိုအပ်ချက်အရ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပြီး သီးနှံများ၌ ဓာတုဗေဒဓာတ်ကြွင်းမရှိစေရေး အလေးထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ လျှော်ဖြူထုတ်လုပ်ရာတွင် ထွက်ရှိလာသော ဆေးကုလားမအား တင်ပို့ခြင်းပြုမည့်အစား ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ငှက်သိုက်ဖျော်ရည်၊ ဆံပင်တိုနှာ၊ ကိုယ်လိမ်းခရင်၊ မျက်နှာလိမ်းခရင်နှင့် ဆေးဝါးများအတွင်း ထည့်သွင်းပြီး ဆေးအာနိသင် ပိုမိုရရှိလာအောင်ပြုလုပ်ပြီး တင်ပို့ရောင်းချပါက နိုင်ငံခြားဝင်ငွေ ရရှိလာမှာဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူနှင့် ကုန်သည်လုပ်ငန်းရှင်များပူးပေါင်း၍ လုပ်ငန်းများအား စနစ်တကျ စီမံခန့်ခွဲပြီး ရရှိလာသော အကျိုးအမြတ်များအား မျှဝေခံစားကြရမှာဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုလုပ်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည့်အပြင် ဒေသနေပြည်သူများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာကာ တိုးတက်လာမှာဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်မြှင့်တင်ရန်အတွက် ပြည်တွင်းထုတ်လုပ်သူ တောင်သူနှင့် ကုန်သည်လုပ်ငန်းရှင်များအား ပြည်ပဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် ပြည်တွင်းပြည်ပ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို ဖွင့်လှစ်ပို့ချပေးနေပြီဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။

ယင်းနောက် ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းအတွင်း ပြည်တွင်းပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ တိုင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်တင်ပြကြပြီး မြန်မာ့လျှော်ဖြူ ၂၅ တန်ဝယ်ယူမှု အလွှတ် သဘောတူစာချုပ် MoU အား ဂျပန်နိုင်ငံ Enishi ကုမ္ပဏီကိုယ်စားလှယ်နှင့် မြန်မာ့ရွှေဖြူခြံမှ လုပ်ငန်းရှင် ဦးဘသင်းလှိုင်တို့က လက်မှတ်ရေးထိုးလဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့အား တရုတ်နိုင်ငံ Guangxi Fengdana Co.,Ltd မှ တာဝန်ရှိသူ Mr. Wai နှင့်အဖွဲ့သည် မြိုင်မြို့နယ် ယင်းတိုင်ယောင်းရွာရှိ ကျေးရွာဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်တင်ပို့နိုင်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ တရုတ်နိုင်ငံစန်းကျင်၊ ပေတိုင်း၊ ဟိုင်နန်၊ ဟိုက်ခိုမြို့များသို့ မြန်မာ့လျှော်ဖြူအား တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးတို့အား ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းအတွင်း စိုက်ပျိုးထွက်ရှိသော သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးတို့အား ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် မြိုင်မြို့နယ် ကန်ယာဘောင်းရွာရှိ တောင်သူဦးကျော်လှိုင်၏ လျှော်ဖြူပင်စိုက်ခင်း ၁၃၂ ဧက စိုက်ခင်းအား ကြည့်ရှုပြီး လျှော်ဖြူစိုက်တောင်သူများအား တွေ့ဆုံကာ စိုက်ပျိုးသီးနှံများ အရည်အသွေးပိုမိုကောင်းမွန်စေရန် လိုအပ်သည့်နည်း ပညာများရရှိရန် ကူညီပေးမှာဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ဓာတုဗေဒဓာတ်ကြွင်းများ မရှိစေရေး အလေးထား ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်ချေမြို့ သရက်တောအုပ်စု၊ မိုးနတ်ကုန်းကျေးရွာရှိတောင်သူဦးမြင့်ကို၏ ဒန့်သလွန် ၁၂ ဧက စိုက်ခင်းသို့ ဝင်ရောက်အားပေးကြည့်ရှုပြီး Moringa Farms (PKU) မှ ဒန့်သလွန် အရွက်မှထုတ်လုပ်သော ဒန့်သလွန်အရွက်မှုန့်၊ အစေ့မှုန့်၊ အရည်၊ ဒန့်သလွန်အဆီ၊ ဒန့်သလွန်ဆပ်ပြာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

စာမျက်နှာ (၃) မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ . . . မှအဆက်

အစည်းအဝေး၌ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကော်မရှင်က လက်ခံရရှိထားသည့် တိုင်ကြားမှုများအပေါ် ဆက်လက်အရေးယူဆောင်ရွက်မည့် အခြေအနေများ၊ ဌာနတွင်း လမ်းညွှန်ချက်များနှင့် အများပြည်သူသို့ ထုတ်ပြန်မည့် ယှဉ်ပြိုင်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ သည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အကြံပြုချက်များ၊ ကော်မရှင်က ဆုံးဖြတ်ရမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

MOC(IR)

# စံပြရန်ကင်းဈေးတွင် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနသည် မတ်လ ၁၂ ရက်တွင် ရန်ကင်း မြို့နယ်၊ စံပြရန်ကင်းဈေးတာဝန်ခံရုံးခန်းတွင် မြို့နယ်စည်ပင်ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများအား အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒု-ကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းမှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် ဗဟိုကော်မတီမှ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ တွင် ပါဝင်သည့် မြန်မာဘာသာဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မဖြစ်မနေဖော်ပြရမည့်သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုး ဖော်ပြချက်များကို ဈေးအတွင်းတစ်နိုင်တစ်ပိုင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော လုပ်ငန်းရှင်များ၊ တစ်ဆင့် ပြန်လည်ရောင်းချနေကြသည့် ဈေးသူ/ဈေးသားများအနေဖြင့် အထူးသတိထား လိုက်နာဆောင်ရွက်နိုင်ပါရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ထို့နောက် စံပြရန်ကင်းဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်ခြောက်ဆိုင်၊ ကုန်မျိုးစုံဆိုင်၊ မုန့်မျိုးစုံရောင်းချနေသော ဆိုင်များသို့ စားသုံးသူ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး ဈေးသူ/ဈေးသားများနှင့် လာရောက်ဈေးဝယ်ယူသူပြည်သူများအား လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သတင်းရရှိပါသည်။

တင်မင်း(ရန်ကုန်)




# စားသုံးသူများတွင် အခွင့်အရေးများရှိသည် မီဒီယာကမ်ပိန်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနား ကျင်းပ

မတ်လ ၁၂ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်၌ စားသုံးသူပြည်သူများတွင် စားသုံးသူအခွင့်အရေးများရှိသည်ကို ပိုမိုသိရှိစေရန် ရည်ရွယ်၍ စားသုံးသူများတွင် အခွင့်အရေးများရှိသည်ဟူသော ခေါင်းစဉ်ဖြင့် မီဒီယာကမ်ပိန်း၏ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်မီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ထားသည့် စားသုံးသူအခွင့်အရေး (၈)ချက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ စားသုံးသူများအနေနှင့် စားသုံးသူအခွင့်အရေး (၈)ချက်ကို သိရှိမှုနည်းနေသေးကြောင်း၊ ကမ်ပိန်းကို ကျင်းပခြင်းဖြင့် စားသုံးသူများရသင့်ရထိုက်သည့် အခွင့်အရေးများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြစေရန် ရည်ရွယ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများကို အကာအကွယ်ပေးလျက်ရှိပြီး၊ စားသုံးသူများ၏ နစ်နာမှုများအတွက် တိုင်ကြားလာပါက တိုင်ကြားမှုများကို အဓိကတာဝန်ယူဆောင်ရွက်ပေးနေသောဌာန ဖြစ်ပါကြောင်း၊ စားသုံးသူများအနေနှင့် တိုင်ကြားလိုပါက မြန်မာနိုင်ငံတစ်ဝန်းမှာရှိသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များသို့ ကိုယ်တိုင်သွားရောက် တိုင်ကြားခြင်းဖြင့်လည်းကောင်း၊ ဌာန၏ Website ဖြစ်သော www.doca.gov.mm မှလည်းကောင်း၊ DOCA Myanmar Mobile Application မှ လည်းကောင်း၊ ဌာန၏ Facebook Page မှလည်းကောင်း တိုင်ကြားနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် တိုင်ကြားမှုများနှင့်ပတ်သက်၍ ဌာနမှ ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ ဖြေရှင်းဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ကမ်ပိန်းကျင်းပခြင်းဖြင့် စားသုံးသူများအား ၎င်းတို့အခွင့်အရေးများကို ပိုမိုသိရှိလာပြီး တိုက်ရိုက်အကျိုးသက်ရောက်မှုအနေနှင့် ပိုမိုကောင်းမွန်သော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရရှိလာကြမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အရည်အသွေးကောင်းမွန်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေဖို့ တွန်းအားတစ်ရပ်ဖြစ်လာမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသည့် မီဒီယာများက ၎င်းတို့ သိလိုသည့်အချက်များကို မေးမြန်းခဲ့ကြပြီး၊ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါကမ်ပိန်းကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပုသိမ်မြို့၌ ကျင်းပမည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားနဲ့အတူ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရက်သတ္တပတ်(၆)ပတ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ရက်သတ္တပတ်(၆)ပတ်တာကာလအတွင်း စားသုံးသူအသိပညာပေးဇာတ်လမ်းကို နိုင်ငံပိုင်ရုပ်သံမီဒီယာနှင့် ရေဒီယိုလိုင်းများတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ITQM(DOCA)

## ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့

မတ်လ ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၅၄၄၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၉၁၉၇ ဒသမ ၆၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၄၉၉၈၀၅၇ တန်ဖိုးရှိ ဒီဇယ် ၂၆၀၈၁ ဒသမ ၃၁ တန်၊ စုစုပေါင်း ၅၅၂၇၈ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဒီဇယ်တန်ချိန် ၆၄၇၆၇ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၆၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၄၃၀၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၃၉၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၅၇၈၂ တန်ဖိုးရှိ ဒီဇယ် ၃၈၇ ဒသမ ၀၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၂ ရက်မှ ၈ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၄ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၁၅ မျိုးကို တန်ချိန်အားဖြင့် နှစ်ထောင်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်တစ်ထောင်ကျော်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်တစ်ထောင် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ဆီးဆန်၊ ဆီးသီးခြောက်၊ မှိုခြောက်၊ ဝဥခြောက်၊ တောချင်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ ကွမ်းစားဂမုန်း၊ ကွမ်းသီးခွံ၊ နာနတ်လျှော်၊ ပီလောပီနံအမှုန့်၊ နံ့စားပြောင်းနဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော်မှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၂၉၉၂ တန်ဖိုးရှိ အုံတုံခေါက် ၁၃၈ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၁၇၇၂ တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၉၉၂ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၈၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန်သုံးထောင်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ အဆိုပါသီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်း တန်ဖိုးရှိပြောင်း ၁၈၉၈တန်ခွဲနဲ့ ကန်ပိုက်တီမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၇ သန်းတန်ဖိုးရှိ ပြောင်း ၃၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း ပြောင်းတစ်တန်ဈေးမှာ ၂၈၃၁၈၆ ကျပ်ဖြင့် ယခင်သီတင်းပတ်အတိုင်း ဈေးနှုန်းပြောင်းလဲခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**



## ပြည်တွင်းငွေလဲနှုန်း ဈေးတက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် မတ်လဒုတိယပတ်အတွင်း ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို မတ်လ ပထမပတ်က အမေရိကန်တစ်ဒေါ်လာလျှင်၁၅၁၉ကျပ် သတ်မှတ်ခဲ့ရာမှ မတ်လ ဒုတိယပတ်တွင်၁၅၃၂ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တွင် ရွှေဈေးမှာ ကျရိပ်ပြနေရာမှ ယခုတစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ခြင်း၊ ယခုရက်ပိုင်းအတွင်း တရုတ်လုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့်ကုန်သွယ်မှုပြုလုပ်ရန် ဆွေးနွေးမှုများရှိလာရာ ပြည်တွင်းငွေလဲဈေးကွက်ကို သက်ရောက်မှုရှိခဲ့ကြောင်း၊ နိုင်ငံတကာတွင်လည်း ဗြိတိန် ၏ ဥရောပသမဂ္ဂမှခွဲထွက်ရေး Brexit အစီအစဉ်များ ပြန်လည်တင်ပြလာမှုကို ဥရောပကော်မရှင်မှ သဘောတူညီခြင်း စသည့်အကြောင်းအရာများမှာ နိုင်ငံတကာနှင့် ပြည်တွင်းငွေလဲဈေးကွက်အပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၁၁ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၁ကျပ်၊ ဝယ် ဈေး၁၅၀၇ကျပ်မှ မတ်၁၃ရက်တွင် ရောင်းဈေး ၁၅၁၅ ကျပ်၊ဝယ်ဈေး ၁၅၁၁ ကျပ်သို့မြင့်တက်ခဲ့ပြီး မတ် ၁၅ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၀ကျပ်၊ ဝယ်ဈေး ၁၅၁၆ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းခြောက်သောင်းကျော်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သတင်းရရှိသည်။ မတ်လပထမပတ်အတွင်း ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်၁၀၅၃၀၀၀ ဖြင့် ရှိခဲ့ရာမှ မတ်လဒုတိယပတ်တွင် ကျပ် ၁၀၆၂၀၀၀သို့မြင့်တက်လာကြောင်း သိရသည်။

“ပြည်တွင်းရွှေက အကျတစ်ပတ်ပဲခံတယ်။ ပြန်တက်သွားတာပေါ့။ အဓိကက ဝယ်လိုအားလိုက်လာတယ်လို့ပဲ ပြောရမယ်။အလျှုအတန်းရာသီလည်း နီးလာတော့ ရွှေကပြန်တက်လာတာ။နိုင်ငံတကာမှာဆိုရင်လည်း ကမ္ဘာ့ရွှေက ပြန်တက်လာတယ်လေ။ဒါကြောင့် အကယ်ဒမီလည်း ပြန်လိုက်တက်လာတာလား စဉ်းစားမိတယ်။ နိုင်ငံတကာမှာလည်း နိုင်ငံရေးရာသီဥတုကထင်သလောက် မကောင်းသေးတော့ ဈေးဘယ်လောက် တက်နိုင်မလဲဆိုတာ စောင့်ကြည့်ရမယ်”ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၁၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၅၆၀၀၀ရှိခဲ့ရာမှ မတ်၁၄ ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၆၁၀၀၀သို့ မြင့်တက်ခဲ့သလို မတ်၁၅ရက်တွင်လည်း ကျပ်၁၀၆၂၀၀၀ သို့ ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မတ် ၁၁ ရက်က ရွှေတစ်အောင်စလျှင် ၁၂၉၆ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၁၄ရက်တွင် တစ်အောင်စလျှင် ၁၂၉၉အမေရိကန်ဒေါ်လာသို့မြင့်တက်ခဲ့ရာမှ မတ် ၁၅ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၀၄အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

## အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုအပေါ် အပြန်အလှန်ဆွေးနွေးမှုပြုလုပ်မည်

အစုရှယ်ယာဈေးကွက်နှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများအနေဖြင့် သိရှိလိုသည့်အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးနိုင်မည့် “မြန်မာနိုင်ငံစတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာအပြန်အလှန်ဆွေးနွေးခြင်း” အခမ်းအနားကို ပြုလုပ်သွားမည်ဖြစ်ကြောင်း KBZSCငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲကို မတ်လ ၂၂ ရက်၊ ညနေ သုံးနာရီခွဲတွင် KBZSC Head Office၊ အမှတ် ၅၃၊ Strand Square မြေညီထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၌ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လူဦးရေကန့်သတ်ထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် KBZSC၏ ဖုန်းနံပါတ် ၀၁- ၂၃၀ ၇၃၀၀~၀၂(သို့) KBZSC Facebook Chat Box(သို့) trading@kbzsc.com များသို့အမည်၊ Trading Account Number၊ မှတ်ပုံတင်နံပါတ်နှင့် ဖုန်းနံပါတ်တို့ ပေးသွင်းကာ စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Trading Accountဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများအနေဖြင့်လည်း ဘဏ်စာအုပ်မူရင်းနှင့်မှတ်ပုံတင်မူရင်းယူဆောင်လာကာ ဆွေးနွေးပွဲအခမ်းအနားအတွင်းTrading Account ကို ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးစတော့အိတ်ချိန်းအဖြစ် ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Groupတို့မှ ပူးပေါင်းတည်ထောင်ခဲ့ပြီး ယခုအခါ FMIအစုရှယ်ယာ၊ MTSH အစုရှယ်ယာ၊ MCBအစုရှယ်ယာ၊ FPBအစုရှယ်ယာနှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Energy NYMEX

15-3-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 58.63 | 0.02 | 0.03 |
| Brent Crude Futr (USD/bbl) | 67.28 | 0.05 | 0.07 |
| Gasoline Rbob Fut (Cent/gal) | 184.53 | -0.42 | -0.23 |
| Natural Gas Futr (USD/MMBtu) | 2.84 | -0.02 | -0.56 |
| Heating Oil Futr (Cent/gal) | 198.35 | -0.14 | -0.07 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-March | 15.29 | 2743.98 | 1844.97 | 6424.22 | 813.00 |
| 12-March | 15.37 | 2760.73 | 1837.70 | 6472.93 | 822.00 |
| 13-March | 15.41 | 2844.48 | 1852.46 | 6479.10 | 832.00 |
| 14-March | 15.35 | 2859.25 | 1872.08 | 6488.58 | 830.00 |
| 15-March | 15.32 | 2834.76 | 1876.27 | 6461.25 | 828.00 |

## Currency Exchange Rate

March 15, 2019

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 83.99 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.72 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 69.22 |
| I DR Indonesia Rupiahs | 14277.83 |
| JPY Japan Yen | 111.65 |
| MYR Malaysia | 4.09 |
| PKR Pakistan Rupees | 139.85 |
| PHP Philippines Pesos | 52.74 |
| RUB Russia Rubles | 65.45 |
| SGD Singapore Dollars | 1.35 |
| KRWSouth Korea Won | 1137.02 |
| LKR Sri Lanka Rupe | 178.79 |
| THB Thailand Baht | 31.72 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 23238.10 |

*Source:xe.com*

## World Gold Price

March- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1302 | 1299 | 1300 |
| 12 | 1300 | 1297 | 1299 |
| 13 | 1309 | 1307 | 1308 |
| 14 | 1308 | 1306 | 1304 |
| 15 | 1304 | 1303 | 1304 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-3- 2019 | 1058.00 | 1057.50 |
| 12-3- 2019 | 1056.50 | 1055.00 |
| 13-3- 2019 | 1062.00 | 1061.50 |
| 14-3- 2019 | 1064.50 | 1064.00 |
| 15-3- 2019 | 1060.00 | 1059.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6.72 | 31.68 | 83.68 | 69.88 |
| 12 | 6.71 | 31.69 | 83.92 | 69.63 |
| 13 | 6.71 | 31.65 | 83.97 | 69.63 |
| 14 | 6.71 | 31.74 | 83.95 | 69.63 |
| 15 | 6.72 | 31.72 | 83.99 | 69.22 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ရေလမ်းမှ ဘိလပ်မြေအဝင်လျော့

မတ်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၉၄၈၃ တန်ဖိုးရှိ ဘိလပ်မြေ ၃၉၀၀ ဒသမ ၁၁၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှစိန်တံဆိပ် ဘိလပ်မြေ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၄၈၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ၉၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

မတ်လ ၂ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၅၆၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၆၂၂၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၉၀ ကျော် အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၅၀၊ ကြံ့(မြန်မာ-လက်သစ်)က ၂၅ ကျပ် ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၅၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၅၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ "ကားတစ်စီးရောက် ကားတစ်စီးကုန်တယ်။ ဒီတစ်ပတ် အရောင်းအဝယ် တော်တော်ကောင်းတယ်"ဟု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူက ပြောပါတယ်။ ဒီတစ်ပတ် အပါချီက ကျပ် ၁၀၀၊ ကမ္ဘောဇဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၇၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ယခင်တစ်ပတ်က အပါချီနဲ့ ကြံ့ဘိလပ်မြေက ဈေးအနည်းငယ်မြင့်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးအားလုံးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်မြန်မာ ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# မြေသြဇာတန်ချိန် ၂၅၀၀၀ ကျော်ဝင်

မတ်လ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၀၄၁၄၄၅ တန်ဖိုးရှိမြေသြဇာ ၂၅၁၁၈ ဒသမ ဝ၇၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၇၃၅၉ ဒသမ ၉၅ တန်၊ ဂျာမနီနိုင်ငံမှ ၁၃၅၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၃၀၀၀၊ ကိုရီးယားနိုင်ငံမှ ၁၈၈၀ ဒသမ ၄၁ တန်၊ မလေးရှားနိုင်ငံမှ ၉၆၃၀ ဒသမ ၅၈ တန်၊ နော်ဝေနိုင်ငံမှ ၇၉၃ဒသမ ၈၇ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၂၂ ဒသမ ၈၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၄ ဒသမ ၉၃၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါ တယ်။

တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကောမတ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း(၂၀း၁၀း၁၀)၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ယူရီးယား(၄၆%)၊ အော်ဂဲနစ်နဲ့ ပိုတက် ဆီယမ်ကလိုရိုဒ်တို့ ဖြစ်ပါ တယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၉၅၃၀ ကျော် တင်သွင်းခဲ့တာ ကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၅၅၈၀ ကျော် ပိုမိုတင်သွင်း ခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

မတ်လ ၂ ရက်မှ ၈ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၁၉၆၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၄၇၄၀ ကျော် ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၇၈၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အကြီး(ထိုင်း)မြင်းပျံ က ကျပ် ၁၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၀၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း- တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြွားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၃၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြွားကမ္ဘာကျပ် ၁၇၄၀၀၊ ရွက်ဖျန်းကျပ်၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရ ပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပန်းဖူး-တရုတ်) (ရွှေတောင်)နဲ့ တီစူပါကကျပ် ၁၀၀၊ ပိုတက်ကကျပ် ၂၀၀၊ ပန်းသီးစုံက ကျပ် ၃၀၀ ဈေးမြင့်ပြီး မြွားသီးစုံက ကျပ် ၂၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၅၀၀ ဈေးကျခဲ့ကာ ကျန်မြေသြဇာ များက ယခင်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၆၀၀၊ ယူရီးယား (ပန်းဖူး- တရုတ်) ကျပ် ၂၇၆၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၂၅၀၀၊ မြွား သီးစုံကျပ် ၁၆၃၀၀၊ ပန်းသီးစုံ ကျပ် ၁၆၃၀၀၊ အာမို ၁၀း ၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ပိုတက်ကျပ် ၂၈၄၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

မတ်လ ၃ ရက်မှ ၉ ရက် သီတင်း ပတ်အတွင်း အမေရိကန် ဒေါ်လာ ၅၁၇၀၃၁ တန်ဖိုးရှိ နို့ဆီ ၄၈၁ ဒသမ ၈၇၇ တန်ကို ပင်လယ်ရေကြောင်း ကုန် သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၆၂ ဒသမ ၉၉၇ တန် တင်သွင်းခဲ့တယ် လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ် များမှာ ဒွန်း၊ တီးပေါ့နဲ့ ပက်(ပ်)တို့ ဖြစ်ပါ တယ်။ယခင်သီတင်းပတ်က နို့ဆီတန် ချိန် ၉၂၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၄၀ ကျော် တင်သွင်းမှုလျော့ နည်းခဲ့တယ်လို့သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၂၂၂၆၁ တန်ဖိုးရှိနို့မှုန့် ၂၇၃ ဒသမ ၉၄၅ တန်ကို လည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဂျာမနီနိုင်ငံမှ ၁၆ ဒသမ ၈ တန်၊ သြစ ကြေးလျနိုင်ငံမှ တန်ချိန် ၂၀၊ ပြင်သစ် နိုင်ငံမှ ၁၀ ဒသမ ၃၄၉ တန်နဲ့ နယူး ဇီလန်နိုင်ငံမှ ၂၂၆ ဒသမ ၈၀ တန် တင် သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၃၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ် ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန် ချိန် ၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ် လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၃ မှ ၈/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၂ မှ ၁/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၁.၀၀ | ၇၀.၀၀ | (+) | ၁.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၃၃၀၀.၀၀ | ၉၅၀၀.၀၀ | (-) | ၆၂၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၈၅.၀၀ | ၂၀၀.၀၀ | (-) | ၁၅.၀၀ |
| ၈။ | မြိတ် | ၃၃၅၀.၀၀ | ၅၈၆၅.၀၀ | (-) | ၂၅၁၅.၀၀ |
| | စုစုပေါင်း | ၆၉၀၆.၀၀ | ၁၅၆၃၅.၀၀ | (-) | ၈၇၂၉.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၃ မှ ၈/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၂ မှ ၁/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၂၀၁.၃၈ | ၈၁၁၁.၃၅ | (-) | ၁၉၀၉.၉၇ |
| ၂။ | လွယ်ဂျယ် | ၆၂.၀၀ | ၈၉.၀၀ | (-) | ၂၇.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀၄.၀၀ | ၂၄၇၄.၅၀ | (-) | ၆၇၀.၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၃၅၃.၀၀ | ၁၈၀၀.၀၀ | (-) | ၄၄၇.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၂၄၅၀.၀၀ | ၂၂၇၀.၀၀ | (+) | ၁၈၀.၀၀ |
| ၉။ | တမူး | ၉၀.၀၀ | - | (+) | ၉၀.၀၀ |
| | စုစုပေါင်း | ၁၁၉၆၀.၃၈ | ၁၄၇၄၄.၈၅ | (-) | ၂၇၈၄.၄၇ |

ခင်မိုးသူ

# စားသုံးသူကိုအကျိုးပြုမည့် PAT 450

စားသုံးသူအကာအကွယ်ပေးရေးနယ်ပယ်၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ အင်ဂျင်နီယာဌာနစိတ်(စက်ဆန်း)တွင်အိမ်သုံးလျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း တည်ထောင်ထားရှိပြီး ဓာတ်ခွဲခန်းရှိ လျှပ်စစ်စမ်းသပ်စစ်ဆေးရေးကိရိယာများအနက် အင်္ဂလန်နိုင်ငံ Megger Instruments Co. Ltd. မှ ထုတ်လုပ်သော Portable Appliance Tester ( PAT 450 ) ဖြင့် Watt 1000 အောက်ရှိ အိမ်သုံးလျှပ်စစ်ပစ္စည်းများအား စစ်ဆေးစမ်းသပ်လျက်ရှိပါတယ်။

PAT 450 သည်အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့မှအသိအမှတ်ပြု (ISO 9001) လက်မှတ်ရရှိပြီး အင်္ဂလန်နိုင်ငံ စံချိန်စံညွှန်းအဖွဲ့ (ENISO 9001 )လည်း ရရှိထားပြီးဖြစ်တဲ့ စမ်းသပ်စစ်ဆေးရေးကိရိယာတစ်မျိုးဖြစ်ပါတယ်။ ဒီကိရိယာနဲ့အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်တဲ့ထမင်းပေါင်းအိုး၊ ဒယ်အိုး၊ မီးပူ၊ ဒစ်ဂျစ်တယ်မီးဖို၊ လျှပ်စစ်ရေနွေးအိုး၊ ပန်ကာ၊ ဆံပင်အခြောက်ခံစက်၊ အိမ်သုံးရေပန့်မော်တာနှင့် မီးကြိုးခွေစသည့်ပစ္စည်းများ၏သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှုရှိ/မရှိ၊ အရည်အသွေးပြည့်မီမှုရှိ/မရှိတို့ကိုစမ်းသပ်စစ်ဆေးပေးနိုင်မှာဖြစ်ပါတယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတစ်ခုချင်းအလိုက် စမ်းသပ်စစ်ဆေးပေးနိုင်တဲ့ အချက်တွေကတော့ Line, Natural, Earth ကြိုးများ သတ်မှတ်ချက်အတိုင်း ဆက်သွယ်ထားမှုရှိ/မရှိ (Polarity Test) စစ်ဆေးခြင်း၊ အသုံးပြုထားသော ဝါယာကြိုးများ တစ်ဆက်တည်းရှိ/မရှိ (Continuity Test) စစ်ဆေးခြင်း၊ မြေစိုက်ကြိုးဖြင့် ဆက်စပ်သွယ်တန်းထားခြင်းရှိ/မရှိ ( Earth Bond Test ) စစ်ဆေးခြင်း၊ လျှပ်စီးသတ္တုနှင့် လျှပ်ကာပစ္စည်းကြား သတ်မှတ်ခုခံမှုရှိ/မရှိ (Insulation Test ) စစ်ဆေးခြင်း၊ လျှပ်စစ်အသုံးပြုပစ္စည်းမှ ထိတွေ့အရာဝတ္ထုသို့စီးသော ကြွင်းကျန်လျှပ်စီးပမာဏ (Touch leakage Test) စစ်ဆေးခြင်း၊ မြေစိုက်ကြိုးသို့ ခွဲခြားစီးဝင်သော ကြွင်းကျန်လျှပ်စီးပမာဏ (Differential Earth leakageTest) စစ်ဆေးခြင်း၊ အစားထိုးစီးဝင်သည့် လျှပ်စီးမှ ကြွင်းကျန်သည့်လျှပ်စီးပမာဏ (Substitude Leakage Test) စစ်ဆေးခြင်း၊ လျှပ်စစ်ပစ္စည်းတစ်ခုမှထုတ်ယူ သုံးစွဲသည့်စွမ်းအင်ပမာဏ(Operation Power ) စစ်ဆေးခြင်း စသည့်အချက်အလက်တွေကို IEC (International Electrotechnical Commission ) စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိတိုက်ဆိုင်စစ်ဆေးပေးနိုင်သည့်စက်ဖြစ်ပါတယ်။ IEC ရဲ့စံချိန်စံညွှန်းများနဲ့တိုက်ဆိုင်စစ်ဆေးပြီး ခွင့်ပြု/မပြုအားလည်း စက်မှတိုက်ရိုက်ဖော်ပြအဖြေထုတ်ပေးသွားမှာဖြစ်တဲ့အပြင် စမ်းသပ်စစ်ဆေးမှုအချက်အလက်(Data)များကိုလည်း စက်အတွင်း မှတ်တမ်းတင်သိမ်းဆည်းထားပြီး လိုအပ်ပါက ကွန်ပျူတာဖြင့်ချိတ်ဆက်၍ ပြန်လည်ထုတ်ယူနိုင်တဲ့စက်အမျိုးအစားဖြစ်ပါတယ်။

ဈေးကွက်အတွင်းရှိ လူသုံးများသော တချို့အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဒယ်အိုးများကို PAT-450ဖြင့် စမ်းသပ်စစ်ဆေးရာ IECစံချိန်စံညွှန်းများနှင့်ကိုက်ညီသော်လည်း Earth Wire မပါရှိသဖြင့် လျှပ်စစ်ပစ္စည်းကိုယ်ထည်နှင့် ထိတွေ့မိပါက သုံးစွဲသူကို ဓာတ်လိုက်မှု အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ Power Supply Wire မှာလည်း ဒန်သတ္တုများ ဖြင့်ပြုလုပ်ထားသည့်ကြိုးများဖြစ်သဖြင့် အချိန်ကြာမြင့်စွာ တစ်ဆက်တည်းအသုံးပြုပါက ဝါယာကြိုး အပူလွန်ကဲ၍ မီးလောင်မှုအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့်အရည်အသွေးပြည့်မီသည့်ပစ္စည်းမဟုတ်ကြောင်းစစ်ဆေးတွေ့ရှိရပါတယ်။

တချို့ Extension Board များအား PAT 450 ဖြင့် စမ်းသပ်စစ်ဆေးရာIEC စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုမရှိခြင်း၊ အတွင်းရှိSocketများကိုဆက်သွယ်ထားသည့် Wire ကြိုးများတွင် Insulation Cover များတပ်ဆင်ထားခြင်းမရှိဘဲ Socket Point များအား ခဲဂဟေဖြင့်ဆက်သွယ်ထားသည်ကို တွေ့ရှိရသည့်အတွက် အရည်အသွေးပြည့်မီသော ပစ္စည်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ စားသုံးသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိ/မရှိနှင့်ပတ်သက်၍ အငြင်းပွားတိုင်တန်းမှုများရှိလာပါက PAT 450 ဖြင့်စမ်းသပ်စစ်ဆေးပြီး စစ်ဆေးချက်ရလဒ်များအား ပြန်ကြားပေးခြင်းဖြင့် စားသုံးသူအကျိုးကာကွယ်ပေးသွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

**တင်မောင်ကြည်(သတင်းနည်းပညာ/အရည်အသွေး)**

# ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ငရုတ်သီး(အစို)တင်ပို့

မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင်တည်ရှိသည့် ကချင်ပြည်နယ်သည် တောင်ကုန်းတောင်တန်းများ၊ တောတောင်ထူထပ်သည့် ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကချင်ပြည်နယ်မြို့နယ်များထဲမှ တစ်ခုဖြစ်သော ဝိုင်းမော်မြို့နယ်သည် မြစ်ကြီးနားမြို့နယ်၊ မိုးမောက်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ချီဖွေမြို့နယ်တို့ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ဝိုင်းမော်မြို့နယ်တစ်မြို့နယ်လုံး၏ (၃)ပုံ(၂)ပုံသည် တောင်ကုန်းတောင်တန်းများဖြစ်ပြီး ကျန်(၁)ပုံ ခန့်သည် မြေဧရိယာညီညာမှုရှိပြီး ဧရာဝတီမြစ်နှင့်ဆက်စပ် လျက်ရှိပါတယ်။ ဝိုင်းမော်မြို့နယ် ဧရိယာအတွင်း ပါဝင်သော ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိရာ ကုန်သွယ်ရေးစခန်းတည်ရှိမှုကြောင့် ပြည်နယ်အတွင်းမှ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းဖြင့်လည်းကောင်း၊ တစ်ဖက်နိုင်ငံမှ လိုအပ်သော ကုန်ပစ္စည်းများတင်သွင်းခြင်းလည်းကောင်း ကူးသန်းရောင်းဝယ်မှုပြု လုပ်လျက်ရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုလျက်ရှိပါတယ်။

ဝိုင်းမော်ဒေသအတွင်း စိုက်ပျိုးထုတ်လုပ်သည့် အမယ်များစွာရှိပြီး သီးညှပ်စိုက်ပျိုးမှုအဖြစ် ဖရဲနှင့် ငရုတ်များလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ငရုတ်စိုက်ပျိုးမှုမှာ ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ၊ ခတ်ချို-ကျန်းခန်း-စန်းကားကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးလျက်ရှိပြီး ငရုတ်စတင်စိုက်ပျိုးသည့်ကာလမှာ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် စတင် ခူးဆွတ်တင်ပို့လျက်ရှိပါတယ်။ ငရုတ်ပင်၏ သက်တမ်းမှာ (၃)လအတွင်း ခူးဆွတ်၍ တင်ပို့လျက်ရှိကာ ငရုတ်စိုက်ပျိုးထုတ် လုပ်တင်ပို့သော ကုမ္ပဏီများမှ ၎င်းကျေးရွာအုပ်စုများတွင် စိုက်ပျိုးထုတ်လုပ်ပြီး ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လျက်ရှိပါတယ်။ ထိုသို့ တင်ပို့ရာတွင် FOB ဈေးနှုန်းအနေ ဖြင့် တစ်တန်လျှင် ကျပ် ဆယ်သိန်းခန့်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။

ငရုတ်သီး(အစို)များအား ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တစ်ဆင့်တစ်ဖက်နိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မှုအခြေအနေမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လ ၈ ရက်အထိ တန်ချိန်(၈၈၄)တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၈ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ငရုတ်သီး(အစို)များတင်ပို့နိုင်မှုအခြေအနေသည် မြန်မာနိုင်ငံ ကုန်သွယ်မှုလမ်းကြောင်းများဖြစ်သော ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများအနက် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အများဆုံးတင်ပို့မှုဖြစ်ပြီး နယ်စပ်လမ်းကြောင်းများမှအနက် တရုတ်မျက်နှာစာ၏ ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့လျက်ရှိကြောင်းသိရှိရပါတယ်။ ထိုသို့ သီးညှပ်စိုက်ပျိုးထုတ်လုပ်သည့်သီးနှံဖြစ်သော ငရုတ်သီး(အစို) စိုက်ပျိုးထုတ်လုပ်မှုကြောင့် ပို့ကုန်များရာသီအလိုက် တိုးတက်တင်ပို့လာကာ နောက်သီးညှပ်အဖြစ်လည်း ကျောက်ဖရုံ၊နာနတ်၊ရှောက်ပန်းစသည့်အမယ်သစ်များကိုတိုးချဲ့စိုက်ပျိုးထားပြီးတစ်ဖက်နိုင်ငံသို့ မကြာမီအချိန်ကာလအတွင်း စတင်တင်ပို့တော့မည်ဖြစ်ကြောင်းတင်ပြလိုက်ရပါတယ်။ **ဝင်းကို(ကန်ပိုက်တီ)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၃-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၅၀၀ | △ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၇၀၀ | ▽ |
| မုံရွာ | ၅၇၀၀ | ၅၇၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၇၁၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၃-၂၀၁၉ US$/Ton

| အမျိုးအစား | မတ်လ ပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၁၈.၀၀ | ၅၁၉.၅၀ | △ |
| **RBD P.Olein** | ၅၃၁.၅၀ | ၅၂၉.၅၀ | ▽ |
| **RBD P.Stearin** | ၅၂၂.၀၀ | ၅၁၇.၀၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၃-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၂၄.၀၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၇၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၆၉.၇၉၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၃-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 570 ဒေါ်လာနှင့် USD ဈေး ၁၅၂၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၅-၃-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်း တွက်ချက်ပါသည်။

# မတ်လဆန်းတွင် မူဆယ်မှ ထိုင်ဝမ်ဆီးသီး တင်ပို့မှုမရှိ

မတ် ၃ ရက်မှ ၉ ရက်အထိရက်သတ္တပတ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်စည်ဒိုင်မှ တရုတ်သို့တင်ပို့ကုန်များအနက် နှစ်နိုင်ငံတရားဝင်ပို့ကုန်အဖြစ် အခိုင်အမာရပ်တည်နေသော ဖရဲသီး၊ သခွားသီး၊ ကျောက်ဖရုံသီးတို့ကို တင်ပို့လျက်ရှိရာ ဖရဲသီး တင်ပို့မှုအနေဖြင့် ဖရဲကြားသီး၊ ဖရဲဖြူသီး၊ အဝိုင်းကြားသီး၊ အစေမ့်ဖရဲတို့ တင်ပို့သလို သခွားတွင် ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက် သခွား(ဝူခုံး) နှင့် ကျောက်ဖရုံသီးများ အသီးသီးတင်ပို့ခဲ့သော်လည်း ယခင်ရက်သတ္တပတ်နှင့်စာလျှင် တင်ပို့မှုလျော့နည်းခဲ့ကာ ထိုင်ဝမ်ဆီးသီးမှာ တင်ပို့ခြင်းမရှိခဲ့ ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ဖရဲကားအစီးရေ ၁၇၆၂ စီး၊ တန်ချိန် ပေါင်း ၂၄၀၃၃ တန်၊ သခွားမွှေးကားစီးရေ ၁၆၄၀ စီး၊ တန်ချိန် ပေါင်း ၁၃၉၇၃ တန်၊ ဖရုံကားစီးရေ ၁၂ စီး၊ တန်ချိန်ပေါင်း ၁၆၅ ဒသမ ၅ တန် အရောင်းအဝယ်ဖြစ်ခဲ့ကာ ဖရဲဖြူသီး များ ဈေးအနိမ့်သာရခဲ့ပြီး အစေ့မဲ့ဖရဲမှာ ဈေးအမြင့်တွင် ဆက်လက်ရပ်တည်နေကာ သခွားသီးနှံတွင် ဖရဲသခွားက ဈေးအနိမ့်ရခဲ့ကာ ပိုက်ကွက်သခွား (ဝူခုံး) က ဈေးအမြင့်ရခဲ့ပါ သည်။

ဈေးနှုန်းအနေဖြင့် ဖရဲသီးအနိမ့်ဈေးမှာ တစ်တန်လျှင် ယွမ်၅၀၀၊ မြန်မာငွေကျပ် ၁၁၀၆၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးမှာ ယွမ် ၄၇၀၀၊ မြန်မာငွေကျပ် ၁၀၃၉၈၀၀ ဖြစ်ခဲ့သလို သခွား သီးနှံအနိမ့်ဈေးမှာ တစ်တန်လျှင်ယွမ် ၁၂၀၀၊ မြန်မာငွေကျပ် ၂၆၅၅၀၀ ဖြစ်ပါတယ်။ သခွားအမြင့်ဆုံးဈေးမှာ ယွမ် ၅၀၀၀၊ မြန်မာငွေကျပ် ၁၁၀၆၁၀၀ ဖြစ်ခဲ့ပြီး ဖရုံသီးအနိမ့်ဈေးမှာ တစ်တန်လျှင်ယွမ် ၂၀၀၊ မြန်မာငွေ ကျပ် ၄၄၃၀၀ အသီးသီး ဖြစ်ခဲ့ကာ အရည်အသွေးပေါ်မူတည်ပြီး ပွဲရုံများဖြတ်ဈေးအတိုင်း ဝယ်လက်ကလက်ခံပြီး ရောင်းသူအသာစီးဖြင့် ရောင်းခဲ့ရကြောင်း သိရသည်။

**စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပြည်ခရိုင်ဆန် စပါးဈေးကွက် နယ်ဝယ်လက်နည်းပြီး ဒေသတွင်းစီးဆင်းနေ

ပြည်ခရိုင်တွင်း မြို့နယ်များတွင် အရောင်းအဝယ်ဖြစ်နေသော စပါး/ဆန်များမှာ တောင်ပျံမွှေး၊ မေ့ာ်ဘီ၊ ပခန်း(စပါးကြီး(ခေါ်) အင်းမ ရဲဘော်)၊ ကျောက်ရွှေး၊ ခြံဇရာ(ခေါ်) မကြမ်းတော၊ ရတနာတိုး၊ ကျော်ဇေယျ၊ ကရင်မ စတဲ့ စပါးဈေးတွေက ဒေသတွင်းနှင့် နယ်တင်ပို့မှု အနည်းငယ်ရှိတာကြောင့် စပါးဈေးအနည်းငယ် တက်လာပါတယ်။

ပေါင်းတည်၊ နတ္တလင်းမှထွက်သော တောင်ပျံမွှေးစပါးကတော့ ခရိုင်တွင်း စီးဆင်းတာကြောင့် အရောင်းအဝယ်ဖြစ်ကာ စပါးတင်း ၁၀၀ (၄၆ ပေါင်ကိုက်)ဈေး ကျပ် ၉၃၅၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်ဈေး ကျပ် ၄၃၀၀၀၊ မေ့ာ်ဘီစပါးဈေး ကျပ် ၆၃၀၀၀၀၊ ဆန်ဈေး ကျပ် ၂၅၅၀၀၊ ကျောက်ရွှေးစပါးဈေး ကျပ် ၆၆၀၀၀၀၊ ဆန်တစ်အိတ်ဈေး ကျပ် ၂၆၅၀၀၊ ခြံဇရာစပါး ကျပ် ၆၈၅၀၀၀ နှင့်ဆန်တစ်အိတ်ဈေးမှာ ကျပ် ၂၉၀၀၀ နှင့် ရတနာတိုး၊ ကျော်ဇေယျ၊ ကရင်မ စတဲ့ စပါးဈေးကတော့ ကျပ် ၅၆၀၀၀၀ ဈေးနှင့်ဆန်တစ်အိတ်လျှင်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၃၅၀၀ ဈေးထိ ဖြစ်ပေါ်လျက်ရှိပါတယ်။ မေ့ာ်ဘီ အသွယ်နှင့် ပခန်းဆန်တို့ကို ဗန်းမော်၊ တောင်ကြီး၊ အောင်ပန်း၊ မူဆယ်မှ အဝယ်ရှိပြီး ခြံဇရာစပါးဆန်ကိုတော့မကွေး၊ အောင်လံ၊ ပခုက္ကူ စတဲ့ဒေသများသို့ တင်ပို့ရပါတယ်။ ကရင်မ၊ ကျော်ဇေယျ၊ ရတနာတိုးကိုတော့ ရန်ကုန်သို့တင်ပို့ရပြီး အင်းမရဲဘော်၊ ကျောက်ရွှေး၊ ဆင်းသွယ်ကိုတော့ ဒေသတွင်း စားသုံးမှုများတာကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်စပါးဈေး အနည်းငယ်မြင့်တက်နေပြီး စိုက်တောင်သူလက်ထဲမှာလည်း လက်ကျန်စပါးနည်းလာတာကြောင့် ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း(ပြည်)**

# စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အိန္ဒိယဒန့်သလွန်မျိုးကို စီးပွားဖြစ်စိုက်ပျိုးလာ

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း အိန္ဒိယဒန့်သလွန်မျိုးများကို မိရိုးဖလာစိုက်ပျိုးမှုမှ စီးပွားဖြစ် စိုက်ခင်းများဖြင့် တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒန့်သလွန်စိုက် တောင်သူများထံမှသိရပါသည်။

အိန္ဒိယဒန့်သလွန်မျိုးသည် အပူပိုင်းသီးနှံဖြစ်သော်လည်း တောင်ပေါ်၊ မြေပြန့်ဒေသမရွေးဖြစ်ထွန်းကာ ရာသီမရွေး စိုက်ပျိုးနိုင်သကဲ့သို့ စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် စတင်အသီးသီးပြီဖြစ်၍ ခူးဆွတ်ရောင်းချနိုင်ပြီ ဖြစ်ကြောင်း၊ ဒီနှစ်မှာဇကေများများ စိုက်ဖို့ရှိသလို ဈေးကွက်ကျယ်ပြန့်လာအောင်လည်း တခြားမြို့နယ်တွေက ကုန်သည်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ ဒန့်သလွန်စိုက်တောင်သူကြီးများထံကသိရပါသည်။ ဒန့်သလွန်ပင် စိုက်ပျိုးခြင်းကို ကိုင်းဖြတ်၍ စိုက်နိုင်ပြီး နှစ်စဉ် မိုးဦးကျချိန် ဇွန်လတွင် စိုက်နိုင်သော်လည်း အပင်ရှင်သန်စေရန် ရေလောင်းပေးရ၍ ထိုအတွက် ကုန်ကျစရိတ်ပိုများပါသည်။ အစေ့ဖြင့်တိုက်ရိုက်ချ၍ စိုက်ပျိုးခြင်းကို နွေကာလ မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးနိုင်ပြီး ခြောက်လ ခန့်အကြာတွင် စတင်အသီးသီးပြီး ထိုအပင်များကို အသက် ၈ နှစ်သားအထိထားရှိခူးဆွတ်၍ရကြောင်း သိရပါသည်။

ခြောက်လအကြာမှာ သီးတဲ့မျိုးရှိသလို တစ်နှစ်ကျော်မှ သီးတဲ့မျိုးလည်းရှိပါသည်။ ကိုင်းဖြတ်နည်းထက် အစေ့ တိုက်ရိုက်စိုက်တဲ့ အပင်က ပိုသီးပါသည်။ အပင်ဖြစ်ထွန်းဖို့ဆိုရင် မြေဩဇာကျွေးရသလို အပင်တွေကြား ပေါင်းမြက်တွေမရှိအောင်လည်းဂရုစိုက်ရပါသည်။ ဒန့်သလွန်မျိုးစေ့ တစ်စေ့ကို ၆၅ ကျပ်ပေးရပြီး လက်ရှိပြည်တွင်းဈေးကွက်အတွင်း ဒန့်သလွန် သီးတစ်တောင့်လျှင် ကျပ် ၁၀၀ ခန့်ဈေးရှိပါသည်။ ကျန်းမာရေးဓာတ်စာ အနေဖြင့် သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ဆီးချိုရောဂါတို့အတွက် အသုံးပြုကြကြောင်း သိရပါသည်။

**ခင်မြနွယ် MYANTRADE (TIR)**



# ယခုတစ်ပတ် မူဆယ်မှ ကြက်သွန်နီတင်ပို့မှု လျော့ကျ

မတ် ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာ လျှင်ကျပ် ၃၉၀ - ၄၀၀ ဝန်းကျင်သာရှိနေပြီး အနိမ့်ဈေး အနေအထားဖြင့် အရောင်းအဝယ်ဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်ထိတင်ပို့မှုမှာ ကားအစီးရေ ၈၅ စီး၊ တန်ချိန် ၂၇၃၄ ဒသမ ၅ တန်၊ မတ် ၆ ရက်မှ ၁၂ ရက်ထိ ကားစီးရေ ၄၇ စီး၊ တင်ပို့တန်ချိန် ၁၄၉၀ အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှ တရုတ်သို့ကြက်သွန်နီတင်ပို့မှု ထက်ဝက်နီးပါး လျော့နည်းခဲ့ပါသည်။ ငွေဈေးအားဖြင့် အမေရိကန်တစ် ဒေါ်လာလျှင် ၁၅၁၀ - ၁၅၁၂ ကျပ်ဝန်းကျင် ပေါက်ဈေးဖြစ်ခဲ့ပါတယ်။

မတ် ၁ ရက်မှ ၁၂ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၂၃ - ၂၂၅ ကျပ်ဈေးဖြင့် ပြောင်းလဲမှုမရှိ၍ ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၂၄၂၀၀၀-၂၄၅၀၀၀ ရရှိပြီး တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၃၉၀-၄၀၀ တရုတ်ယွမ် ၁ ဒသမ ၇ ယွမ်ဖြင့် ဆက်လက်ရှိနေကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်စာရင်းအရ သိရပါသည်။

**စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# တောင်ငူမြို့ အာလူးအရောင်းအဝယ်ပုံမှန်ရှိ

တောင်ငူမြို့ ဈေးများအတွင်းသို့ အထက်အညာဒေသများဖြစ်သည့် မြင်းခြံ၊ ပျော်ဘွယ်နှင့် ရှမ်းပြည်နယ်တို့ ဘက်မှ အာလူးများဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာ အနည်းငယ်မြင့်လျက်ရှိရာ အသေးစ ဂေါ်လီသီး တစ်ပိဿာလျှင် ကျပ် ၅၅၀ မှ ၆၀၀ အထိ၊ အလတ်စမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၂၀၀ အထိနှင့် အကြီးစမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၄၀၀ အထိ ဈေးကောင်းရလျက်ရှိသော်လည်း အရောင်းအဝယ်မှာ ပုံမှန်အနေအထားသာရှိကြောင်း တောင်ငူမြို့ရှိ အာလူးပွဲရုံအများစုထံမှ သိရှိရပါသည်။

**စိန်ကြိုင်(တောင်ငူ)**

# တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်းရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

ယခုတစ်ပတ် မတ် ၄ ရက်မှ ၁၀ ရက်အတွင်း အင်းစိန်မြို့နယ်၊ တညင်းကုန်းလက်ကားဈေးကြီးတွင် လက်ကားဈေးနှုန်းများအနေဖြင့် ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာ ကျပ် ၄၅၀ မှ ၈၀၀ အတွင်း၊ ခရမ်းချဉ်သီး(ကိုင်း) တစ်ပိဿာ ကျပ် ၄၅၀ မှ ၈၀၀ အတွင်း၊ အာလူး တစ်ပိဿာ ကျပ် ၆၀၀ မှ ၇၀၀ အတွင်း၊ ကြက်သွန်နီ(မြစ်သား) တစ်ပိဿာ ကျပ် ၉၅၀ မှ ၁၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ကျပ် ၁၅၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ် ပိဿာ ကျပ် ၁၉၀၀ မှ ၂၃၀၀ အတွင်း၊ ချင်း တစ်ပိဿာ ကျပ် ၁၅၀၀ မှ ၁၇၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥ(နီ) တစ် ပိဿာ ကျပ် ၁၂၀၀၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၆၀၀ မှ ၉၀၀ အတွင်း၊ ရွှေဖရုံသီး (တစ်လုံး) ကျပ် ၈၀၀ မှ ၁၂၀၀အတွင်း၊ ဘူးသီး(တစ်လုံး) ကျပ် ၄၀၀ မှ ၇၀၀ အတွင်း၊ ခရမ်းသီး(မီးဖုတ်ခရမ်း)(တစ်လုံး) ကျပ် ၁၀၀ မှ ၃၅၀ အတွင်း၊ သံပုရာသီး (တစ်လုံး) ကျပ် ၈၀ မှ ၁၂၀ အတွင်း၊ ဖရဲသီး(Sizeသေး)(တစ်လုံး) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(Sizeလတ်) ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်း၊ ဖရဲသီး(Size**ကြီး**) ကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း၊ မုန်လာဥ(ဖြူ) (စီး) ကျပ် ၁၈၀ မှ ၃၀၀ အတွင်း၊ ဆလပ်ရွက်(စီး) ကျပ် ၇၀ မှ ၈၀ အတွင်း၊ ကန်စွန်းရွက် (တရုတ်)(စီး) ကျပ် ၁၅၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရက်(စီး) ကျပ် ၄၀ မှ ၆၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၁၅၀ မှ ၁၇၀ အတွင်း၊ ရုံပတီသီး(တောင့်)ကျပ် ၁၁ မှ ၁၅ အတွင်း ဈေးအသီးသီးရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် တညင်းကုန်းလက်ကားဈေးကြီးတွင် ဈေးနှုန်းများအနေနှင့် ကုန်အဝင်များပါက ဈေးကျ ပြီး ကုန်အဝင်နည်းပါက ဈေးတက်ကြောင်း၊ အရွယ် ကြီး၊ သေး ပေါ်မူတည်၍လည်း ဈေးနှုန်းများကွာခြားမှုရှိ ကြောင်း သိရှိရပါတယ်။ ခရမ်း၊ သုံးခွမှ ခရမ်းချဉ်သီးရာသီချိန် ကုန်ခါနီးသောကြောင့် ရှားပါးလာ၍ ဈေးတက်နေပြီး ခရမ်းချဉ်သီး အရွယ်အစားပေါ်မူတည်၍ ဈေးကျသင့်ကြောင်း၊ မရမ်းသီး ရာသီချိန်ဖြစ်သောကြောင့် ကိုင်းခရမ်းချဉ်များ ဈေးကျ၍ ကုန်ရှားပါးပါက ပြန်လည်မြင့်တက်ကြောင်း သိရှိရပါတယ်။ ဖရဲသီးများ ဈေးကောင်းရခြင်းမှာလည်း မူဆယ်ဘက်သို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ကုန်ရှားပါး၍ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအနည်း/အများကွာခြားကြောင်း သိရှိရပါတယ်။ တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာနှင့်ကြာကန်စုကျေးရွာအတွင်းရှိတောင်သူအများစုမှ လာရောက်ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။

**ထားလှိုင်(ရန်ကုန်)**

# တရုတ်ကုမ္ပဏီ ဟွာဝေးမှ အမေရိကန်ကို တရားစွဲဆို

တရုတ်ဆက်သွယ်ရေးပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော ဟွာဝေးကုမ္ပဏီလိမိတက်သည် ၎င်း၏ ပြိုင်ဘက် အမေရိကန်အား လွန်ခဲ့သည့်ရက်က တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်၏ သတိပေးမှုဖြစ်သော ဟွာဝေးကုမ္ပဏီထုတ်ပစ္စည်းများသည် တရုတ်ထောက်လှမ်းရေး လုပ်ငန်းများကို အကူအညီပေးနေသဖြင့် ပြည်ထောင်စုအဖွဲ့အစည်းများအား ယင်းကုမ္ပဏီထုတ်ပစ္စည်းများ အသုံးပြုခြင်းမှ ပိတ်ပင်ထားမှုအား ပြန်လည်ချေဖျက်သည့်အနေဖြင့် အခြေခံဥပဒေနှင့် မကိုက်ညီသော ၂၀၁၉ ကာကွယ်ရေးဆိုင်ရာ ဥပဒေမူကြမ်းတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် ဟွာဝေးပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ဖောက်သည် တတိယအဖွဲ့အစည်းများနှင့် တွဲဖက်အလုပ်လုပ်ခြင်းအား တားမြစ်ထားမှုများအား တန်ပြန်သွားရန်အတွက် အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ် ပလန်နိုခရိုင်တရားရုံးတွင် စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအရွှေ့သည် ဟွာဝေးအနေဖြင့် အနာဂတ်တွင် မြန်နှုန်းမြင့် ဆက်သွယ်ရေးဖြစ်သော 5G ကွန်ရက်ပြိုင်ပွဲတွင် ချန်လှစ်ထားမှုအတွက် နိုင်ငံတော်တရားရုံးအပါအဝင် နည်းပေါင်းစုံကို အသုံးပြုသွားမည်ဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းကို အချက်ပြလိုက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်လွှတ်တော်အနေဖြင့် ဟွာဝေး၏ ထုတ်ကုန်များအား ကန့်သတ်ရသည့်အကြောင်းရင်းများကို ထုတ်ပြန်ပေးရန်အတွက် ကြိမ်ဖန်များစွာ ပျက်ကွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဥပဒေရေးရာလုပ်ဆောင်မှုသည် ဟွာဝေးကုမ္ပဏီအတွက် အလျော်ကန်ဆုံးနှင့် နောက်ဆုံးလုပ်ဆောင်နိုင်သည့် လုပ်ဆောင်မှုဖြစ်သည်ဟု အလှည့်ကျဥက္ကဋ္ဌ Guo Ping က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်အစိုးရအနေဖြင့် ကုမ္ပဏီနာမည်ဖျက်ရန်အတွက် နည်းလမ်းပေါင်းစုံ အသုံးပြုလျက်ရှိကြောင်း၊ မည်သည့်ရှင်းလင်းမှုမှ မပေးဘဲ ကုမ္ပဏီ Server အား ထိုးဖောက်ဝင်ရောက်ခဲ့ပြီး E-mail နှင့် လျှို့ဝှက် သင်္ကေတများကို ယူဆောင်သွားခဲ့သည်ဟု Guo က ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဟွာဝေးစတင်တည်ထောင်သူ Ren Zhengfei သည် တရုတ်တပ်မတော်အင်ဂျင်နီယာဟောင်းဖြစ်သောကြောင့် ဝါရှင်တန်အနေဖြင့် ဟွာဝေးအားဖြစ်လာနိုင်ဖွယ်ရှိသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် စိုးရိမ်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ Samsaung၊ Apple တို့နှင့်အပြိုင် ဆက်သွယ်ရေးကွန်ရက်နှင့် Smart ဖုန်း ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ထိပ်တန်းဖြစ်လာသည့်အတွက် ပိုမိုစိုးရိမ်လာကြောင်း မကြာခင်က ဘေဂျင်းမှအတည်ပြုခဲ့သည့် တရုတ်ကုမ္ပဏီများသည် နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်၍ အစိုးရကို အကူအညီပေးရမည်ဟူသော ဥပဒေကလည်း အမေရိကန်တို့၏ စိုးရိမ်မှုကို ပိုမိုတိုးပွားစေကြောင်း၊ ဟွာဝေးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော လုပ်ဆောင်မှုကြောင့် ကုမ္ပဏီ၏ နစ်နာမှုများအား မျှတမှန်ကန်စွာကြားနာပြီးနောက် စွပ်စွဲမှုများအား ပြန်လည်ချေပသွားရန် ဦးတည်ထားကြောင်းသိရှိရပါသည်။

ကုမ္ပဏီ၏ အကျိုးစီးပွားကို တရားဥပဒေနည်းလမ်းဖြင့် စောင့်ရှောက်ရန် ကြိုးပမ်းမှုဖြစ်သော တရားစွဲခြင်းသည် နားလည်ပေးနိုင်စရာရှိသည်ဟူ၍ တရုတ်နိုင်ငံခြားရေးဝန်ကြီး Lu Kang က ဘေဂျင်းတွင် ပြောကြားခဲ့ကြောင်း၊ ဟွာဝေးကုမ္ပဏီ၏ စနစ်များ၌ ဘေဂျင်းမှ အခြားနိုင်ငံများကို သူလျှိုလုပ်ရန်အတွက် ထိန်းချုပ်ထားနိုင်ပြီး ဆက်သွယ်ရေးကို ပျက်စီးစေသဖြင့် အခြားနိုင်ငံများအား ဟွာဝေးကုမ္ပဏီထုတ် 5G ကွန်ရက်ပစ္စည်းကို အသုံးမပြုရန် ဝါရှင်တန်မှသတိပေးခဲ့ကြောင်း၊ တရုတ်အစိုးရမှ ဟွာဝေးကုမ္ပဏီသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်ပြီး အစိုးရမှ ထိန်းချုပ်မထားပါကြောင်း၊ အမေရိကန်အနေဖြင့် ၎င်းအသုံးပြုသော ခေတ်မီ 5G နည်းပညာအား အခြားသောနိုင်ငံများမှ ကျော်လွှားသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ဥက္ကဋ္ဌ Guo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ခိုင်(တာချီလိတ်) Sources: Bangkok Post**

# ဗီယက်နမ်ပြည်တွင်းတွင် မော်တော်ကားထုတ်လုပ်သည့် Thaco ကုမ္ပဏီက အာဆီယံနှင့် အမေရိကန်ပြည်ထောင်စုသို့ မော်တော်ကားများတင်ပို့မည်

၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ Truong Hai Automobile Company (Thaco) က တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၀ ရှိ ပြည်တွင်းတွင်ထုတ်လုပ်သော ဘတ်စ်ကားများ၊ မော်တော်ကားများ၊ တစ်ပိုင်းတစ်စနောက်တွဲယာဉ်များအပြင် မော်တော် ကားအပိုပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံများသို့တင်ပို့ရန် စီစဉ်ထားပါကြောင်း၊ Thaco ၏ထုတ်လုပ်မှုဌာန ညွှန်ကြားရေးမှူးက စီးပွားဖက်များနှင့် ချုပ်ဆိုထားသော စာချုပ်များအပေါ်တွင် စီမံကိန်းကလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ယခုနှစ်နောက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ပြည်တွင်းတွင် ထုတ်လုပ်သော စက်အစိတ်အပိုင်းများနှင့် မော်တော်ကားအပိုပစ္စည်းများ၏ ၄၀ ရာခိုင်နှုန်းနှင့် Kia Sedonasကို တင်ပို့မည့်အချိန်တွင် ပထမအသုတ်အနေဖြင့် ဘတ်စ်ကား ၃၅၀ စီးနှင့် နောက်တွဲယာဉ် ၁၄၀၀ စီးများကို ထိုင်း၊စင်ကာပူ၊ ဖိလစ်ပိုင်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများရှိ ဝယ်ယူသူများထံသို့ ပေးပို့လိမ့်မည် ဖြစ်ပါကြောင်း အဆိုပါ ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရှိရပါတယ်။

ပြည်တွင်းရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် နှစ်တိုင်း Kia မော်တော်ကားများ စီးရေ ၅၀၀၀၀ထုတ်လုပ်ရန်အတွက် လက်ရှိကုန်သွယ်မှုဆိုင်ရာ Kia မော်တော်ကား ထုတ်လုပ်သည့်စက်ရုံကို အဆင့်မြှင့်တင်သည့်အချိန်တွင် တစ်နှစ်လျှင် ထရပ်ခ်ကားစီးရေ ၅၀၀၀၀ ထုတ်လုပ်နိုင်မှု စွမ်းရည်ဖြင့် Chu Lai-Truong Hai မော်တော်ကား စက်မှုဇုန်တွင် Thaco ကလည်း ထရပ်ခ်ကားစက်ရုံသစ်တစ်ခု တည်ဆောက်ဖို့အစီအစဉ်ရှိခဲ့ကြောင်းကိုလည်း ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရှိရပါတယ်။

ပြည်တွင်းဈေးကွက်နှင့် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် ကုန်သွယ်မှုဆိုင်ရာ မော်တော်ကား ၇၅၀၀၀ စီး၊ ထရပ်ခ်ကား၊ ဘတ်စ်ကားနှင့် နောက်တွဲယာဉ်များ ၃၅၀၀၀ စီး အပါအဝင် ၂၀၁၉ ခုနှစ်တွင် မော်တော်ယာဉ် ၁၁၀၀၀၀ စီး ထုတ်လုပ်ဖို့အတွက် Thaco က စီစဉ်ထားကြောင်းတို့အား ညွှန်ကြားရေးမှူးက ပြောကြားခဲ့ကြောင်းနှင့် Kia (South Kores), Mazda (Japan), Peugeot (France) BMW (Germany)တို့ကဲ့သို့ နိုင်ငံခြား Brand များအတွက် မော်တော်ယာဉ်များကို ဖြန့်ဖြူးရောင်းချခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို Thaco က ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ချိုချိုမာ(ရန်ကုန်)**



# ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ ရော်ဘာဈေးနှုန်း ထိန်းချုပ်ရန် ပြည်ပသို့ ရော်ဘာတင်ပို့မှု လျှော့ချမည်

ကမ္ဘာတွင် ရော်ဘာအများဆုံးထုတ်လုပ်သည့် နိုင်ငံများဖြစ်သော ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားစသည့် နိုင်ငံသုံးနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးနှုန်းကျဆင်းနေမှုကို ရပ်တန့်နိုင်ရေးအတွက် လာမည့်ဧပြီလမှစတင်၍ လေးလတာကာလအတွင်း ပြည်ပသို့ စုစုပေါင်းရော်ဘာတန်ချိန် ၂၄၀၀၀၀ လျှော့ချ၍တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှား စသည့် သုံးနိုင်ငံပါဝင်သော ITRC (International Tripartite Rubber Council) အစည်းအဝေးအပြီးလွန်ခဲ့သော ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ရော်ဘာတင်ပို့မှုကို လျှော့ချမည်ဟုထုတ်ပြန်ခဲ့ပါသည်။ သို့သော် လျှော့ချမည့်ပမာဏအတိအကျ၊ နေ့ရက်နှင့် အချိန်ကာလတို့ မပါဝင်ခဲ့ပါ။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သည် ရော်ဘာတင်ပို့မှုနှင့်စပ်လျဉ်း၍ နောက်ဆုံးအကြိမ် အသေးစိတ်ဆွေးနွေးရန်အတွက် လွန်ခဲ့သောသီတင်းပတ်က ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်တစ်ခုကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ AETS (Agreed Export Tonnage Scheme) အရလာမည့်ဧပြီလ မှစတင်၍ လေးလအတွင်း ပြည်ပသို့ရော်ဘာတင်ပို့မှုကို လျှော့ချမည်ဖြစ်ရာ ရော်ဘာတန်ချိန် ၂၄၀၀၀၀ ကို လျှော့ချတင်ပို့ရန် သုံးနိုင်ငံက သဘောတူညီခဲ့ကြပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှား စသည့် သုံးနိုင်ငံ၏သဘာဝရော်ဘာထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှုပမာဏ၏ ၇၀ ရော်ခိုင်းနှုန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာရောင်းလိုအား ပိုလျှံမှုကြောင့် ရော်ဘာဈေးနှုန်း အညွှန်းကိန်းသည် Tokyo Commodity Exchange ၌ နိုဝင်ဘာလတွင် ၂၇ လဆက်တိုက် နိမ့်ကျခဲ့ပါသည်။ တစ်ချိန်တည်းတွင် ထိုင်းရော်ဘာ (Thai RSS3) ဈေးနှုန်းသည်လည်း သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ပါသည်။

ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှား သုံးနိုင်ငံသည် ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ရရှိခဲ့သော သဘောတူညီချက်အရ သုံးလအတွင်းစုစုပေါင်းရော်ဘာတန်ချိန် ၃၅၀၀၀၀ ကို လျှော့ချတင်ပို့ခဲ့ပါသည်။ ပြည်ပသို့ ရော်ဘာလျှော့ချတင်ပို့ခြင်းအပြင် သုံးနိုင်ငံအနေဖြင့် rubberized roads စသည့် ရော်ဘာ ဖွံ့ဖြိုးရေးအစီအမံများမှတစ်ဆင့် ပြည်တွင်းရော်ဘာသုံးစွဲမှု သိသိသာသာမြှင့်တင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြောင်းသိရှိရပါသည်။

**ကျော်သူရ (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်သွယ်မှုလျာထားချက်ပြည့်မီသွားသော ပို့ကုန် သွင်းကုန်ရုံး(ကျိုင်းတုံ)

ရှမ်းပြည်နယ်အရှေ့ပိုင်း၏ မြို့တော်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်အခြေစိုက်ရာ ကျိုင်းတုံ မြို့သည် နွေရာသီမတ်လ ဒုတိယသီတင်းပတ်သို့ ရောက်ရှိလာပြီဖြစ်သော်လည်း နံက်စောစော၌ နှင်းများကျဆင်းလျက် အအေးပိုနေသလို ကုန်သွယ်မှုများလည်း ပိုမိုတိုးတက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း လက်ရှိလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ပို့ကုန် သုည ဒသမ ၂၉၁ ဒေါ်လာသန်း၊ သွင်းကုန် သုညဒသမ ၁၁၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုညဒသမ ၄၀၄ ဒေါ်လာသန်း ဆောင်ရွက်ခဲ့သဖြင့် မတ်လ၏ ကုန်သွယ်မှုလျာထားချက် သုညဒသမ ၂၀၀ ဒေါ်လာသန်းအပေါ် ၂၀၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် လမကုန်မီတွင်ပင် လျာထားချက်ပြည့်မီ ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ကျိုင်းတုံပို့ကုန်သွင်းကုန်အနေဖြင့်လည်း လက်ရှိကုန်သွယ်မှုတွင်ပို့ကုန်အသာစီးရလျက်ရှိပြီး ကုန်သွယ်မှုပမာဏဆက်လက်တိုးတက်လာစေရေးအတွက် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများ တိုးတက်တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကျော်သူဝင်း(မာတာ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ ကင်ညာ၊ ကူဝိတ်၊ ဒိန်းမတ်၊ အီဂျစ်နှင့် ဂရိ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျာမနီ၊ ဟန်ဂေရီ၊ ပြင်သစ်၊ နယ်သာလန်နှင့် ဩစတြေးလျ စသည့် နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၇၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် မတ်လ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဆားဘီးယားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ နီပေါ၊ ပါကစ္စတန်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ကူဝိတ်၊ ဒိန်းမတ်၊ အီဂျစ်၊ ဂျာမနီ၊ ဂရိ၊ အီတလီနှင့် ရုရှား စသည့်နိုင်ငံများအပါအဝင် ၇၆ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ အင်္ဂလန်၊ မက္ကဆီကို၊ ဂျမေကာနှင့် နယ်သာလန် စသည့်နိုင်ငံတို့ အပါအဝင် ၈ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၀ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၈ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၆၈ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် International Rice Market Website တွင် ဖော်ပြ ချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်း ကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၆ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီး သီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်း များနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်နှင့် ဧည့်မထ ၂၅ မှတ်ဆန်များမှာ ဈေးကျဆင်းခဲ့ပြီး ပေါင်းဆန်အမျိုးအစားဆန်မှာ ဈေးမြင့်တက်ခဲ့သည်ကို တွေ့ရှိရ ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ် ဆန် ဈေးနှုန်းများ အနည်းငယ် ဈေးတက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၅ မှတ်ဆန်သည်လည်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဧည့်မထ ၂၅ မှတ်ဆန်နှင့်အိန္ဒိယနိုင်ငံ၏ ဧည့်မထ ၂၅မှတ် ဆန်၊ ပေါင်းဆန် အမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရ ပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေ ဖြင့် အိန္ဒိယနိုင်ငံ၏ စပါးထုတ်လုပ်မှုတွင် ၂၀၁၈-၂၀၁၉ ရာသီတွင် မျှော်မှန်းအထွက်နှုန်းကို တန်ချိန် ၁၁၄ သန်းခန့်သတ်မှတ်နိုင်ခဲ့ သော်လည်း အမှန်တကယ်အထွက်နှုန်း စံချိန်တင်နိုင်မှုနှင့်အတူ အမြင့်ဆုံးတန်ချိန် ၁၁၅ ဒသမ ၆ သန်း ရှိနိုင်မည်ဖြစ်ကြောင်း၊ စုစုပေါင်းသီးနှံထုတ်လုပ်မှု တန်ချိန် ၂၈၁ ဒသမ ၃၇ သန်းရှိနိုင် ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဒုတိယ အကြိမ် သီးနှံအစီရင်ခံစာအရ သိရှိရပါသည်။

ဖိလစ်ပိုင် စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (NFA) သည် ဆန်သွင်းကုန်ခွန်ဥပဒေ စတင်သက်ရောက်မည့် မတ်လ ၅ ရက်မှစ၍ ဆန်တင်သွင်းမှုလုပ်ငန်းများအပေါ် စီမံကွပ်ကဲမှုရပ်နားသွားမည်ဖြစ်ကြောင်း၊ NFA အဖွဲ့သည် ဆန်တင်သွင်းမည့် လုပ်ငန်းများအား လိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ လိုင်စင်ကြေးများကောက်ခံခြင်း၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်းတို့အပါအဝင် ဆန်တင်သွင်းမှုဆိုင်ရာ အခြားကိစ္စရပ်များတွင် ပါဝင်တော့မည်မဟုတ်ကြောင်း NFA က အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သည်ကိုသိရှိရပါသည်။

NFA အနေဖြင့် ဥပဒေသစ်အရ အရေးပေါ်လိုအပ်ချက်အတွက် အရန်ဆန်ထားရှိရေးကိုသာ အပြည့်အဝ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မတ်လအတွင်း နွေစပါး စတင်ထွက်ရှိလာသည့်အချိန်တွင်တောင်သူများထံမှ စပါးဝယ်ယူနိုင်ရန် အဆင်သင့်ဖြစ်နေကြောင်း NFA တာဝန်ခံအရာရှိ Tomas Escarez ကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဖိလစ်ပိုင်တောင်သူများသည် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းဖြင့် ပြည်ပမှတင်သွင်းလာသော ဆန်များနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်လိမ့်မည် ဖြစ်ကြောင်း၊ ဥပဒေသစ်အရ ဆန်တင်သွင်းရာမှ ကောက်ခံရရှိသော အခွန်များကို တောင်သူများထံ ပံ့ပိုးသွားမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆန်လုပ်ငန်းသည် ယခုနှစ်နှင့် လာမည့်နှစ်များတွင် ရန်ပုံငွေအများအပြား လက်ခံရရှိနိုင်မည်ဟု စိုက်ပျိုးရေးအတွင်းဝန်က ပြောကြားခဲ့ပါသည်။

တောင်သူအဖွဲ့များကမူ ဆန်တင်သွင်းမှုပမာဏ ကန့်သတ်ချက်အား ဖယ်ရှားခဲ့သည်ကို ဆန့်ကျင်ကြပြီး ပြည်တွင်းဈေးကွက်သို့ ဈေးချိုသည့်ဆန်များ ရောက်ရှိလာလျှင် ပြည်တွင်းဆန် လုပ်ငန်းပျက်စီးမည်ကို စိုးရိမ်နေကြကြောင်း၊ ဖိလစ်ပိုင်သမ္မတအနေဖြင့် ဥပဒေကိုပြန်လည်သုံးသပ်ပြီး သွင်းကုန်လုပ်ငန်းရှင်များအတွက်သာမကြည့်ဘဲ တောင်သူများနှင့် စားသုံးသူများအားလုံးကို အကျိုးရှိစေမည့်ဥပဒေကို ပြဋ္ဌာန်းသင့်ပါကြောင်း ဖိလစ်ပိုင်ဆန်တောင်သူများအသင်းက ထုတ်ပြန်ခဲ့သည်ကိုလည်း သိရှိရပါသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် နှစ်စဉ်ပြည်ပမှ ဆန်တန်ချိန် နှစ်သန်းခန့်တင်သွင်းနေရသော အင်ဒိုနီးရှားနိုင်ငံသို့ အစိုးရအချင်းချင်း သဘောတူညီမှုဖြင့် ဆန်ရောင်းချရန် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)က ကမ်းလှမ်းထားသည်ကို သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဆန်ကို အဓိကဝယ်ယူတင်သွင်းနေသောနိုင်ငံဖြစ်ပြီး ဆန်တင်သွင်းရန် တင်ဒါခေါ်ယူပါက မြန်မာနိုင်ငံကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးမည်ဟု သံရုံးက အကြောင်းပြန်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

တင်ဒါခေါ်ယူသည့်အခါ ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တွက်ခြေကိုက်မှသာ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်း Exporter ကုမ္ပဏီများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်ရောင်းမည်ဆိုပါက ကမ္ဘာ့ဆန်ပေါက်ဈေးနှုန်းအတိုင်း အရောင်းအဝယ် ပြုလုပ်ရမည်ဖြစ်ပြီး အဓိကအားဖြင့် ကုန်ပစ္စည်းထုတ်လုပ်ပြီးသည့်အခါ ဈေးကွက်ရှာဖွေရာ၌ အလွန်အခက် အခဲရှိသဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းရှင်များမှ အသက်သာဆုံးနှုန်းထားနှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့မှုပမာဏသည် ၂၀၁၈ ဧပြီလ မှ ၂၀၁၉ ဖေဖော်ဝါရီလအထိ တန်ချိန် ၂ ဒသမ ၂ သန်းကျော်ရှိပြီး အဆိုပါပမာဏသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် တန်ချိန် တစ်သန်းခန့်လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

တရုတ်နိုင်ငံနယ်စပ်မှလည်း ဆန်တင်သွင်းမှုကို တင်းကျပ်ထားခြင်းကြောင့် ပြည်ပဆန်တင်ပို့မှုမှာ လျော့နည်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရချင်းသဘောတူညီမှုဖြင့် ဆန်ရောင်းချရေး အစီအစဉ်ကို ညှိနှိုင်းအကောင်အထည်ဖော် ပေးရန် ကုန်သည်များက လိုလားနေကြပြီး အစိုးရအချင်းချင်း သဘောတူညီမှုဖြင့် ဈေးကွက်အသစ်များ တိုးချဲ့တင်ပို့နိုင်ရန် ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က ကြိုးပမ်းနေသည်ကို သိရှိရပါသည်။ တရုတ်နိုင်ငံသို့ အစိုးရအချင်းချင်း သဘောတူညီမှုဖြင့် ဆန်တန်ချိန် လေးသိန်းခန့်တင်ပို့နိုင်ရေး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဆောင်ရွက်နေပြီး ယင်းသို့ဆန်ရောင်းချရေးအစီအစဉ်များတွင် ပြည်ပသို့ဆန်တင်ပို့နေသူအားလုံး ပါဝင်နိုင်ရေးကိုလည်း ပြင်ဆင်ထားသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မတ်လလယ်မှစပြီး နွေစပါးအသစ်များ ဈေးကွက်အတွင်းသို့ ဝင်လာနိုင်မည်ဖြစ်ကြောင်း ဆန်ကုန်သည်များက ခန့်မှန်းထားပြီး ပြည်ပတင်ပို့မှု ပုံမှန်အခြေအနေရှိချိန်တွင် ဈေးကွက်အတွင်း ဆန်အသစ်များ ထပ်မံဝင်ရောက်လာမည်ဆိုပါက ပြည်တွင်းဆန်ဈေးကျဆင်းမည်ကို ၎င်းတို့ကစိုးရိမ်နေကြောင်း၊

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်ကာပူ | လီတာ | ၁.၅၃ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၄ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာသည ဒသမ ၅၀ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီ ဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၄ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၅ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၈ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံ

## ကြယ်စင်(တန့်ဆည်မြေ)

စိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၈.၃.၂၀၁၉ | စည် | ၅၆.၆၆ |
| ၂ | ၁၁.၃.၂၀၁၉ | စည် | ၅၆.၇၉ |
| ၃ | ၁၂.၃.၂၀၁၉ | စည် | ၅၆.၈၇ |
| ၄ | ၁၃.၂.၂၀၁၉ | စည် | ၅၈.၂၆ |
| ၅ | ၁၄.၃.၂၀၁၉ | စည် | ၅၈.၆၁ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှု များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

မန္တလေးရွှေဈေးကွက်အတွင်း မတ် ၇ ရက်တွင်အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၅၁၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၈၆ ဒေါ်လာသို့ ကျဆင်းလာခဲ့ရာမှ ယခုတစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ပြီး မတ် ၁၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၉၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀၆၁၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်မှ သိရှိရသည်။

၂၀၁၉ ခုနှစ်၊ မတ် ၁ ရက်မှ မတ်၁၄ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၃.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၁၀ |
| ၂ | ၂.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၃ | ၃.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၄ | ၄.၃.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၈ |
| ၅ | ၅.၃.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၈၈ |
| ၆ | ၆.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၈၆ |
| ၇ | ၇.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၈ | ၈.၃.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၉၅ |
| ၉ | ၉.၃.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၂၉၈ |
| ၁၀ | ၁၀.၃.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၁ | ၁၁.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၆ |
| ၁၂ | ၁၂.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၇ |
| ၁၃ | ၁၄.၃.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၂၉၉ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 6.94 %၊ Year on Year Inflation 6.14 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ ဆက်တိုက်ကျဆင်းခဲ့သော အမေရိကန်ဒေါ်လာဈေးနှုန်းများသည် ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းအရ

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သော နိုင်ငံများမှာ International Sugar Organization ISO website တွင် ဖော်ပြချက် စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံ တို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ် သည့် တရုတ်နိုင်ငံသည် သကြား အများဆုံးလိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ် မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့်နိုင်ငံများစာရင်းတွင် လေးနိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျှမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင်ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန် ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက် များအရ သကြားဖြူ (White Sugar )တစ်တန်လျှင် ၁-၃-၂၀၁၉ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၃-၃-၂၀၁၉ ရက်တွင်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 13-Mar-19 | 12.60 cts/lb | 12.81 cts/lb | 342.50 $/T | 15.54 cts/lb |
| 12-Mar-19 | 12.59 cts/lb | 12.87 cts/lb | 343.40 $/T | 15.58 cts/lb |
| 11-Mar-19 | 12.55 cts/lb | 12.91 cts/lb | 343.15 $/T | 15.57 cts/lb |
| 8-Mar-19 | 12.43 cts/lb | 12.96 cts/lb | 340.65 $/T | 15.45 cts/lb |
| 7-Mar-19 | 12.42 cts/lb | 13.00 cts/lb | 339.30 $/T | 15.39 cts/lb |
| 6-Mar-19 | 12.43 cts/lb | 13.01 cts/lb | 340.60 $/T | 15.45 cts/lb |
| 5-Mar-19 | 12.69 cts/lb | 13.03 cts/lb | 345.70 $/T | 15.68 cts/lb |
| 4-Mar-19 | 12.64 cts/lb | 13.03 cts/lb | 344.50 $/T | 15.63 cts/lb |
| 1-Mar-19 | 12.92 cts/lb | 13.03 cts/lb | 348.05 $/T | 15.79 cts/lb |




Source: www.isosugar.org

သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၂ ဒသမ ၅၀ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

ပြည်တွင်း သကြားဈေးကွက်တွင် မတ်လပထမပတ်အတွင်း သကြားတစ်ပိဿာ ဈေးနှုန်းအဖြစ် ပေါင်းသကြား ၉၁၅-၉၄၅ ကျပ်၊ တင်လဲရည် ၂၈၀ ကျပ်၊ ပွက်ရည် ၅၆၀-၅၇၀ ကျပ်၊ ခါသကြား ၆၅၀-၆၆၀ ကျပ်နှင့် ခါစက်ကျရည် ၃၆၀-၃၇၀ ကျပ်ရှိကြောင်း ယခုအခါ သကြားချက်လုပ်ရာတွင် အသုံးပြုသော ပွက်ရည်မှာ ထုတ်လုပ်မှု ကုန်ကျစရိတ်ပင် မရသည့် အခြေအနေကြောင့် ကုန်သည်များမှ ရောင်းချခြင်းမပြုသဖြင့် အိတ်ရေတော်တော်များများ ကျန်ရှိနေကြောင်း သိရှိရပါသည်။

ပွက်ရည်တစ်ပိဿာလျှင်ယခင်က ကျပ် ၈၀၀ ခန့် ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါတွင် ကျပ် ၅၈၀ သာရရှိသဖြင့် အလုပ်သမားစရိတ်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကြောင့် ရောင်းချရာတွင် မည်သို့မျှအဆင်မပြေကြောင်း၊ မန္တလေးဈေးကွက်ထဲတွင် ယခင်နှစ် လက်ကျန် ပွက်ရည်များပင် ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။ ပြည်တွင်းတွင် Re-Export စနစ်ဖြင့် တင်သွင်းထားသော သကြားလက်ကျန် အရေအတွက်များနေခြင်းနှင့် သကြားဈေးကွက်မကောင်းခြင်းကြောင့် ပြည်တွင်းရှိသကြားစက်များကလည်း ထုတ်လုပ်ရန်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

သိသိသာသာ ဝယ်ယူမှုမရှိသဖြင့် တောင်သူများလက်ထဲတွင် ကြံများကျန်ရှိနေသကဲ့သို့ ပွက်ရည်ဖြင့် သကြား၊ ထန်းလျက် ပြုလုပ်ရန်အတွက် ဝယ်ယူမှုမှာ မရှိသလောက် နည်းပါးနေခြင်းကြောင့် ပွက်ရည်များ သောင်တင်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ပွက်ရည်မှ သကြားထုတ်လုပ်ပြီးနောက် ထွက်ရှိလာသော တင်လဲရည်ကိုလည်း ယခင်က အရက်ချက်စက်ရုံများက ဝယ်ယူကြသော်လည်း ယခုအခါဝယ်ယူမှုကို ရပ်ဆိုင်းထားသဖြင့် အသေးစား သကြားစက်အများစုမှာ အဆင်မပြေကြကြောင်း၊ တစ်နိုင်တစ်ပိုင် သကြားစက် လုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ သကြံန်ကာလတွင် ယခင်နှစ်များက သကြားဈေးနှုန်း မြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင် သကြားဈေးမှာ ဆက်လက်ကျဆင်းနိုင်မည့် အခြေအနေတွင်ရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့် သကာရည် လုပ်ငန်းရှင်များ ကထိန်တော်အသင်း (မန္တလေး) မှ သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၀၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၄၅၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၃၉၄-၄၁၂၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၃၀-၅၇၇ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်နိုင်ငံများတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဘက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၆ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ် တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၈၀၃ ပေါက်ဈေးရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၅၇ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၁ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက် ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ခုနှစ် မတ် ၁၄ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၂၂ ရာခိုင်နှုန်း မြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လဒုတိယပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မတ် ၈ | မတ် ၁၁ | မတ် ၁၂ | မတ် ၁၃ | မတ် ၁၄ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

မတ်လ ၇ ရက်နေ့တွင် ၁၅၁၈ ဒသမ ၄ ကျပ် ဖြစ်ခဲ့ရာမှ မတ်လဒုတိယပတ်တွင် ပြန်လည်မြင့်တက်လာခဲ့သည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မတ်လ ၈ ရက် နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ်၊ မတ်လ ၁၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ဒသမ ၅၀ ကျပ်၊ မတ်လ ၁၂ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ဒသမ ၉၀ ကျပ်၊ မတ်လ ၁၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ဒသမ ၅၀ ကျပ်၊ မတ်လ ၁၄ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၂၉ ဒသမ ၁၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး မတ်လပထမပတ် ထက်တစ်ဒေါ်လာလျှင် ၁၁ ကျပ်ခန့် ပြန်လည်မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။

ပြင်ပဒေါ်လာဈေးကွက်တွင် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်ပေါ်နေပြီး မတ်လ ၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ်၊ မတ်လ ၁၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ မတ်လ ၁၂ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ မတ်လ ၁၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ်၊ မတ်လ ၁၄ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၁၄ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၈-၃-၁၉ | ၁၁-၃-၁၉ | ၁၂-၃-၁၉ | ၁၃-၃-၁၉ | ၁၄-၃-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၁၉.၀ | ၁၅၁၉.၅ | ၁၅၁၉.၉ | ၁၅၂၁.၅ | ၁၅၂၉.၁ | ၀.၆၆ | ↑ |
| ၂ | Thai Baht | THB | ၃၁.၈၀၀ | ၃၁.၇၃၀ | ၃၁.၇၃၉ | ၃၁.၆၁၀ | ၃၁.၇၂၀ | -၀.၂၅ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၆၀ | ၁.၃၅၉ | ၁.၃၅၉ | ၁.၃၅၆ | ၁.၃၅၅ | -၀.၃၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၀၉၁ | ၄.၀၉၀ | ၄.၀၉၁ | ၄.၀၈၉ | ၄.၀၈၈ | -၀.၀၇ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၁၀ | ၁၄၂၉၀ | ၁၄၂၉၄ | ၁၄၂၆၅ | ၁၄၂၆၇ | -၀.၃၀ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၂၂ | ၆.၇၂၄ | ၆.၇၂၆ | ၆.၇၁၁ | ၆.၇၁၇ | -၀.၀၇ | ↓ |
| ၇ | Indian Rupee | INR | ၆၉.၈၈၇ | ၆၉.၉၃၀ | ၆၉.၉၅၈ | ၆၉.၅၄၅ | ၆၉.၅၄၉ | -၀.၄၈ | ↓ |
| ၈ | Japanese Yen | JPY | ၁၁၁.၀၃၀ | ၁၁၁.၂၂၉ | ၁၁၁.၂၅၈ | ၁၁၁.၃၃၅ | ၁၁၁.၆၈၇ | ၀.၅၉ | ↑ |
| ၉ | Austrialia Dollar | AUD | ၁.၄၂၅ | ၁.၄၁၉ | ၁.၄၁၉ | ၁.၄၁၆ | ၁.၄၁၅ | -၀.၇၀ | ↓ |
| ၁၀ | Euro | EUR | ၀.၈၉၂ | ၀.၈၈၉ | ၀.၈၈၉ | ၀.၈၈၅ | ၀.၈၈၃ | -၁.၀၁ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၄ | ၀.၇၆၉ | ၀.၇၆၉ | ၀.၇၆၀ | ၀.၇၅၀ | -၁.၇၀ | ↓ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ်လ ၈ ရက်နေ့တွင် တစ်ဒေါ်လာ ၁၅၁၉ ကျပ်ရှိခဲ့ရာမှ မတ်လ ၁၄ ရက်နေ့တွင် ၁၅၂၉ ဒသမ ၁ ကျပ်သို့ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်း သုည ဒသမ ၆၆ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းငွေဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ပြည်တွင်း ဒေါ်လာနှင့်ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ် စောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေး ပုံစံကို ပိုမိုကောင်းမွန်ခိုင်မာအောင် တည်ဆောက်နိုင်စေရန် အတွက် အမြော်အမြင်ကြီးမားစွာဖြင့် ထိန်းကျောင်းဆောင်ရွက်နိုင်ရန်၊ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲ များ၏အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် လျှော့ချနိုင်ရေး ကြိုတင်မျှော်မှန်း၍ စီမံဆောင်ရွက်ထားသင့်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# ကသာခရိုင်၊အင်းတော်မြို့နယ် တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးလုပ်ငန်းက ဒေသတွင်း ငါးလိုအပ်ချက် ဖြည့်ဆည်းလျက်ရှိ

အင်းတော်မြို့ရဲ့ ငါးလိုအပ်ချက် ၅၀ရာခိုင်နှုန်းကို ရွှေဘို၊ မန္တလေးမြို့ကြီးများမှ မှာယူဖြည့်တင်းနေရပြီး လစဉ် အင်းတော်မြို့သို့ မီးရထားလမ်းမှ ငါးမျိုးစုံပိဿာ ၁၅၀၀၀ မှ ၂၀၀၀၀ ကြား၊ ကားလမ်းမှ ပိဿာ ၅၀၀၀ မှ ၁၀၀၀၀ ကြားဝင်ရောက်မှုရှိကြောင်း နဲ့ ဗန်းမောက်မြို့နယ်သို့လည်းတစ်ဆင့် တင်ပို့ရောင်းချကြကြောင်း ကုန်တင် ကုန်ချ အလုပ် သမားခေါင်းဆောင် ဦးသိန်းလွင်ထံကသိရပါတယ်။

နေ့စဉ်ဖြေရှင်းနေရတဲ့ ဝမ်းရေးပြဿနာ၊ အခြေခံစားကုန်ငါးလိုအပ်ချက် ဖြေရှင်းနိုင်ဖို့ တစ်ပိုင်တစ်နိုင် ငါးမွေးကန်များတူးဖော်လာကြပါတယ်။ ငါးမွေးမြူရေးကန် ၃ဧက ပိုင်တဲ့ စက်တောကုန်းကျေးရွာမှ ဦးစိန်လွင်က "ကျွန်တော့်ယာခင်းကို လယ်ယာမြေခြားနည်းသုံးလျှောက်ပြီး ငါးမွေးကန်တူးခဲ့တာပါ။ မြက်စားငါးကြင်း၊ ငါးခုံးမ၊ ငါးကြင်းရွှေဝါ မွေးပါတယ်။ ကြီးထွားမှုနှုန်းက ၃ ကောင်ကို တစ်ပိဿာရှိပါတယ်။ ၁ ဧကကို ငါးပိဿာ ၂၅၀၀ ရပြီးတစ်ပိဿာကို ၃၀၀၀ ကျပ်ဈေးနဲ့အင်းတော်မြို့ဈေးကိုရောင်းရတယ်။ ၇၅ သိန်းရတယ်ဆိုပေမယ့်ရင်းနှီးမှုက ၁၅ သိန်းလောက်ရှိတော့ သိန်း ၆၀ အသားတင်ကျန်တယ်။ ဒီရွာမှာ ငါးမွေးတဲ့သူ ၅၀ ဦး အထိရှိတယ်။ အနီးအနားကျေးရွာများက ငါးလိုချင်ရင် မြို့အထိ သွားဝယ်စရာမလိုဘဲ၊ ကန်မှာလာဝယ်ကြတဲ့အတွက် အဆင်ပြေတယ်။ အခုဆိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက အသင်းအဖွဲ့များ ဖွဲ့စည်းပေးတယ်။ ချေးငွေအရင်းနှီးရအောင်ကူညီပေးနေတယ်"လို့ ပြောပါတယ်။

ကျေးလက်နေပြည်သူများ သာရေး၊ နာရေး၊ ဘာသာရေးပွဲတို့အတွက် ငါးကို မြို့ပေါ်တက်ဝယ်ကြရပါတယ်။ ၂၀၁၈ ခုနှစ်နောက်ပိုင်းကျေးရွာတွေမှာ တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများသက်ဆိုင်ရာဌာနမှာ ခွင့်ပြုချက်တောင်းခံပြီး မွေးမြူလုပ်ကိုင်လာတဲ့အတွက် ဒေသတွင်း အလုပ်အကိုင်ရသလို ငါးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရပါတယ်။ **ကြည်နိုင်ဦး(အင်းတော်)**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်တွင်းစက်သုံးဆီဈေးမှာ နှစ်ပတ်အတွင်း တစ်လီတာ လျှင် ကျပ် ၃၀ ( တစ်ဂါလန် ၁၃၅ ကျပ်) ခန့်မြင့်တက်လာပြီး ဈေးဆက်တက်နိုင်သေးကြောင်း စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်အချို့ထံမှ သိရှိရပါသည်။ စက်သုံးဆီဈေးသည် ဖေဖော်ဝါရီလလယ်ပိုင်းမှစ၍ မတ်လ ဒုတိယပတ်အထိ ဆက်တိုက်မြင့်တက်နေသည်ကို တွေ့ရှိရပြီး ဈေးကွက်အခြေအနေအရ ဆက်တက်နိုင်မည့် အခြေအနေရှိနေပြီး ကမ္ဘာ့ စက်သုံးဆီဈေးတက်နေခြင်းနှင့် ခရီးသွားရာသီရောက်ချိန်ဖြစ်၍ စက်သုံးဆီဈေး တက်လေ့ရှိသည့် အစဉ်အလာရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။ သင်္ကြန်ကာလပြီးလျှင်စက်သုံးဆီဈေးနှုန်း ပြန်ကျနိုင်ခြေရှိကြောင်း၊ မတ်လ ၁၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၁၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၉၆၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင်ကျပ် ၇၇၀၊ အောက် တိန်း- 95 တစ်လီတာလျှင်ကျပ် ၈၆၀ရှိခဲ့ကြောင်း လေ့လာသိရှိရ ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း တို့ အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံတို့တွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းအောက် အသီးသီး ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများ ဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံများ၏ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | မတ် ၈ | မတ် ၁၁ | မတ် ၁၂ | မတ် ၁၃ | မတ် ၁၄ | မတ် ၈ | မတ် ၁၁ | မတ် ၁၂ | မတ် ၁၃ | မတ် ၁၄ |
| ၁ | မြစ်ကြီးနား | ၃၈၃၄ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၄၄၄၂ | ၄၄၈၂ | ၄၄၈၂ | ၄၄၈၂ | ၄၄၈၂ |
| ၂ | လားရှိုး | ၃၇၅၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၃ | ကျိုင်းတုံ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ |
| ၄ | တောင်ကြီး | ၃၇၅၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၄၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၆ | ဘားအံ | ၃၅၃၃ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၆၈ | ၄၃၆၅ | ၄၄၃၃ | ၄၄၃၃ | ၄၄၃၃ | ၄၄၇၈ |
| ၇ | မော်လမြိုင် | ၃၉၃၇ | ၄၀၂၇ | ၄၀၂၇ | ၄၀၂၇ | ၄၀၅၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၇၇ | ၄၄၇၇ |
| ၈ | ထားဝယ် | ၃၇၈၀ | ၃၇၈၀ | ၃၉၁၅ | ၃၉၁၅ | ၃၉၁၅ | ၄၂၇၅ | ၄၂၇၅ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၉ | မြိတ် | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၂၈ | ၄၂၂၈ | ၄၂၂၈ | ၄၂၂၈ | ၄၂၂၈ |
| ၁၁ | ပုသိမ် | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၈၀ | ၄၂၈၀ | ၄၂၈၀ | ၄၂၈၀ | ၄၃၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၁၄ | မုံရွာ | ၃၄၅၀ | ၃၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၅ | မန္တလေး | ၃၉၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၆ | ပခုက္ကူ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ |
| ၁၇ | မကွေး | ၃၅၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၇၀၀ | ၄၄၅၀ | ၄၅၂၀ | ၄၅၂၅ | ၄၅၂၅ | ၄၅၇၀ |
| ၁၈ | ပြည် | ၃၆၄၅ | ၃၆၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၅၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၅၀၀ |
| ၁၉ | ပဲခူး | ၃၄၃၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၂၃၀ | ၄၂၅၅ | ၄၂၅၅ | ၄၂၅၅ | ၄၂၅၅ |
| ၂၀ | ပျဉ်းမနား | ၃၆၄၅ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၂၁ | နေပြည်တော် | ၃၆၄၅ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၃၆၉၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပြည်တွင်းထုတ်လုပ်မှု စရိတ်ကြီးမြင့်၍ ပြည်ပဈေးကွက်များသို့ ဆန်စပါးများကို လွယ်ကူစွာ တင်ပို့နိုင်ခြင်းမရှိပါက ပြည်တွင်းစားသုံးမှုပိုလျှံ၍ ဆန်ဈေးနှုန်းကျဆင်းခြင်းကြောင့် တောင်သူများအတွက်ဝင်ငွေနည်းပါးနိုင်ပြီး ဆုံးရှုံးနစ်နာမှုများဖြစ်မည်ကို စိုးရိမ်ကြောင်း ဆန်ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၃၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ ယူအေအီး သုည ဒသမ ၉၀၀ သန်း၊ အမေရိကန် သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်လ ၈ ရက်မှ ၁၄ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၈.၃.၂၀၁၉ | ၁၁.၃.၂၀၁၉ | ၁၂.၃.၂၀၁၉ | ၁၃.၃.၂၀၁၉ | ၁၄.၃.၂၀၁၉ |
| ၁ | ဇီယာ | ၅ | ၂၂၀၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ |
| ၂ | ဇီယာ | ၁၀ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |
| ၃ | ဇီယာ | ၂၅ | ၁၉၄၀၀ | ၁၉၃၀၀ | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၄၀၀ |
| ၄ | ဇီယာ | ၃၅ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၁၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၉၃၀၀ | ၁၉၄၀၀ | ၁၉၄၀၀ | ၁၉၄၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက လွိုင်ကော်မြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန် (ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၈.၃.၂၀၁၉ | ၁၁.၃.၂၀၁၉ | ၁၂.၃.၂၀၁၉ | ၁၃.၃.၂၀၁၉ | ၁၄.၃.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၀၀ | ၁၀၀၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၁ | နေပြည်တော် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ်လ ဒုတိယပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

Vol: 19, No.11 Monday March 18 2019

# EkdaAwmf tqifajymif;&SifaA tmuwfvGi

## t½Rf;D0k&muf vmaomuav;tvkyform;av;rsm;




[ ကြည်သာသစ်နိုင် ]

နေ့စဉ်နေ့စဉ် လူအများလှုပ်ရှားသွားလာရင်း ကလေးအချို့ အလုပ်ခွင်ဝင်နေကြသည်ကို၊ ဝန်ဆောင်မှု လုပ်ငန်းများတွင်ဝန်ဆောင်မှုပေးနေကြသည်ကို၊ တောင်းရမ်းစားသောက်နေကြသည်ကို မြင်တွေ့နေရလေ့ရှိပါသည်။ ကျွန်မအပါအဝင် လူအများစုသည်လည်း အဆိုပါဝန်ဆောင်မှုအချို့ကို လက်ခံခဲ့ဖူးကြသည်လည်း ရှိမည်ထင်ပါသည်။ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးနေသောကလေးများကို ကြည့်ရင်း၊ ထမင်းဆိုင်တွင် အလုပ်လုပ်နေ သော ကလေးများကိုကြည့်ရင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ကလေးအချို့ကို ငေးရင်းဖြင့် အဆိုပါကလေးများသည် ကလေးအလုပ်သမားများပါလား၊ အလုပ်သမားအခွင့်အရေးကို အပြည့်အဝ ရရှိကြပါရဲ့လား၊ ခိုင်မာသော ကာကွယ်ပေးမှုများရော ရှိကြပါရဲ့လားလို့မတွေးမိဘဲ မြင်ရိုးမြင်စရှိသည့်မြင်ကွင်းအဖြစ်ဖြင့်သာ ကျော်ဖြတ်ခဲ့သည်မှာလည်း အကြိမ်ကြိမ်အခါခါပါ။ အချို့ကလေးများက ပြောသည်။ သူတို့၏ လုပ်အားခလေးများသည် မိသားစု၏ထမင်းလည်းဖြစ်သည်၊ ဟင်းလည်းဖြစ်သည်၊ တစ်နေ့လုပ်မှ တစ်နေ့စားဖို့စီစဉ်ရသည့် မိသားစုလေးများအတွက် သူတို့လေးတို့သည် အင်အားတစ်ခုဖြစ်နေသဖြင့် သူတို့ကိုယ်တိုင် အလုပ်လုပ် ချင်ကြသည်။ ရန်ကုန်တွင်အများဆုံး မြင်တွေ့နေရသည့် ကလေးအလုပ်သမားလေးများမှာ မနက်မှ ညနက်နက်အထိ ကားလမ်းမထက်တွင် ပန်းရောင်းနေကြသည့် ကလေးလေးများပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါကလေး သူငယ်အလုပ်သမားလေးများစွာကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးကို နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်ကို လူအများသတိပြုမိနိုင်ရေး တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းဖော်ပြ လိုပါသည်။

ကလေးအလုပ်သမားဆိုင်ရာ အရေးသည် နှစ်ပေါင်းများစွာ နိုင်ငံအသီးသီးမှ ဖြေရှင်းနေရပြီး ဖြေရှင်းနေရဆဲကိစ္စပင်ဖြစ်သည်။ ကလေးသူငယ်အလုပ်သမားဆိုသည်မှာ တရားဝင်အလုပ်လုပ်ကိုင်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်အောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးများကိုသော် လည်းကောင်း၊ အသက်အရွယ်အရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသော်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပညာသင်ကြားရေးကို ထိခိုက်စေသည့် အလုပ်တွင် လုပ်ကိုင်နေရသည့် ကလေးများဟု သတ်မှတ်ကြောင်းအပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွင့်ဆိုချက်တွင်ပါရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုဖြစ်သော ၅၃ သန်းကျော်သော ပြည်သူများမှီတင်းနေထိုင်သည့် မိမိတို့အမိမြေတွင် အသက်(၁၈)နှစ်အောက် လူဦးရေ ၃၃ ဒသမ ၈၃ ရာခိုင်နှုန်းရှိကာ ကလေးဦးရေ များပြားသည့်နိုင်ငံတစ်ခုဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကလေးငယ်များနှင့် လူငယ်များ ကို စီးပွားရေးအရ အမြတ်ထုတ်ခံရခြင်း၊ အချိန်မတိုင်မီ ကျောင်းထွက်ရခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်း စသည်တို့မှ ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှု မြှင့်တင်ပေးခြင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ လူငယ်များ အလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းသည့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကို အရေးကြီးသည့် မူဝါဒရေးရာနှင့် လူမှုစီးပွားရေးဦးစားပေးမှုများ (Socio- Economic Priorities)များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ၏ ကျေးလက်နေပြည်သူများသည် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ၎င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာဝန်ဆောင်မှု၊ ပညာသင်ကြားခွင့်ဆိုင်ရာ အခွင့်အလမ်းများကို အကန့်အသတ်သာရရှိနေပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များကျရောက်မှုနှင့် အချို့သော ပြည်တွင်း ပဋိပက္ခများကြောင့် အထွေထွေဆင်းရဲနွမ်းပါးမှုနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရမှုတို့ကို တွေ့ကြုံနေရသည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးချင်းသော်လည်းကောင်း၊ မိသားတစ်စုချင်းသော်လည်းကောင်း စီးပွားရေးလူမှုရေးဆိုင်ရာ အကြပ် အတည်းများ၏ နောက်ဆက်တွဲအဖြစ် ကလေးများကို အလုပ်ခိုင်းစေခြင်းများဖြစ်လာကာ ယင်းကိစ္စသည် ကလေးအလုပ်သမားများ ဖြစ်ပေါ်လာရခြင်း၏ ရင်းမြစ်များထဲမှ တစ်ခုဟုဆိုရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကလေးသူငယ်များ ကျွန်ပြုခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ မတရားခိုင်းစေမှုခံရခြင်း၊ စီးပွားရေးအရ အမြတ်ထုတ်ခံရခြင်းနှင့် တရားမဝင်လုပ်ငန်းများတွင် ခိုင်းစေခံရခြင်းများမှ တားဆီးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဥပဒေအရ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်ခွင့်ရက်နှင့်

**စာမျက်နှာ ၂၇ သို့**









ထီရိရတနာလက်လီလက္ကားဈေးဝင်း၊ အဆောင်(G)အခန်း(၁၀)၊ Two Way Road အောင်ဓမ်လာအဝေးပြေးဝင်းအနီး
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၅၀၃၉၅၇၅၊ ၀၉-၉၆၀၅၀၀၇၉၉၊ ၀၉-၇၈၀၅၀၀၇၉၉

## Asia Myanmar Fish Industrial Co., Ltd

ဓါတုဗေဒကုန်ကြမ်းနှင့်ပရဆေးကုန်ကြမ်းပစ္စည်းရောင်းဝယ်ရေး

### Chemical Available For;




### ပရဆေးကုန်ကြမ်းများ




Add : 253/285, Room No.G-012, KoneZayDan Street,
Pabadan Township, Yangon, Myanmar.
Tel : 01246421, +95 09786581751, 09454022431,
Res : 01202190, HP : 09791958278
E-mail : asiamyanmar.net@gmail.com

## LEONIS LINE CO.,LTD

Seafarer Recruitment & Placement Services






Add : No.(9), 5th Floor, Sanchaung Street,
Sanchaung Township, Yangon, Myanmar.
Tel : 959-254891818
Email : leonis.line.shipping@gmail.com

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ဒုတိယအကြိမ်ဖိုရမ်နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ အကောင်အထည်ဖော်မည့် အစီအစဉ်များ

|မောင်လွင်ပြင်|

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ၂၀၁၉ ခုနှစ် ဧပြီလ၌ ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပမည်ဖြစ်၏။ ယင်းဒုတိယ အကြိမ် ဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မည်ဖြစ်သည်။ တက်ရောက်စဉ် တရုတ်နိုင်ငံခေါင်းဆောင် များနှင့်ရပ်ဝန်းနှင့်ပိုး လမ်းမစီမံကိန်းဆိုင်ရာ တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများအတွက် သဘောတူညီစာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ယင်းစာချုပ်ကိစ္စများအတွက် မြန်မာဘက်က ဖေဖော်ဝါရီလကတည်းက ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (One Belt One Road) ဟုကမ္ဘာသိကျော်ကြားသော လုပ်ငန်းနှင့် ပိုးလမ်းမစီမံကိန်းကြီးတွင် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative -BRI) အကောင်အထည်ဖော် ဆောင်ရွက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းထား၏။ ကော်မတီဥက္ကဋ္ဌမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ယင်းဦးဆောင်ကော်မတီ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်က နေပြည်တော် နိုင်ငံခြား ရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။ ယင်းအစည်းအဝေးသည် ဧပြီလတွင်ကျင်းပမည့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ရေးပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ ယင်းအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံက အကောင်အထည် ဖော် မည့် ရပ်ဝန်းနှင့် ပိုး လမ်းမစီမံကိန်းများဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် မျှမျှတတဖြစ်အောင် မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဟုဆိုခဲ့သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်ပါဝင်ပတ်သက်လျက်ရှိပြီး အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေးသာမက ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မည့် ကျယ်ပြန့်သောအစီအစဉ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိနေသည့်အတွက် ပါဝင်ဆောင်ရွက်သွားရခြင်းဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းများပေါ်ပေါက်လာနိုင်သည်။ သို့သော် စီမံကိန်းများဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားမျှမျှတတဖြစ်အောင် မဟာဗျူဟာနှင့်နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လိုမည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော်လျှင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ဆောင်ရွက်သွားရန်လိုမည်။ စီမံကိန်းများဆောင်ရွက်ရာတွင် ပြည်သူများအတွက် ရေတိုအကျိုးသာမက ရေရှည်အကျိုးကိုပါ ရှုထောင့်အမျိုးမျိုးက လေ့လာစိစစ်ဆောင်ရွက်သွားရန်လိုမည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင်ဆောင်ရွက်မည့် စီမံကိန်းများသည် မိမိတို့နိုင်ငံ အမျိုးသားစီမံကိန်းများ၊ မူဝါဒများ၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်မည် စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသေးသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေကလည်း ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် ပတ်သက်ပြီး ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကို ဦးစွာလေ့လာပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်ပြီး ပြည်သူလူထု အကျိုးဖြစ်ထွန်းမှုရှိစေမည့် စီမံကိန်းများမှန်ကန်စွာ ရွေးချယ်သွားကြရမည်။ ရပ်ဝန်းနှင့်လမ်းကြောင်း အစီအစဉ်ကို ကြီးကြပ်ကွပ်ကဲရေး၊ အကောင်အထည်ဖော်ရေးတို့အတွက် ဖွဲ့စည်းထားရှိသည့် ကော်မတီအသီးသီးသည်လည်း လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ကြမှသာလျှင် ပိုမိုထိရောက်မည်။ အချိတ်အဆက်မိစေရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်သွားဖို့လိုမည် စသည်ဖြင့် ပြောကြားခဲ့ပါသေးသည်။ အစည်းအဝေးတွင် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေး လုပ်ငန်းတိုးတက်မှုအခြေအနေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တင်ပြသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည် ဖော်ရေးလုပ်ငန်းတိုးတက်မှုအခြေအနေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက တင်ပြ၏။ တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ၂၀၁၉ ခုနှစ် ဧပြီလတွင်ပြုလုပ်မည့် ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အတွက် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်က တင်ပြခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် တရုတ်-မြန်မာစီးပွားရေး စင်္ကြံဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေးနှင့် ဒုတိယအကြိမ် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်ခဲ့၏။ ယင်းသို့တက် ရောက်ခဲ့ခြင်းသည် ဧပြီလတွင်ကျင်းပမည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ဒုတိယအကြိမ် ဖိုရမ်တွင် တရုတ်နှင့် မြန်မာတာဝန်ရှိသူတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရန်အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းဆွေးနွေးကြခြင်းပင်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့သည် ဒေသန္တရ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ၊ ရေအားလျှပ်စစ်နည်းပညာ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံပူးတွဲကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့သည် ဒုတိယအကြိမ် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဖိုရမ်နှင့် မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ စီမံချက်များ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်ကို ယူနန်ပြည်နယ်ကူမင်းမြို့ အင်တာကွန်တင်နန် တယ်ဟိုတယ်၌ကျင်းပသည်။ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောသည်။ ထို့နောက် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ မြန်မာဘက်က တင်ပြဆွေးနွေးခဲ့သော ခေါင်းစဉ်များမှာ -ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ဦးကျော်လွင်က ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း ခေါင်းစဉ်၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက တရုတ်-မြန်မာ (ရွှေလီ-မန္တလေး) ရထားလမ်းသစ်ဖောက်လုပ်ရေး ခေါင်းစဉ်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အင်စတီကျူ့အမှုဆောင်ဒါရိုက်တာ ဒေါက်တာမင်းရဲပိုင်ဟိန်းက တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အဓိကအစီအစဉ်ခေါင်းစဉ်၊ မြန်မာနိုင်ငံ ကုန်သည်၊ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်မှု ခေါင်းစဉ်၊ ရန်ကုန်မြို့သစ် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် (NYDC) ဥက္ကဋ္ဌ ဦးသိမ်းဝေက ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးခေါင်းစဉ်၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခေါင်းစဉ် စသည့် ခေါင်းစဉ်များဖြင့် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ စီမံကိန်းများဟူသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြီး၏ လက်အောက်ခံစီမံကိန်းများဖြစ်သည်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်သည့် လုပ်ငန်းများကို ၂၀၁၈ ခုနှစ်တွင် အရှိန်အဟုန်မြင့်ဆောင်ရွက်လာခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟီလီဖန်တို့ ယင်းစီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံခေါင်းဆောင်များကိုယ်စား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယခုဆောင်ရွက်မှုများ၊ အစည်းအဝေးတက်ရောက် ညှိနှိုင်းမှုများသည် ဧပြီလတွင်ရေးထိုးမည့် အချေသတ်စာချုပ်များအတွက် ပြင်ဆင်ခြင်းဖြစ်သည်။

**ကိုးကား။ ဖေဖော်ဝါရီ ၂၀ ၊ ၂၅ ရက်ထုတ် ကြေးမုံ၊**
**အင်တာနက်သတင်းများနှင့်တရုတ်သံရုံး ထုတ်ပြန်ချက်များ။**
**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)**

Commerce ကာတွန်း



Vol: 19, No.11 Monday March 18 2019

## သာစည်မြို့နယ် ကန်သစ်ကျေးရွာတွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

သာစည်မြို့နယ် ကန်သစ်ကျေးရွာတွင် စားသုံးသူ အခွင့်အရေးများ ဟောပြောခဲ့ကြောင်း သိရသည်။ ထိုဟောပြောပွဲတွင် ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က တက်ရောက်လာသော ကျေးရွာနေ ပြည်သူ ၅၂ ဦးအား ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စားသုံးသူတို့၏ အခွင့်အရေးများ၊ လိုက်နာရမည့်တာဝန်များ၊ ဓာတုဆိုးဆေးအန္တရာယ်နှင့်မြောင်းဆီ၊ ပြည့်ဝဆီတို့၏ အန္တရာယ်များအကြောင်းကို ဟောပြောခဲ့သည်။ ကျေးရွာနေပြည်သူများမှလည်း ယခုလိုလာရောက် ဟောပြောသည့်အတွက် မိမိတို့အနေဖြင့် စားသုံးသူတို့၏ အခွင့်အရေးများသိရှိရသည့်အတွက် နောင်တွင် ပစ္စည်းဝယ်ယူသည့်အခါ အာမခံချက်ရှိသည့် ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူနိုင်ပြီး အစားအသောက်များတွင် ပါဝင်သော ဓာတုဆိုးဆေးနှင့် မြောင်းဆီ၊ ပြည့်ဝဆီအန္တရာယ်များအကြောင်းသိရှိရပြီး ကျန်းမာရေးဗဟုသုတများလည်း ရရှိသည့်အတွက် စားသုံးသူရေးရာဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သိမ့်သူဇာမောင် (ထီလာ)**

## ကသာမြို့ သီရိခေမာဈေးအတွင်း အသား/ ငါးဆိုင်များအား ဝက်များတွင် ဖြစ်ပွားတတ်သော အာဖရိကအပြင်းဖျား ဝက်ရောဂါ ဝင်ရောက်မှုမရှိစေရေး အသိပညာပေးစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ကသာမြို့ သီရိခေမာဈေးအတွင်း ဝက်များတွင် ဖြစ်ပွားတတ်သော အာဖရိက အပြင်းဖျားဝက်ရောဂါ ဝင် ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မတ် ၁၃ ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်ဦးစီးဌာန၊ ဈေးစားသုံးသူရေးရာအဖွဲ့များနှင့်ပူးပေါင်းပြီး ဝက်သားဆိုင်များနှင့် အသားငါးဆိုင်များသို့ သွားရောက်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့စစ်ဆေးရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဝင်းထွန်းက အာဖရိကအပြင်းဖျား ဝက်ရောဂါသည် ၁၉၀၇ ခုနှစ်တွင် အာဖရိကတိုက် ကင်ညာနိုင်ငံမှ စတင်ဖြစ်ပွားခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဥရောပတိုက်နှင့် အမေရိကတိုက်များသို့ ဆက်လက်ပျံ့နှံ့ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လပထမပတ်မှစ၍ အိမ်နီးချင်း တရုတ်နိုင်ငံတွင် ပျံ့နှံ့လျက်ရှိပြီး ဝက် အများအပြား သေဆုံးလျက်ရှိကြောင်း၊ ရောဂါဖြစ်စေသည့် စက်ဝိုင်းပုံရှိ DNA အမျိုးအစားဗိုင်းရပ်စ်ပိုးကြောင့် ရောဂါဖြစ်ပွားပြီး အိမ်မွေးဝက်များနှင့် တောဝက်များတွင်အဖြစ်များကြောင်း၊ ရောဂါပိုးကူးစက်ခံရသော ဝက်၏ အညစ်အကြေးများ၊ ဝက်သား၊ ဝက် ထွက်ပစ္စည်းများ၊ သွားရည်၊ နှာရည်၊ မျက်ရည်၊ ဆီး၊ဝမ်း၊ သွေး၊ အသားများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှလည်း ကူးစက်နိုင်ကြောင်း၊ မွှားကဲ့သို့သော ကြားခံ၊ လက်ခံကောင်များတွယ်ခြင်း၊ ကိုက်ခြင်း ၊ ရောဂါပိုးနှင့် ထိတွေ့ထား သော ဆေးထိုးအပ်၊ အသုံးအဆောင်ပစ္စည်းများမှလည်း ကူးစက်နိုင်ကြောင်း၊ ၃လ၊ ၆လ အထိ အေးခဲထားသော ရောဂါပိုးကူးစက်ခံရသည့် ဝက်သားများနှင့် ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်နိုင်ကြောင်းနှင့် ရောဂါဖြစ်ပွားမှုအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကသာခရိုင်အတွင်း ရောဂါဖြစ်ပွားမှု မရှိသေးသော်လည်း ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကသာခရိုင်အတွင်း မွေးမြူထားသော ဝက်များတွင် ကူးစက်ရောဂါ ဖြစ်ပွားလျှင် (သို့မဟုတ်) ကူးစက်ရောဂါ ဖြစ်ပွား သည်ဟု သံသယရှိလျှင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များသို့ အကြောင်းကြားပေးစေလိုကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**လှလှခိုင် (ကသာ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ | (၁၃.၅x ၄၅ )ပေ | (ပ) လွှာ | ၆၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၂။ | မြေ | သာကေတမြို့နယ်၊ ရတနာလမ်း | ၁၀၀ ပေ ပတ်လည် | မြေသီးသန့် | ၆၀၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံ | (၃၀ x ၆၀ )ပေ | မြေသီးသန့် | ၂၄၀၀ သိန်း | မြေသီးသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း(၁၄/၂) ရပ်ကွက် | (၄၀ x ၄၅ )ပေ | RC (1) ထပ် | ၂၈၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း။ | (၃၀ x ၅၀ )ပေ | BN (1) ထပ် | ၁၆၅၀ သိန်း | မြေပိုပါ၊ ဂရန် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | ကွန်ဒို | အောကစ်ကွန်ဒို၊ အလုံမြို့နယ်။ | ၁၈၀၀ စ/ပေ | MB (2), BR (1) ခန်း | ၂၅၀၀ သိန်း | အဆင့်မြင့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | မြေ | သန်လျှင်မြို့နယ်၊ ဘုရားလမ်းခွဲအနီး | ၂၄၀၀ စ/ပေ | မြေသီးသန့်/ခြံခတ်ပြီး | ၄၅၀ သိန်း | လမ်းသန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၈။ | အိမ်/မြေ | မန္တလေး၊ (၂၉) လမ်း ၊ (၈၃ x ၈၄ ) | ၁၅၀၀ စ/ပေ | RC (2) ထပ် | ၁၅၀၀၀ သိန်း | နေရာကောင်း | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီကျေးရွာ | (၄၀ x ၆၀ )ပေ | မြေသီးသန့် | ၁၆၀ သိန်း | ခြံခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |

## ရော်ဘာအပို့ လျော့ကျသော်လည်း ဈေးကျခြင်းမရှိ

မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၂ ရက်မှ ၈ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၃ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၃၅၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3အမျိုးအစား ၂၂ တန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၁၀၅ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ MSR- 50 တန်ချိန် ၂၀ နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ Synthetic Rubber တန်ချိန် ၂၁၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတန်ချိန် ၉၈၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၃ တန် တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ သိမ ၄၃၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၂၂၁၂၄ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၂၇ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၄၀၇၀ ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၁၃၃၇ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၂၀၆၅ တန်နဲ့ RSS-1 အမျိုးအစား ၁၆၈ တန်၊ ဗီယက်နမ်နိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၅၀၀ တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၈၃ တန် အပို့လျော့ကျကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဈေးတက်လာတဲ့ RSS-3 နဲ့ MSR အမျိုးအစားမှာ ယခုတစ်ပတ်မှာလည်း တက်ဈေးအတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေး ပြောင်းလဲမှုမရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**



## တာချီလိတ်မြို့ဝမ်ကောင်းဈေး၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့စစ်ဆေး

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရှိ ဝမ်ကောင်းဈေး၌ မတ် ၁၁ ရက်တွင် FDA ၊ စားသုံးသူရေးရာ၊ ကျန်းမာရေး၊ တိမွေး/ကု၊ စည်ပင်သာယာရေး၊ မြန်မာနိုင်ငံရဲ၊ မြို့နယ်ထွေ/အုပ် စသည့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ FDA က ကြေညာထားသော သုံးစွဲရန်မသင့်အလှကုန်များ၊ ဆေးဝါးများ၊ စားသောက်ရန်မသင့် စားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချနေခြင်းရှိ/မရှိ စစ်ဆေးခဲ့ရာ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်မရှိသော အလှကုန်နှင့်သက်တမ်းလွန် စားသောက်ကုန်အချို့ တွေ့ရှိသိမ်းဆည်းအရေးယူခဲ့ကြောင်း သတင်းရရှိပါ သည်။

ဆက်လက်၍ ကုန်ပစ္စည်းနမူနာ ကောက်ယူခြင်းနှင့် အချို့သောအစားအသောက်များတွင် ကင်ဆာဖြစ်စေနိုင်သော ကန့်ဓာတ်ပါ/မပါ ကိုလည်း ဓာတ်ခွဲ စစ်ဆေးမှုဆောင်ရွက်ခဲ့ကြောင်း အဆိုပါအဖွဲ့ထံမှ သတင်းရရှိသည်။

**ရန်နောင် (ကျိုင်းတုံ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိဘောက် (၂၀၁၁) | K | ၁၉၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၂၆၈ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဗုရှ် (၂၀၀၃) | L | ၂၆၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဗီလ်ဒါ (၂၀၁၀) | H | ၂၈၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ရက်တစ် (၂၀၁၃) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ကလူဂျာ (၂၀၀၄) | K | ၃၇၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | စူပါကပ်စတန် (၂၀၀၀) | I | ၂၂၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | H | ၃၆၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | - | ၁၂၅ သိန်း | |

# တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် ထောပတ်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနတွင် ထောပတ်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောပတ်အစုအဖွဲ့များ ဆွေးနွေးပွဲကို မတ် ၇ ရက်က ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဆွေးနွေးပွဲကျင်းပခြင်းရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအရှေ့ဘက် ကုန်းမြင့်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး Project မှ ထောပတ်သီးနှံကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ထောပတ်သီးတန်ဖိုးမြှင့် ကွင်းဆက်တိုးတက်အောင် ဆောင်ရွက်ရေးတို့အတွက် ဖြစ်ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ ထောပတ်သီးစိုက်ပျိုးသော ကျေးရွာများဖြစ်သည့် ဇလဲ၊ ကျောက်နီ၊ သံတဲ၊ သဲကုန်း၊ ဘုရားဖြူ၊ နောင်ခုံး၊ ဆန်းဆုပ်၊ နောင်တောင်း၊ နောင်တရား၊ ကျောက်တန်း၊ ပုံးချောင်း၊ နန့်ခုတ်၊ ဒိုဟီးတန်၊ ပန်ကုလား၊ စံဖူး၊ ပန်းပိန်၊ ပွေးသောင်း၊ သပြေကုန်း၊ လွယ်ခေါ့၊ အင်းနီး၊ မိုးကောင်း၊ ထီဖောင်း၊ သရက်ပင်၊ ဖက်နမ်၊ သိမ်ကုန်း၊ နမ့်ပါမီး၊ နမ့်ပေါ်ဟွန်း၊ နမ့်ပေါ်စွန်း၊ သာသနာကုန်း အစရှိတဲ့ကျေးရွာများက ထောပတ်သီးနှံစိုက် တောင်သူကိုယ်စားလှယ် ၃၅ ဦးခန့် တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

ဖော်ပြပါဒေသတွေမှာ U Kaid က ငွေကြေးအထောက်အပံ့များချထားပေးမှုအပေါ် DaNa Facility က MFVP နဲ့ပူးပေါင်းကာ Commercial Avocado Production Training, Avocado Post-harvest Training, Avocado Food Menu Training, Avocado Soap Making တို့ကို ပြုလုပ်ပေးခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။

အဆိုပါ သင်တန်းပေးခဲ့မှုများအပေါ် တက်ရောက်လာသော ထောပတ်စိုက်တောင်သူ ကိုယ်စားလှယ်များက ကျေးရွာအလိုက် ထောပတ်ကိုင်းကူးကိုင်းဆက်နည်းစနစ်များဖြင့် ဆောင်ရွက်နေမှု၊ ထောပတ်အသီးများ စနစ်တကျ ခူးဆွတ်တတ်မှု၊ မိသားစုစားသုံးရန်အတွက် ထောပတ်သီးအစားအသောက်များ ပြင်ဆင်သုံးစွဲတတ်မှု၊ ထောပတ်သီးနှင့် ပြုလုပ်သော အစားအသောက်များ ပြင်ဆင်ရောင်းချနိုင်မှု၊ မိမိမိသားစုအသုံးပြုရန် ထောပတ်သီးဆပ်ပြာခဲ ပြုလုပ်သုံးစွဲမှုနဲ့ ဈေးကွက်အတွင်း ထောပတ်သီးဆပ်ပြာ ရောင်းချရန်အတွက် ထုတ်လုပ်နိုင်မှု၊ ကျေးရွာအလိုက်ထောပတ်သီး စိုက်ဧကများ စိုက်ပျိုးထားရှိမှု မြေပြင်အခြေအနေများကို စစ်တမ်းကောက်ယူမှု (Monitoring) ပြုလုပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းကို ပြန်လည်တင်ပြ အသိပေးသွားကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

## The 7th International Myanmar Pearl Auction (Hong Kong) တွင် ပုလဲများအား သွားရောက်ရောင်းချ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ နိုင်ငံပိုင်ပုလဲများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် The 7th International Myanmar Pearl Auction (Hong Kong) အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် သွားရောက်ရောင်းချခဲ့ကြောင်း သိရသည်။

ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၃ တွဲ၊ ပုလဲလုံးရေ ၆၉၃၃၆ လုံး၊ အလေးချိန် ၄၉၄၄၂ ဒသမ ၆၀ မိုမီ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈၁၂၂၀၀ အား တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၂၉၈ တွဲ၊ ပုလဲလုံးရေ ၆၈၃၀၃ လုံး၊ အလေးချိန် ၄၈၅၅၇ ဒသမ ၇၀ မိုမီကို တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၃၂၁၉၆ ဖြင့် ရောင်းချခဲ့ရပြီး ကြမ်းခင်းဈေးပေါ်တွင် ၄၃ ရာခိုင်နှုန်းပိုမိုရရှိခဲ့သည်။

အဆိုပါပြပွဲသို့ နိုင်ငံပေါင်းကိုးနိုင်ငံမှ ပုလဲကုမ္ပဏီပေါင်း ၇၄ ခု တက်ရောက်ခဲ့ကာ ပုလဲကုမ္ပဏီ ၅၀ မှ တင်ဒါအောင်မြင်ခဲ့ပြီး တရုတ်နိုင်ငံမှ Olina Jewelry ကုမ္ပဏီက ပုလဲအတွဲ ၃၀ တွဲအား တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၆၀၉၃၄၈ ဖြင့် အများဆုံးဝယ်ယူခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် The 7th International Myanmar Pearl Auction (Hong Kong) ကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြင့် မြန်မာ့ပုလဲများ၏ အရည်အသွေး မြင့်မားမှုအား ကမ္ဘာ့ပုလဲကုန်သည်များမှ မျက်မြင်နားလည် သိရှိလာခြင်းနှင့် ပြည်ပပုလဲကုန်သည်အသစ်များ တိုးတက်ရရှိလာခြင်း၊ ပြည်တွင်းတွင် ကျင်းပသော ပုလဲရောင်းချပွဲများထက် ဈေးနှုန်းများပိုမို၍ ရရှိခြင်း၊ မြန်မာ့ပုလဲများ၏ အရည်အသွေးအပေါ် နိုင်ငံတကာမှ စိတ်ဝင်စားမှုပိုမိုမြင့်မားလာခြင်း၊ မြန်မာ့ပုလဲဈေးကွက်တစ်ခုဟောင်ကောင်တွင် ခိုင်မာစွာ ရပ်တည်နိုင်ခြင်းနှင့် ဝန်ထမ်းများပြည်ပရောင်းချပွဲ အတွေ့အကြုံများရရှိခဲ့ကြောင်း သုံးသပ်ရရှိပြီး အောင်မြင်သော ပြပွဲတစ်ပွဲဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**မြင့်သူ**

## ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် Imports Goods Fair (IGF) ကျင်းပပြုလုပ်မည်

ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့တွင် Imports Goods Fair (IGF) ကို ၂၀၁၉ ခုနှစ်၊ ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲကို တောင်ကိုရီးယားနိုင်ငံရှိ ကိုရီးယား သွင်းကုန်လုပ်ငန်းရှင်များအသင်း (Korea Importers Association-KOIMA) ၏ အစီအစဉ်ဖြင့် ဆိုးလ်မြို့ရှိ COEX အဆောက်အဦတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များအသင်း (KOIMA) အနေဖြင့် Imports Goods Fair (IGF) များကို တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလေ့ရှိပြီး ယခုနှစ်သည် (၁၇) ကြိမ်မြောက်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲတွင် အဓိကအားဖြင့် စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ အားကစားပစ္စည်းများ၊ အသေးစားလျှပ်စစ်ပစ္စည်းနှင့် နည်းပညာဆိုင်ရာပစ္စည်းများ၊ ကုန်သွယ်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ကို ပြသသွားမည်ဖြစ်ပြီး ပြပွဲနှင့်အတူ B2B Meeting များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သဖြင့် ဈေးကွက်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲနှင့်သက်ဆိုင်သော အချက်အလက်များကို www.import.or.kr ဝဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ပြပွဲနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုသည်များရှိပါက ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၄၄၇၊ Email-moctradefair @gmail.com၊ Fax ၀၆၇-၄၃၀၁၂၈ များသို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**လင်းလင်းထွန်း(TD)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၈-၃-၂၀၁၉ မှ ၂၄-၃-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန်ရှိသော်လည်း မအောင်မြင်သေးပါ။ လောင်စာဆီ၊ ဓာတ်သတ္တု၊ ဘိလပ်မြေတို့ အကျိုးပေးပါသည်။ ပညာရေးတွင် တကယ်ကြိုးစားလျှင် တကယ်ထွန်းပေါက်နိုင်ပါသည်။ အချစ်ရေး ကောင်းပါသည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် အိမ်ထောင်ဖက်၏ လွှမ်းမိုးမှုကို ခံရတတ်သည်။ ကျန်းမာရေးအနေဖြင့် လူပင်ပန်းသည့် ဒဏ်ခံနိုင်သော်လည်း စိတ်ပင်ပန်းသည့်ဒဏ်ကို မခံနိုင်သောကြောင့် စိတ်ဖိစီးမှုရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ဘုရားတွင် ရွှေချ၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးပိတ်ဆို့သူအား ပညာသားပါပါ တိုက်ထုတ်တတ်သော သဘောရှိနေမည်။ စိတ်ရင်းစေတနာရင်းသိသော သူများက ကူညီလိမ့်မည်။ စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် ရေထွက်ပစ္စည်းများ အဆင်ပြေနိုင်ပါသည်။ ချစ်သူခင်သူ ပေါများနေတတ်သည်။ ပညာရေးအနှောင့်အယှက်များပယ်ရှားနိုင်ရန်ကြိုးစားရပါမည်။ ကျန်းမာရေးတွင် ဦးနှောက်၊ အာရုံကြော၊ ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ ။ ဘုရားတွင် ဆီမီးပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** ပြောင်းလဲလာသော စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မည်။ မြေထွက် သယံဇာတများ၊ မြေထွက်သီးနှံများ၊ စက်ပစ္စည်းများအကျိုးပေး ပါသည်။ ဝန်ထမ်းဖြစ်လျှင် လုပ်ပိုင်ခွင့်များရလာပြီး ရာထူးတက်နိုင်ပါသည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှု၊ ဝီရိယရှိမှုတို့ကြောင့် အောင်မြင်မည်။ အချစ်ရေးကံကောင်းပါသည်။ ကျန်းမာရေးတွင် ဖျားနာသော ဝေဒနာခံစားရမည်။

**ယတြာ။ ။ဆန်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အသိုင်းအဝိုင်း ကျယ်ပြန့်လာတတ်သည်။ လူမှုရေးပြဿနာများလည်း ကြုံတွေ့ရင်ဆိုင်လာတတ်သည်။ အလှကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်က ရာထူးတက်နိုင်ပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်မြင့်မားနေမည်။ အချစ်ရေးအထင်လွဲစရာများကြုံရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဒူးဆစ်၊ ခြေဆစ်များ ထိခိုက်ဒဏ်ရာရတတ်သည်။

**ယတြာ။ ။သံဃာတော်အား ဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းခွင်အတွင်းမှ အပြိုင်အဆိုင်လုပ်ကိုင်နေရတတ်သည်။ အဝေးခရီးနှင့် ဆက်သွယ်၍လည်း လုပ်ငန်းတွင်ကျယ်လာပါသည်။ စီးပွားရေး အကျိုးပေးချိန်ဟုဆိုရပါမည်။ ရေထွက်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း အကျိုးပေးပါသည်။ ပညာရေးတွင် ထူးချွန်မှုရှိနေမည်။ လုပ်ဖော်ကိုင်ဖက်များထဲမှ ချစ်သူတွေ့ရတတ်ပါသည်။ ကျန်းမာရေးညံ့တတ်သည်။ ဝမ်းဗိုက်၊ အစာအိမ်၊ လေရောဂါဖြစ်တတ်သည်။

**ယတြာ။ ။အရည်ရွှမ်းသော သစ်သီးများ လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတိုးချဲ့ရန် ရည်ရွယ်ထားခြင်းသည် အောင်မြင်လာပါလိမ့်မည်။ ရေနှင့်ပတ်သက်သော လုပ်ငန်း၊ ရေထွက်ပစ္စည်းများ၊ ကြေးနီ၊ ငွေ၊ ပုလဲစသော လုပ်ငန်းတို့နှင့် အကျိုးပေးပါသည်။ ပညာရေး ကောင်းနေသည်။ အချစ်ရေးတွင် အဆင်မပြေမှုလေးများ ဖြစ်လာတတ်သည်။ ကျန်းမာရေးတွင် နှလုံး၊ သွေးတိုး ရောဂါများကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ထီး၊ တံခွန်၊ ကြက်လျှာ လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** နိုင်ငံခြားသားများနှင့် စီးပွားရေးအရပေါင်းသင်းဆက်ဆံရာမှာ သတိပြုသင့်ပါသည်။ လူမျိုးခြား၊ ဘာသာခြားတို့ကလည်း အကျိုးတူ စီးပွားရေးအတွက် ကမ်းလှမ်းလာပါမည်။ ရေနံနှင့် ဓာတ်ငွေ့များ အကျိုးပေးပါသည်။ ပညာရေးကောင်းမည်။ အချစ်ရေး အဆင်ပြေမှုရှိမည်။ ကျန်းမာရေး၊ အာရုံကြောတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။သက်ကြီးရွယ်အိုကို အာဟာရဒါနပြုပါ။**

# ရွှေပြည်သာမြို့နယ်အတွင်းရှိ ပတ္တမြားဈေးနှင့် အင်းစိန်မြို့နယ်အတွင်းရှိ အောင်ဆန်းဈေးသို့ ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ရောင်းချနိုင်ရေး အသိပညာပေး ဟောပြောပွဲများနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူဝန်ထမ်းများသည် မြောက်ပိုင်းခရိုင် စည်ပင်သာယာဈေးဌာန ဈေးတာဝန်ခံများနှင့်ပူးပေါင်း၍ ရွှေပြည်သာမြို့နယ်အတွင်းရှိ ပတ္တမြားဈေးနှင့် အင်းစိန်မြို့နယ်အတွင်းရှိ အောင်ဆန်းဈေးများသို့သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများ ရောင်းချနိုင်ရေးအတွက် ဈေးသူ/ဈေးသားများအား အသိပညာပေး ဟောပြောပွဲများကျင်းပခြင်းနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများကို မတ် ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နံနက် ၁၀ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ပတ္တမြားဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများ ရောင်းချနိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ဈေးများဌာနမှ ဌာနစုမှူး ဦးရဲဦးမော်က မကြာမီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်ကြောင်း၊ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အဖွဲ့ဝင်များမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ (၂၀၁၈)ပါ ပြဋ္ဌာန်းချက်များအတိုင်း ကျင့်သုံးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်နီလာဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ဒုတိယခရိုင် ဦးစီးမှူး ဒေါ်ထားထားလှိုင်က ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာမှုများအပေါ် တိုင်ကြားလာသည်များကို ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက စားသုံးသူများဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်/ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အား ထုတ်ပြန်ခဲ့ပါကြောင်း၊ ဈေးသူ/ဈေးသားများမှ စားသုံးသူများ ထိခိုက်နစ်နာမှုမရှိသည့် ကုန်ပစ္စည်းများ ဝယ်ယူ ရောင်းချသွားရန် အရေးကြီးကြောင်း၊ မိမိရောင်းချသည့် ကုန်ပစ္စည်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း၊ ယခုဟောပြောပွဲသို့ တက်ရောက်လာသူများမှ အခြားစားသုံးသူများကို တစ်ဆင့်ပြန်လည်မျှဝေပေးရန် မေတ္တာရပ်ခံလိုပါကြောင်း အကျယ်တဝင့် ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အင်းစိန်မြို့နယ်၊ အောင်ဆန်းဈေးတွင် အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း၊ အလားတူ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေး ရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင်လည်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**နီလာဦး (ရန်ကုန်)**

# ဒေသထွက်ထန်းလက်ကုလားထိုင် အရောင်းသွက်သောကြောင့် တောင်သူများ ဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှ ထန်းလက်ကုလား ထိုင်များ အရောင်းသွက်ကာ တောင်သူ များဝင်ငွေရနေကြောင်း ဒေသခံများ ထံမှသိရသည်။ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ပေါက်ရောက်သော ထန်းပင်များ၏ ထန်းလက်တစ်ရာကို ကျပ် ၈၀၀၀ ကနေ ကျပ် ၁၃၀၀၀ နှင့် ထန်းပိုင်ရှင်များထံမှ ဝယ်ယူပြီး ထန်းလက်ကိုအခြောက်လှမ်း၍ ဒေသထွက် သစ်သားချောင်းဖြင့် ကုလားထိုင်အဖြစ် ထုတ်လုပ်ရောင်းချကြောင်း ရေနံချောင်းမြို့နယ်ရှိသုံးဆယ် ခြောက် ကျေးရွာအုပ်စုမှ ဒေသခံများထံမှသိရသည်။

"နွေရာသီမှာအပူရှိန် သက်သာစေရန်အတွက် ထန်းလက်ကုလားထိုင်ကို တွင်ကျယ်စွာသုံးကြတာပါ။ ပက်လက်ကုလားထိုင်ကို ရန်ကုန်- မန္တလေးအဝေးပြေး ကားလမ်းမပေါ် တွင် ထန်းတဲကလေးများ၌ ထန်း လက် ကုလားထိုင်ရောင်းချကြသလို သုံးဘီးကားနှင့်တင်ပြီး မကွေး၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ရေနံချောင်းမြို့ပေါ် ရပ်ကွက်များကို လှည့်လည်ရောင်းချရာ အဝယ်သွက်ပါတယ်။ လိုက်လံပြီး မရောင်းဘဲဒိုင်ကိုသွင်းကြတာမျိုးလည်း ရှိပါတယ်။ ဒေသခံတွေလည်း ဒီအချိန်မှာ လယ်ယာလုပ်ငန်းခွင် နားနေချိန်မို့ မိသားစုအပိုဝင်ငွေရတယ်"ဟု ရေနံချောင်းမြို့နယ်မှ ဦးတင်ဦးကပြောသည်။

"ထန်းလက်ကုလားထိုင်လုပ်ငန်းက မိုးရာသီမှာ တစ်လကုလားထိုင် ၁၅ လုံးပဲ ရောင်းနိုင်တာပါ။ ယခုနွေရာသီမှာက ထန်းလက်ကုလားထိုင် အလုံး ၅၀ ရောင်းရတယ်။ ကုလားထိုင်တစ်လုံး ကျပ် ၃၀၀၀ ဖြင့် ဒိုင်ကိုသွင်းရပြီး ဒိုင်မှ ကုလားထိုင်တစ်လုံးကျပ် ၄၀၀၀ ဖြင့် ရောင်းချကြပါတယ်"ဟု ရောင်းဝယ်သူတစ်ဦးကပြောသည်။

**ရွှေဇင်(ရေနံချောင်း)**

# မြစ်သားမြို့ မြို့မဈေးအတွင်း စားသုံးသူအသိပညာပေး ကွင်းဆင်းဆောင်ရွက်

ကျောက်ဆည်ခရိုင် မြစ်သားမြို့၊ မြို့မဈေး၌ မတ် ၇ ရက်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလာရောက်ဟောပြောရသည့် အကြောင်းအရင်းများ၊ အသိပညာပေးလုပ်ဆောင်ရသည့် ရည်ရွယ်ချက်များ၊ မြို့နယ်စည်ပင်သာယာဈေးများတွင် ရောင်းချလျက်ရှိသော ဟင်းသီး၊ ဟင်းရွက်နှင့် အသား/ငါးများတွင်ဆိုးဆေးများ ပါဝင်မှုမရှိစေရေး၊ အလေးချိန်ခွင် မှန်ကန်မှုရှိစေရေး စသည့် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာများအားဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသား/ငါးများတွင် ကျရောက်သော ရောဂါများအကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန် ဆောင်မှုအမျိုးမျိုးကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အရေးယူဆောင်ရွက်မှု များကို ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲသို့ ဈေးသူ/ဈေးသား စုစုပေါင်း ၅၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# စားသုံးသူ၏ အခွင့်အရေးကို သိရှိနားလည်ဆောင်ရွက်ခြင်းဖြင့်

# စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသို့ အားလုံးပူးပေါင်းပါဝင်ကြပါစို့

[ မျိုးအောင်(ဝက်လက်) ]

ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့သည် မိမိတို့ဘဝအသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ စားဝတ်နေရေးဆိုတဲ့ အရေး(၃)ပါးကို လူသားတိုင်း တာဝန်ကိုယ်စီထမ်းဆောင်နေကြရပေသည်။ ထိုအရေး(၃)ပါးထဲမှ စားသောက်မှုဆိုင်ရာ အရေးသည်လည်း လူတိုင်းလူတိုင်းမဖြစ်မနေဆောင်ရွက်နေရတဲ့ ကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါတယ်။ ကျွန်ုပ်တို့ ဝယ်ယူစားသောက်နေတဲ့ အစားအသောက်တွေဟာ တကယ်တော့ ဆာလောင်မှုများကို ဖြေသိမ့်နိုင်ဖို့နဲ့ ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားစေရန်ပြည့်စုံတဲ့ အာဟာရများကို ရယူရန်နှင့် ကျန်းမာစွာနဲ့ သက်တမ်းစေ့နေထိုင်သွားနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်ုပ်တို့ စားသုံးသူများနေ့စဉ်နေ့တိုင်း ဝယ်ယူသုံးစွဲနေတဲ့ အစားအသောက်အချို့ဟာ စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေပြီး အသက်အန္တရာယ်များကိုပါ ခြိမ်းခြောက်၍ လာနေပြီဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာကြီးသည်နည်းပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ လူသားတို့၏ အရေးကိစ္စအဝဝကိုလည်း နည်းပညာများအကူအညီဖြင့် အစားထိုးပြောင်းလဲဆောင်ရွက်လုပ်ကိုင်လာကြပါတယ်။ ထိုနည်းပညာများဟာ လူသားတို့အတွက် အကျိုးဖြစ်ထွန်းမှုများကို ပေးစွမ်းနိုင်ပေမဲ့ သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေးဆိုသလို နည်းပညာများဖြင့် လွဲမှားစွာအသုံးပြုမှုများကြောင့် ဘေးထွက်ဆိုးကျိုးအဖြစ် ကြီးမားတဲ့ဘေးဥပဒ်အန္တရာယ်များကိုလည်း ဖြစ်စေပါတယ်။

နည်းပညာများရဲ့ အားသာချက်များကို အခွင့်ကောင်းရယူ၍ မိမိတို့ကိုယ်ကျိုးအတွက်သာ ကြည့်တတ်တဲ့ စီးပွားရေးဝိသမလောဘသားတွေဟာ စားသုံးသူများ၏ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချရာတွင် ထုတ်လုပ်မှုကုန်ကျစရိတ် နည်းပါးပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်မည့် နည်းပညာများကို အသုံးပြု၍ အစားထိုးပြောင်းလဲ လုပ်ကိုင်ဆောင်ရွက်လာကြပါတယ်။ မူလသဘာဝ အရည်အသွေး၊ အရောင်အဆင်း၊ အနံ့အရသာများအစား နည်းပညာဖြင့် ထုတ်လုပ်ထားသော စားသုံးရန်မသင့်သည့် ဓာတုဆေးဝါးများဖြင့် အစားထိုး ထုတ်လုပ်ရောင်းချလာကြပါတယ်။ စားသုံးသူများသည်နေ့စဉ် ကုန်စည်နှင့်ဝန်ဆောင်မှုများတွင် ထိတွေ့ပတ်သက်နေသူများဖြစ်သည့် အလျောက်ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဘေးဥပဒ်အန္တရာယ်နှင့် နစ်နာဆုံးရှုံးမှုများကို ခံစားနေကြရပြီလည်း ဖြစ်ပါတယ်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ စားသုံးသူ များအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဘေးဥပဒ်အန္တရာယ်နှင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်မလာစေရေးအတွက် စားသုံးသူများရရှိနိုင်မည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးထားသည့် ဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်ထားရှိရန် လိုအပ်သလို စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်နှင့် ရေရှည်တည်တံ့သော စနစ်ကောင်းတရပ် ပေါ်ထွန်းလာစေရန် စားသုံးသူတိုင်းမှ မဖြစ်မနေ ပါဝင်ဆောင်ရွက်ကြရတော့မည်မှာလည်း ရှောင်လွှဲ၍မရသော အမျိုးသားရေးတာဝန်တခုအဖြစ် ရောက်ရှိ လာပြီဟုဆိုလျှင်မှားနိုင်မည် မဟုတ်ပေ။

ထို့ကြောင့်ပင် ၁၉၆၂ ခုနှစ်တွင် အမေရိကန် JohnF. Kennedy က စားသုံးသူတို့၏ အခြေခံအခွင့်အလမ်းတွေကို တရားဝင်လက်မှတ်ရေးထိုးလိုက်ခြင်းဟာ စားသုံးသူအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ မဖြစ်မနေ ရယူဆောင်ရွက်ရမည်ဟု အသိပေးမီးမောင်းထိုးပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ၁၉၈၅ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့မှာလည်း ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ စားသုံးသူများ ရရှိခံစားခွင့်ရှိသည့် စားသုံးသူအခွင့်အရေးလမ်း ညွှန်ချက်(၈)ရပ်ကို ထပ်မံအတည်ပြု သတ်မှတ်ခဲ့ခြင်းသည်လည်း စားသုံးသူတို့အား အခွင့်အရေးကို သိရှိနားလည်ရယူဆောင်ရွက်ရန် အရေးကြီးကြောင်း အသိပေးလမ်းညွှန်မှုတစ်ခုလည်း ဖြစ်ပါတယ်။

ယနေ့ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း နိုင်ငံသူနိုင်ငံသား စားသုံးသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နစ်နာဆုံးရှုံးမှုများမရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ၂၀၁၃ခုနှစ်၊ ဧပြီလ(၁)ရက်မှစတင်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံအသင်းဝင်ဖြစ်သည့်အလျောက် Asean Economic Commnity (AEC) အာဆီယံစီးပွားရေး အသိုက်အဝန်းကြီး မဏ္ဍိုင်(၄)ရပ်ထဲမှ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသောစီးပွားရေး ဒေသမဏ္ဍိုင်လက်အောက်တွင် စားသုံးသူများကို အကာအကွယ်ပေးရေးအား အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အာဆီယံနိုင်ငံများနှင့် အတူလက်တွဲပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို လိုက်ပါအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (Consumer Protection Law)ကိုအခန်း(၁၂)ခန်း၊ ပုဒ်မပေါင်း(၃၁)ခုဖြင့် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်အမှတ် ၃၈/၂၀၁၄ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာတိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကိုလည်း ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ဖွဲ့စည်းထားရှိပြီးလည်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအဖြစ် လည်းကောင်း၊ ၂၀၁၆ခုနှစ်၊ ဧပြီလ ၁ ရက်မှစတင်၍ စားသုံးသူရေးရာဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာများ လုံခြုံပြီးစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၏ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်မှုနှင့် ဆုံးရှုံးနစ်နာမှုများမရှိစေရေး၊ သက်ရှည်ကျန်းမာပြီး ပျော်ရွှင်သောလူ့ဘောင်အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်စေရေးအတွက် စားသုံးသူများအား စားသုံးသူကိစ္စရပ်များနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောမှုများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအား ဖိတ်ခေါ်၍အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကာ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်ပေ။ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ ဟန်ချက်ညီညီလိုက်ပါ ဆောင်ရွက်နိုင်မှသာလျှင် ရေရှည်တည်တံ့သောစားသုံးသူ အကာအကွယ်ပေးရေးစနစ် ကောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သလို နိုင်ငံတော်၏ စီးပွားရေးကိုလည်း အထောက်အကူဖြစ်စေမည့် လုပ်ငန်းစဉ်တစ်ရပ်ဟု ဆိုလျှင်လည်း မှားနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်ရောင်းချသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီစွာထုတ်လုပ်နိုင်စွမ်းရှိလာပါက ပြည်ပဈေးကွက်တွင် မိမိတို့နိုင်ငံမှ ပို့ကုန်များဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည်ဖြစ်ပြီး ပို့ကုန်ဝင်ငွေများ တိုးတတ်မြင့်မားလာကာ ကုန်သွယ်မှုလိုငွေများကိုလည်း လျှော့ချနိုင်မှာလည်းဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်များမှလည်း အကျိုးအမြတ် ပိုမိုရရှိခံစားနိုင်မည်လည်း ဖြစ်ပါတယ်။

စားသုံးသူများသည် မိမိတို့၏စားသုံးသူအခွင့်အရေးအား သိရှိနားလည်ထားရန်နှင့် ရယူဆောင်ရွက်တတ်ရန်ကြလည်း အလွန်ပဲအရေးကြီးလှပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ စားသုံးသူများ ရရှိခံစားစေနိုင်မည့်အခွင့်အရေး လမ်းညွှန်ချက်(၈)ရပ်ကို ရေးသားတင်ပြလိုပါတယ်။

(၁) ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ဝယ်ယူအသုံးပြုခွင့်ရရှိခြင်း
(Right to Safety)

(၂) ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ မှန်ကန်သောသတင်းအချက်အလက်များ ရယူခွင့်ရှိခြင်း
(Right to Information)

(၃) ကုန်စည်နှင့်ဝန်ဆောင်မှုများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရရှိခြင်း
(Right to Choice)

(၄)ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခွင့်ရရှိခြင်း
(Right toHeard)

(၅)ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အခြေခံလိုအပ်ချက်များပေါ်တွင်စိတ်ကျေနပ်မှုရရှိစေနိုင်မှုရရှိခြင်း
(Right toSatisfaction Of Basic Needs)

(၆)ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ပြန်လည်ကုစားခွင့်ရရှိခြင်း
(Right toRemedies)

(၇)ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အသိပညာများအခွင့်အရေးများနှင့် သတင်းအချက်အလက်များကို လေ့လာသင်ယူဆည်းပူးခွင့်ရရှိခြင်း
(Right to Consumer Education)

(၈)ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် အသက်ရှင် နေထိုင်ခွင့်ရရှိခြင်းတို့ပဲဖြစ်ပါတယ်။
(Right to Healthy Environment)

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ ဥပဒေပါပြဋ္ဌာန်းချက်နှင့် လမ်းညွှန်ချက်များကို လေးစားတန်ဖိုးထား လိုက်နာဆောင်ရွက်ရပေမည်။ မိမိအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကိုသာ ရှေ့တန်းတင်မထားဘဲ စားသုံးသူများအား လုံခြုံစိတ်ချရသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ကုန်စည်များပေါ်တွင် ရှင်းလင်းထင်ရှားသည့် ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များ ရေးသားဖော်ပြရပေမည်။ ဥပမာ-ကုန်စည်တစ်ခုပေါ်တွင်သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးရှိပုံတို့အား ရေးသားဖော်ပြပါရှိရပေမည်။ စားသုံးသူအကာ အကွယ်ပေးရေး ဗဟိုကော်မတီမှလည်း ကုန်စည်များပေါ်တွင် အဆိုပါသတင်းအချက်အလက်များ ရေးသားဖော်ပြရမည်ဟု ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့်လည်းကောင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် တွင်စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဟု ထုတ်ပြန်ထားရှိပြီး အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၆)လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ-၁၉ အရ အရေးယူခံရမည်ဟု ထုတ်ပြန်ထားရှိပြီးလည်း ဖြစ်ပေသည်။

ကုန်စည်များကို ထုတ်လုပ်ရောင်းချရာတွင် မိမိတို့ရောင်းချလိုသည့်ကုန်စည်ကိုသာ ဝယ်ယူခွင့်ပြုပြီး ရွေးချယ် ဝယ်ယူခွင့် ကန့်သတ်ထားပါက စားသုံးသူများ၏ အခွင့်အရေးကို ချိုးဖောက်ရာရောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များတာဝန်နှင့် ဝတ္တရားများကိုလည်း ချိုးဖောက်ရာရောက်ပေလိမ့်မည်။ စားသုံးသူများအပေါ် လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာစသည်ဖြင့် ခွဲခြားဆက်ဆံမှုမျိုးမပြုဘဲ စားသုံးသူများအပေါ် မျှတသော တန်းတူဆက်ဆံမှုမျိုးဖြင့် ကျင့်ဝတ်နှင့်ညီသော စီးပွားရေးလုပ်ငန်းရှင်အဖြစ် ဂုဏ်ယူရပ်တည်ဆောင်ရွက်လုပ်ကိုင်ရမည်လည်းဖြစ်ပေသည်။

စာမျက်နှာ-၃၁ သို့

# ပုဂ္ဂလိကဘဏ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းကျင်းပမည့် 4th Myanmar's Biggest Property Expo ပြပွဲ ကျင်းပ

ပုဂ္ဂလိကဘဏ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းကျင်းပမည့် 4th Myanmar's Biggest Property Expo ပြပွဲကို ယခုလ ၁၅ ရက်မှ ၁၇ ရက်အထိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဘဏ်တိုးနှုန်း အထူးအစီအစဉ်များနှင့် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်တို့ကို ပါဝင်ပြသခဲ့ပြီး အိမ်ရာရွေးချယ်ဝယ်ယူခွင့်နှင့် အိမ်ရာချေးငွေ လျှောက်ထားခြင်းကဏ္ဍများကို သက်ဆိုင်ရာကဏ္ဍမှ တာဝန်ရှိသူများမှ လမ်းညွှန်ပေးခဲ့ကြောင်း သိရသည်။

'အခု လေးကြိမ်မြောက် ကျင်းပတဲ့ပွဲက အိမ်ခြံမြေရောင်းသူဝယ်သူတွေ အမှန်တကယ်ဆုံတဲ့ပွဲပါပဲ။ အိမ်ခြံမြေရောင်းလိုတဲ့သူတွေအတွက် Sell with Shwe Property ဆိုတဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ပေးထားပါတယ်။ တချို့အိမ်ခြံမြေတွေကို ဒီပွဲအတွင်းမှာ ရောင်းချပေးသွားမှာဖြစ်သလို ကျန်တာတွေကိုလည်း မိုဘိုင်းလ်အက်ပ်နဲ့ ဝက်ဘ်ဆိုဒ်ကတစ်ဆင့် ရောင်းချနိုင်အောင် စီစဉ်ပေးသွားမှာပါ' ဟု Shweproperty.com မှ တည်ထောင်သူနှင့် ဒါရိုက်တာ ဦးကောင်းသူဝင်းက ပြောသည်။

ပြပွဲတွင် ရန်ကုန်မြို့တွင်းရှိ ဘီစီစီကျပြီးသား နေထိုင်ရုံအသင့်အိမ်ခန်းများ၊ ဆောက်လုပ်ဆဲအိမ်ရာများ၊ တိုက်ခန်းများ၊ မီနီကွန်ဒိုများနှင့် ကွန်ဒိုများ စုစုပေါင်း ၄၀၀၀ ကျော်ကို အထူးလျှော့ဈေး ပရိုမိုးရှင်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ဘဏ်တိုးနှုန်း အထူးပရိုမိုးရှင်းပေးခြင်းနှင့် လျှော့ချပေးခြင်းများအပြင် Home Loan အစီအစဉ်သစ်များဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အိမ်ရာချေးငွေအစီအစဉ်တွင်လည်း နှစ်ရှည်အရစ်ကျဖြစ်သည့် ၃ နှစ်မှ ၂၅ နှစ်အထိ လျှောက်ထားနိုင်မည်ဖြစ်ပြီး ပုံမှန်နှစ်စဉ် အတိုးနှုန်း ၁၃ ရာခိုင်နှုန်း ထက်နည်းသော အထူးအစီအစဉ်များလည်း ပါဝင်ကြောင်း၊ ထို့အပြင် ဆောက်လုပ်ရေးကုမ္ပဏီများသာမက နာမည်ကျော်ကားကုမ္ပဏီများဖြစ်သည့် Peugeot, KIA နှင့် Suzuki ကားများကိုပါ ဘဏ်နှင့်အရစ်ကျ ဝယ်ယူခွင့်ရရှိစေရန် လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ချောစု**

# ကြက်ခြံနှင့် ငါးကန် တွဲဖက်မွေးမြူမှုများကို တားမြစ်သွားမည်

ငါးမွေးကန်များအပေါ်တွင် ကြက်ခြံတည်ဆောက်၍ တွဲဖက်မွေးမြူမှုများကို တားမြစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အပတ်စဉ်အစည်းအဝေးမှ သိရသည်။

ပြည်တွင်းမှ ရေထွက်ပစ္စည်းများကို အီးယူနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တင်ပို့နေသည့်အပြင် ဆော်ဒီအာရေဗျနိုင်ငံများသို့လည်း အရည်အသွေးစစ်ဆေး၍ တင်ပို့မှုများ ပြုလုပ်ရမှာဖြစ်သည့်အတွက် ယင်းကဲ့သို့ မွေးမြူမှုမှာ အဟန့်အတားဖြစ်လာနိုင်ကြောင်း သိရသည်။

'လက်ရှိပြည်တွင်းမှာ အသုံးပြုနေတဲ့ မွေးမြူရေးစနစ်ကို နိုင်ငံတကာမှာ အသုံးပြုလား မပြုဘူးလားဆိုတာကို နိုင်ငံတကာက ပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်မယ်။ ကမ္ဘာ့အထောက်အထားတွေလည်း ယူပြီး မြန်မာနိုင်ငံရဲ့ ငါးမွေးမြူရေးစနစ်ထဲမှာလည်း လက်ခံရမယ့် စနစ်မျိုးမဟုတ်ဘူးဆိုပြီး လိုက်နာလို့ရမယ့် နည်းလမ်းကို အမြန်ဆုံးရှာမယ်'ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

လက်ရှိတွင် ပြည်တွင်းရှိကြက်ခြံများကို စတီးနှင့် အခိုင်အမာတည်ဆောက်ပြီး အများအပြားလုပ်ကိုင်နေကြောင်း၊ အီးယူနှင့် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အခြားတိုင်းပြည်များမှ လာရောက်စစ်ဆေးမှုပြုလုပ်ပါက နိုင်ငံအတွက် ရလဒ်မကောင်းနိုင်ကြောင်း၊ ယင်းအတွက်ကြောင့် နိုင်ငံခြားသို့ တင်ပို့မှုများရှိသည့်အတွက် ကြက်ခြံနှင့်ငါးကန်တွဲဖက်မွေးမြူခြင်း မပြုသင့်ကြောင်း သိရသည်။

ထို့အပြင် ကြက်ချီး၊ ဝက်ချီးတို့နှင့် မွေးမြူထားသော ငါးများကိုစားသုံးပါက အန္တရာယ်ရှိနိုင်သည်ကို ပြည်သူအများသိရှိရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်း ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်မှ အများပြည်သူထံသို့ အသိပေးတင်ပြခဲ့ပြီး တိရစ္ဆာန်နှင့် ငါးတွဲဖက်၍ မမွေးမြူဖို့အတွက်ကိုလည်း ဥပဒေတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**



# မြန်မာနှင့် တရုတ်(ကွမ်တုန်းပြည်နယ်) အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေး

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ (ကွမ်တုန်းပြည်နယ်)တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဖလှယ်ရန်အတွက် တရုတ်နိုင်ငံ၊Guangdong CCPIT မှ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Ouyang Weimin ဦးဆောင်သော စီးပွားရေး လုပ်ငန်းရှင်အဖွဲ့သည် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းတို့နှင့် ပူးပေါင်းကာ "China (Guangdong)- Myanmar Trade and Investment Cooperation Conference"ကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားကို မတ် ၁၂ရက်က ရန်ကုန်မြို့ WYNDHAM ဟိုတယ်၌ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရန်အတွက် အခြေခံအဆောက်အအုံများ ပူးပေါင်းတည်ဆောက်ရန်၊ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားများ၊ ဆိပ်ကမ်းများ ဆောက်လုပ်ရေးတို့တွင်ပူးပေါင်းဆောင်ရွက်ရန်၊ စက်မှုကဏ္ဍ၊ အထည်အလိပ်လုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့၏ အကြီးစားထုတ်လုပ်မှုများအတွက် ပူး ပေါင်းဆောင်ရွက်ရန်နှင့် ပို့ဆောင်ဆက်သွယ်ရေး၊ စားသောက်ကုန်၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့တွင်လည်း ကွမ်တုန်းမှ နည်းပညာများကို ပံ့ပိုးပေးရန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာမှ လာရောက်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ရင်းနှီးလုပ်ကိုင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုမ္ပဏီများဥပဒေတို့ကို ပြုပြင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ အခြားလိုအပ်တဲ့ဥပဒေများကိုလည်း ဆက်လက်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ခေတ်သစ်စီးပွားရေး ဖွံ့ဖြိုးရေးနယ်ပယ်မှာ စည်းကမ်းရှိရှိ တာဝန်သိသိဖြင့် လာရောက်ရင်းနှီးလုပ်ကိုင်ရန် ဖိတ်ခေါ်ကြိုဆိုလျက် ရှိနေပါတယ်"ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ကပြောသည်။

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr.Xie Guoxiang က "မြန်မာနိုင်ငံဟာ အရေးကြီးတဲ့ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ရောက်နေပါပြီ။ ကွမ်တုန်းရဲ့အတွေ့အကြုံများကို မြန်မာနိုင်ငံကို ယူဆောင်လာပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်၊ မြန်မာနိုင်ငံမှာလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အကျိုးရှိတဲ့ ကဏ္ဍကနေ ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

**သန်းထိုက်အောင်**

# တတိယအကြိမ်မြောက် Wolver Myanmar Drift Championship ပြိုင်ပွဲ ကျင်းပမည်

တတိယအကြိမ်မြောက် Wolver Myanmar Drift Cham- pionship ပြိုင်ပွဲကို မန္တလေးနှင့် ပြင်ဦးလွင်လမ်း ပြင်စာကျေးရွာအနီးရှိ ရတနာပုံတယ်လီပို့တွင် မတ်လ ၃၀ရက်နှင့် ၃၁ ရက်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို motor sport ချစ်မြတ်နိုးသူများအတွက် ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ပြီး ယခုအကြိမ်နှင့်ပါဆိုလျှင် သုံးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

'နောက်ပိုင်း ကျွန်တော်တို့အသင်းအနေနဲ့ ရန်ကုန်မှာလုပ်ဖို့ရှိပါတယ်။ ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့ MSAM အနေနဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာဖို့၊ Public




area တွေမှာ မကစားဖို့အတွက် သတင်းထုတ်ပြန်ထားတာ ရှိပါတယ်။ အခုက ကတော့ ဝါသနာအလျောက် ကစားနေတဲ့သူတွေကို အင်တာနေရှင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် လမ်းမပေါ် မကစားဘဲ ကွင်းထဲမှာ စနစ်တကျကစားတာမျိုးဖြစ်အောင် ပြိုင်ပွဲကျင်းပပေးတာပါ။ နိုင်ငံတကာအထိ တက်လှမ်းနိုင်ဖို့အတွက် အပြည့်အဝယုံကြည်မှု ရှိပါတယ်။ ကျွန်တော်တို့ မျိုးဆက်မှာ မဖြစ်လာခဲ့ရင်တောင် နောက်မျိုးဆက်အတွက် မျိုးစေ့ချပေးခဲ့ချင်တယ်။ အဲဒါကြောင့် အကျိုးအမြတ်အတွက် လုပ်တာမဟုတ်ဘဲ အင်တာနေရှယ်နယ်က သူတွေပါ ဖိတ်ပြီးလုပ်တာဖြစ်တဲ့အတွက် ပြည်တွင်းကလူတွေလည်း အင်တာနေရှင်နယ်က သူတွေနဲ့ ထိတွေ့ခွင့်ရတာပေါ့' ဟု MSAM မှ အဖွဲ့ဝင် ကိုမင်းထက်သျှားက ပြောသည်။

'ဒီပြိုင်ပွဲကို အန္တရာယ်ရှိတယ်လို့ အများစုက မြင်ကြတယ်။ ဒါပေမယ့် အားလုံးပြည့်စုံအောင် medical cover တွေ လုပ်ပေးထားပါတယ်။ အားလုံးလာနိုင်အောင် ဝင်ခွင့်ကိုလည်း ဖရီးလုပ်ပေးထားသလို VIP လက်မှတ်တွေလည်း ရောင်းချပေးမှာပါ။ အားလုံးလာရောက်ဖို့လည်း ဖိတ်ခေါ်ပါတယ်' ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါပြိုင်ပွဲ လုပ်ဆောင်ရခြင်းမှာ စနစ်တကျ ကစားတတ်စေရန်နှင့် Safety ဖြစ်အောင် ကစားတတ်စေရန်တို့အတွက် အသိပညာရရှိစေရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဆုကြေးအနေဖြင့် ပရော်ဖက်ရှင်နယ်အဆင့်တွင် winner ရရှိသူကို ရွှေတစ်ကျပ်သားနှင့် ဒိုင်းဆုချီးမြှင့်မည်ဖြစ်ပြီး အခြားသူများအတွက် ဒိုင်းဆုနှင့် ဆုလက်ဆောင်များ ချီးမြှင့်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

## စာမျက်နှာ (၁၈) နိုင်ငံတော်အဆင့် စောင့်ရှောက်မှုအောက်တွင် . . . မှအဆက်

အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်ရာများနှင့် အလုပ်ဌာနများဥပဒေနှင့် လူကုန်ကူးမှုကာကွယ်ရေးဥပဒေတို့တွင် ကလေး သူငယ်များနှင့်ပတ်သက်သည့်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအလုပ်သမားဥပဒေအရ ကလေးအလုပ်သမားဆိုသည်မှာ အသက် ၁၄ နှစ်ပြည့်ပြီး ဆရာဝန်၏အလုပ်လုပ်ရန် သင့်တော်ကြောင်း ဆေးထောက်ခံချက်ပါရှိသူဟု သတ်မှတ်ထားပြီး အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား ကလေးများသည် ဆရာဝန်၏ထောက်ခံချက်ဖြင့် လူကြီးလုပ်သားကဲ့သို့ လုပ်ကိုင်ခွင့်ရှိပါသည်။ အသက် ၁၄ နှစ်နှင့် အသက် ၁၆ နှစ်ကြား ကလေးအလုပ်သမားများ၏ အလုပ်ချိန်မှာ တစ်နေ့လျှင် ၄ နာရီဟုသတ်မှတ်ထားပြီး ညနေ ၆ နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအကြား အလုပ်ခိုင်းစေခွင့်မရှိဘဲ ခွင့်ရက်ပိတ်ရက်များကို လူကြီးများကဲ့သို့ ခံစားခွင့်ရှိတာကို လူအများသိရှိသင့်လှပါသည်။ ကလေးအလုပ်သမားများကို ခိုင်းစေသည့်အခါ ကျွန်ပြုခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ စီးပွားရေးအရ လိင်မှုဆိုင်ရာအမြတ်ထုတ်ခံရခြင်း၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် တရားမဝင်လုပ်ငန်းများကို အသုံးပြုခံရခြင်းစသည့် အလုပ်များတွင် ခိုင်းစေပါက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဟု သတ်မှတ်ထားပါသည်။ ထို့ပြင် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်စေသည့် အလုပ်များခိုင်းစေခြင်း၊ သတ်မှတ်အလုပ်ချိန်ထက်ပိုလွန်ခိုင်းစေခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် ညအချိန်ခိုင်းစေမှုများ ပြုလုပ်ရသည့်အလုပ်ကို အန္တရာယ်ရှိသော အလုပ်ဟု သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အသက် ၁၈ နှစ်မပြည့်သေးသူများကို အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်းမှတားမြစ်ရန်အတွက် အန္တရာယ်ရှိသော အလုပ်များ၊ လုပ်ငန်းခွင်များစာရင်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ နည်းပညာအကူအညီရယူပြီး ရေးဆွဲလျက်ရှိကြောင်းကိုလည်း သိရပါသည်။

၂၀၁၇ ခုနှစ် နှစ်စဉ်လုပ်သားအင်အား စစ်တမ်းအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ၅ နှစ်မှ ၁၇ နှစ် ကလေးဦးရေသန်းပေါင်း ၁၂ ဒသမ ၄၁ သန်းရှိကြောင်း သိရပြီး ၂၀၁၈ ခုနှစ် ပထမအကြိမ်အစီရင်ခံစာအရ ကလေးဦးရေသန်းပေါင်း ၁၂ ဒသမ ၄၀ သန်းရှိကြောင်း သိရသည်။ ထိုအထဲတွင်မှ အန္တရာယ်ရှိသော လုပ်ငန်းခွင်သို့ ဝင်ရောက်နေသည့် ကလေးသူငယ်အလုပ်သမားများသည် ရာခိုင်နှုန်းအားဖြင့် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၈ ခုနှစ်ပထမအကြိမ် အစီရင်ခံစာအရ ၃ ဒသမ ၂ ရာခိုင်နှုန်းဖြစ်နေသဖြင့် ရာခိုင်နှုန်းအားဖြင့် အပြောင်းအလဲမရှိသည်ကိုတွေ့ရသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ကလေးအသေအပျောက် နှုန်းအားဖြင့် နိုင်ငံ ၂၂၅ နိုင်ငံအနက် အဆင့် ၅၁ နိုင်ငံကို ရောက်ရှိလျက်ရှိသည်ကို ထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိမိမိတို့နိုင်ငံသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို ဆင်းရဲနွမ်းပါးမှု လျော့ကျရေး၊ လူမှုရေးဝန်ဆောင်မှု မပြည့်စုံမှုများကို ပိုမိုဖြည့်ဆည်းပေး



နိုင်ရေး၊ သဘာဝဘေးအန္တရာယ်၊ အလုပ်အကိုင်နှင့် ပြည်တွင်း ပဋိပက္ခများ ဖြေရှင်းရေးတို့ကိုလည်း အဓိကလုပ်ငန်းများအဖြစ် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိနေပါသည်။ အဆိုပါလုပ်ငန်းများအပြင် ကလေးသူငယ် အလုပ်သမားများနှင့်ပတ်သက်၍ ဗဟုသုတများ ပြန့်ပွားရေး၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲနိုင်ရေး၊ ကလေးအလုပ်သမားဆိုင်ရာ ပြဿနာများအတွက် ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ တာဝန်ဝတ္တရားများသတ်မှတ်ကာ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းစီမံချက်များကိုချမှတ်ပြီး တိုးတက်မှုများကို အကဲဖြတ်နိုင်ရေးတို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိနေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားပပျောက်စေရန်ရည်ရွယ်၍ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖွဲ့စည်းရာမှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ရတနာ့မေတ္တာအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ Association Francios-Xavier Bagnoud Myanmar၊ ILO၊ Save the Children၊ UNICEF၊ World Vision တို့ဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါအဖွဲ့အနေဖြင့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လူကုန်ကူးမှုဆိုင်ရာတားဆီးရေးဆိုင်ရာကိစ္စများ၊ ကလေးများပညာရေးနှင့် သက်မွေးပညာဆိုင်ရာ ကိစ္စရပ်များ၊ ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များတွင် ကလေးအလုပ်သမားအရေးများ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စများ၊ ကလေးအလုပ်သမားများအတွက် အမြတ်ထုတ်မခံရရေး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ မိသားစုများအနေဖြင့် ကလေးအလုပ်သမားလေးများအပေါ် မှီခိုမှုလျော့ကျစေရေးအတွက် လူမှုအသိအမြင် မြှင့်တင်ဆောင်ရွက်မှုများ၊ ကလေးအလုပ်သမားများအတွက် အန္တရာယ်ကင်းသည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နိုင်ရေး စီစဉ်ကြပ်မတ်ဆောင်ရွက်မှုများ၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်နိုင်ရန်ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မည့် ကိစ္စရပ်များစသည့် ကလေးသူငယ်အလုပ်သမားများကို ပျိုးထောင်ပြုစုစောင့်ရှောက်မှုများကို ဥပဒေနှင့်အညီ နည်းမှန်လမ်းမှန်ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ထို့ကြောင့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်င န်းအဖွဲ့သည် ပုံမှန်အစည်းအဝေးများ ကျင်းပနေပြီး အစီရင်ခံစာများကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းအသီးသီးတို့ ပါဝင်ဆောင်ရွက်ခဲ့သည်ဖြစ်ရာ မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူအားဖြင့် ပြင်ဆင်အတည်ပြုပြီးဖြစ်ကာ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို လုပ် ဆောင်နေပြီဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အားတစ်ရပ်ဖြစ်လာမည့် ကလေးသူငယ်လေးများ မှန်ကန်သော လမ်းကြောင်းများတွင် လုံခြုံမှုရှိစွာ ရှင်သန်ကြီးပြင်းလာစေရေးအတွက် ကလေးသူငယ်အလုပ်သမားများ ပပျောက်မှုရှိစေရေးကို အမျိုးသားအဆင့် လုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိနေပါသည်။ လုပ်ငန်းလုပ်ဆောင်ရာတွင်လည်း စီမံကိန်းကာလကို ၂၀၁၉ မှ ၂၀၃၃ ခုနှစ်အထိ ၁၅ နှစ်ကာလ သတ်မှတ်မည်ဖြစ်ကာ ၂၀၁၉ မှ ၂၀၂၃ ခုနှစ်အထိ ပထမငါးနှစ် စီမံကိန်း၊ ၂၀၂၄ မှ ၂၀၂၈ ခုနှစ်အထိ ဒုတိယငါးနှစ်စီမံကိန်း၊ ၂၀၂၉ မှ ၂၀၃၃ ခုနှစ်အထိ တတိယငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါပထမ ငါးနှစ်စီမံကိန်းတွင် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ကဏ္ဍတို့ကို ဦးစားပေး နယ်ပယ်များအဖြစ် သတ်မှတ်ထားကာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို စီမံကိန်းနယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း သိရပါသည်။ အဆိုပါစီမံကိန်းကို အသက် ၁၄ နှစ်အောက် ကလေးအလုပ်သမားများနှင့် အသက် ၁၄ နှစ်မှ အသက် ၁၈ နှစ်ကြား ကလေးအလုပ်သမားများဟူ၍ အုပ်စုနှစ်စုခွဲကာ ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း သိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးကိစ္စရပ်အပေါ် ဒုတိယသမ္မတ (၁) ဦးဆောင်သော မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်း ကော်မတီများအဖွဲ့ဖြင့် ဖွဲ့စည်းလျက် နိုင်ငံတော်အဆင့်ဖြင့် ဆောင်ရွက်နေပါသဖြင့် ကလေးအလုပ်သမားများ၏ အနာဂတ် အခွင့်အလမ်းများရောင်ခြည်သန်း၍ အရှက်ဦးသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရား စီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများမှ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေအသစ်နှင့် ဥပဒေအဟောင်းကွာခြားချက်များ၊ ဥပဒေသစ်တွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ကုမ္ပဏီများစာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊ တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းနှင့် နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းစသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ ထည့်သွင်းရေးဆွဲထားမှုအခြေအနေများ၊ ဥပဒေသစ်တွင် ထူးခြားချက်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများခန့်အပ်ဆောင်ရွက်ခြင်းနှင့် တရားရုံးများပါဝင်မှု အခန်းကဏ္ဍလျှော့ချထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကော်မတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ Resolving Insolvency Indicator အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

## မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရန်အောင်ဈေးအတွင်း ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် မတ် ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရန်အောင်ဈေးသို့ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းနှင့်အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဈေးတာဝန်ခံနှင့် အဖွဲ့ဝင်များသည် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာတွင် ကုန်ပစ္စည်းများတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မဖြစ်မနေဖော်ပြရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ကုန်ပစ္စည်းများပေါ် တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ထောက်ခံချက် ရှိ/မရှိ စစ်ဆေးခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ပိတ်ပင်ထားသော ခြင်ဆေးခွေများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခြင်း၊ သက်တမ်းလွန် ကုန်ပစ္စည်းများရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး ဈေးရောင်းချသူများအား စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း စားသုံးသူ (မန္တလေး)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုနှင့် ဈေးကွက်စစ်ဆေးခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးတင့်လွင်ဦး ဦးဆောင်သော ဝန်ထမ်းများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုနှင့် ဈေးကွက်စစ်ဆေးခြင်းများကို ဖေဖော်ဝါရီလ တတိယပတ်အတွင်းတွင် အရှိန်မြှင့်၍ ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။

အသိပညာပေး ဟောပြောဆွေးနွေးမှု ဆောင်ရွက်ခဲ့တဲ့နေရာများမှာ တောင်ကြီးမြို့နယ်၊ ဆောင်းဖိုး၊ ဟမ်းဆီး၊ နောင်ခဲ၊ ပင်တွန်၊နောင်ဟိန်းကျေးရွာသူ/သားများနှင့် စဝ်စံထွန်း ဈေးရှိ ဈေးသူဈေးသားများအားလည်းကောင်း၊ ဈေးကွက်စစ်ဆေးခြင်းလုပ်ငန်းများကိုတော့ ဖယ်ခုံမြို့နှင့် ညောင်ရွှေမြို့ရှိ စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်များကိုလည်းကောင်း၊ တောင်ကြီးမြို့ရှိ ပြည်တော်သာ၊ ညောင်ရွှေဟော်ကုန်း၊ စိန်ပန်းရပ်ကွက်၊ စဝ်စံထွန်းဈေး ကုန်စုံဆိုင်များနှင့် ဆီဆိုင်မြို့နယ် နောင်မွန်ရွာ ကုန်စုံဆိုင်များဖြစ်ကြောင်း သိရပါတယ်။

ထို့နောက် အဆိုပါ ရပ်ကွက်ကျေးရွာများတွင် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နဲ့ ရည်မှန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူများအနေနဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုများကိုအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက (CICC) ရုံးများသို့ တိုင်ကြားနိုင်ပုံများ ကိုလည်းကောင်း၊ အစားအသောက်များ ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန်လည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များကြောင့် ရောဂါဝေဒနာခံစားရမှုများကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှု ပြစ်ဒဏ်များ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင်မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းပြုရန်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားရှိမှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# ခရီးသွားကဏ္ဍအတွင်း အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များ နှီးနှောဖလှယ်ပွဲ တောင်ကြီးမြို့တွင်ကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ Taunggyi Hotel တွင် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

အဆိုပါ အလုပ်ရုံနှီးနှောဖလှယ်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က အဖွင့်အမှာစကား ပြောကြားပေးခဲ့ပါတယ်။

နှီးနှောဖလှယ်ပွဲ ကျင်းပခြင်းရည်ရွယ်ချက်ကတော့ ကျန်းမာသန့်ရှင်းသော အစားအစာထုတ်လုပ်ရန် ယေဘုယျ အခြေခံ သဘောတရားသိရှိရန်နှင့် GHP(Good Hygiene Practice) အစာကွင်းဆက်တစ်လျှောက်ရှိ အဆင့်တိုင်းတွင် အစားအစာ ဘေးကင်းလုံခြုံမှုနှင့် စားသုံးသူလက်ခံနိုင်သော စားသောက်ကုန်ဖြစ်စေရန် လိုအပ်သောတိုင်းတာမှုများ၊ အခြေအနေများနှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရမည့် အလေ့အကျင့်များကို ရေရှည်လုပ်ဆောင်သွားတတ်ရန်ဖြစ်တယ်လို့ ဆိုပါတယ်။

နှီးနှောဖလှယ်ပွဲတွင် Salesio Zvawada,UN Cluster Coordinator, UNops, Myanmar မှ မြန်မာနိုင်ငံအစိုးရ(SECO)နှင့် ကမ္ဘာ့ကုလသမဂ္ဂအစုအဖွဲ့ (UN Cluster) ကုန်သွယ်ရေးနှင့် ကုန်ထုတ်စွမ်းအား စွမ်းရည်မြှင့်တင်မှု စီမံကိန်းအကြောင်း၊ Dr.Namrata P Wark haloo, Food Safety Expert, JTC မှ JTC အကြောင်း မိတ်ဆက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း စားသောက်ကုန်ဘေးကင်းစေရေး ပံ့ပိုးမှုအကြောင်း၊ နိုင်ငံတကာမှ စားသောက်ကုန် ဘေးကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ရေးဆိုင်ရာ တင်ပြဆွေးနွေးခြင်းများ၊ ခရီးသွားလုပ်ငန်းကဏ္ဍရှိ တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့်ပတ်သက်သော Codex လိုအပ်ချက်များအကြောင်း၊ စားသောက်ကုန်ဘေးကင်းရေးမှုများ (Haccp) မိတ်ဆက်ခြင်းတို့ကိုလည်းကောင်း၊ Marta Drago, International Consultant, JTC မှ JTC ချဉ်းကပ်မှုပုံစံနဲ့ နည်းစနစ်များအကြောင်းကို လည်းကောင်း၊ FDA မှ မြန်မာနိုင်ငံ၏ စားသောက်ကုန်ဘေးကင်းရေး ဥပဒေများအကြောင်းကိုလည်းကောင်း၊ NTF III and NTF IV Christine, JTC Tcc, Loikaw က အတွေ့အကြုံမျှဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြပါတယ်။

ဆက်လက်၍ Working Group အဖြစ် အင်းလေးကန် အနီးတစ်ဝိုက်ဒေသများရှိ ခရီးသွားလုပ်ငန်းများဆိုင်ရာ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်သူအင်အား ၅၀ ဦး ခန့်ရှိတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ (၅/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့၏ (၅/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ်အတွင်း မော်လမြိုင်ခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသူများ မှဆွေးနွေးခဲ့ကြသည်။

ထို့နောက် မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၂၂ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည့် တိုက်ရိုက်ရောင်းချခြင်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ အများပြည်သူထံသဘောထားရယူဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အများပြည်သူသို့ချပြ ဆွေးနွေးခဲ့သည့် တိုက်ရိုက်ရောင်းချခြင်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**



# ကလေးခရိုင် စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ ကလေးမြို့နယ်အတွင်းရှိ စားသုံးသူရေးရာ အဖွဲ့ငယ်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

ကလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနတွင် ဖေဖော်ဝါရီ ၂၆ ရက်က ကလေးခရိုင် စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ကလေးမြို့နယ်အတွင်းရှိစားသုံးသူရေးရာ အဖွဲ့ငယ်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးနှင့် သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၊ ကလေးမြို့နယ်အတွင်းရှိ စားသုံးသူရေးရာ အဖွဲ့ငယ်များကို စားသုံးသူအကြောင်း သိကောင်းစရာများပြောကြားခဲ့ပြီး တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကြော်ငြာစာများကို ဖတ်ကြားရှင်းလင်းသွားမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် ၈ (ခ)အရ သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကြော်ငြာစာအမှတ်(၁/၂၀၁၈)တွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက် ကြေးမုံသတင်းစာ၌ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ လုပ်ငန်းရှင်များအား ကြိုတင်အသိပေးအကြောင်းကြားစာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပါပုဒ်မ -၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် (သို့) ညွှန်ကြားချက်များ ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြ၍ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ၆ လပြည့်မြောက်သည့်နေ့မှစပြီး အာဏာသက်ရောက်မည်ဖြစ်၍ လိုက်နာခြင်းမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်သိရှိပြင်ဆင် ဆောင်ရွက်ထားနိုင်ကြပါရန် အသိပေးအပ်ပါကြောင်း၊ ၂၀၁၈ခုနှစ် အောက်တိုဘာ ၂၆ ရက်စွဲပါ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) အား ထုတ်ပြန်ခဲ့သည့်ကုန် အညွှန်း အမှတ်အသားများ မြန်မာဘာသာနှင့် ဖော်ပြရမည့် သတ်မှတ်ချက် ဇယားမှသုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင်သတိပေးချက်နှင့် ဘေးထွက်ဆိုးကျိုးများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဒေါ်မေဆုဝေက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ထိ သိမ်းဆည်းပစ္စည်းများဖြစ်သည့် သက်တမ်းလွန်အစားအသောက် ၆၇ မျိုး၊ ၁၄၁၀ ခု၊ FDA ဌာနမှစားသုံးရန်မသင့်ကြော်ငြာထားသောအစားအသောက် ၁၁ မျိုး ၄၅၂ ခု၊ မှိုတက်နေသောအစားအသောက် တစ်မျိုး ၁၅ ခု၊ သက်တမ်းလွန်နေသော ဆေးဝါး ၁၅ မျိုး ၇၀ ခု၊ စားသောက်ကုန်နှင့် ဆေးဝါးများ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၄၆၁၁၀၀ တန်ဖိုးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ရှေ့ဆက်လက်၍လည်း ကလေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်းများ၊ မီးရှို့ဖျက်ဆီးခြင်း လုပ်ငန်းစဉ်များကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့် (ကလေး)**



# ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် စီရိုနယ်ဒို၏ စံချိန်သစ်များ

၁၉၉၂ ခုနှစ်က ပေါ်တူဂီနိုင်ငံမှ အသင်းငယ်လေး အန်ဒိုရင်ဟာ အသင်းနှင့် အတူ လူငယ်ကစားသမားဘဝ စတင်ခဲ့သည့် ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ၂၀၀၂ ခုနှစ်တွင် စပို့တင်းအသင်းကြီး၌ ပါဝင်ကစားခွင့် ရရှိခဲ့သည်။ စပို့တင်းအသင်းတွင် ခြေစွမ်းပြနိုင်ခဲ့သည့် စီရိုနယ်ဒိုကို ၂၀၀၃ ခုနှစ်တွင် မန်ယူအသင်းကခေါ်ယူခဲ့သည်။ စီရိုနယ်ဒိုသည် မန်ယူအသင်းသို့ရောက်လာပြီး နှစ်အနည်းငယ်အတွင်း ၌ပင် ဘောလုံးလောကတွင် ထွန်းတောက်သည့် ကြယ်တစ်ပွင့် ဖြစ်လာခဲ့သည်။

မန်ယူအသင်းနှင့်အတူ ထွန်းတောက်လာခဲ့သည့် စီရိုနယ်ဒိုသည် ၂၀၀၉ ခုနှစ်တွင် စပိန်လာလီဂါ ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြန်သည်။ ထို့နောက် ၂၀၁၈ ခုနှစ်တွင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ စီရိုနယ်ဒိုသည် မန်ယူ၊ ရီးရဲလ်မက်ဒရစ် အသင်းတို့နှင့်အတူ စံချိန်ကောင်းများကို ရယူထားနိုင်သည်သာမကဘဲ လက်ရှိကစားနေသည့် ဂျူဗင်တပ်အသင်းနှင့်အတူ ခြေစွမ်းပြလျက်ရှိသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ပတ်သက်၍ စီရိုနယ်ဒို၏ စံချိန်များကို ဒေးလီးမေးလ်သတင်းစာက ဖော်ပြထားသည်။

**သွင်းဂိုး**

စီရိုနယ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲပေါင်း ၁၆၀ ကစားထားရာတွင် ၎င်း၏သွင်းဂိုးမှာ ၁၂၄ ဂိုးရှိပြီဖြစ်ခြင်းကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် ဂိုးအများဆုံးသွင်းသည့် ကစားသမားအဖြစ် ရပ်တည်နေသည်။

**ဂိုးဖန်တီးမှု**

စီရိုနယ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် ကိုယ်တိုင် ဂိုးသွင်းနိုင်ရုံသာမကဘဲ အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း ဂိုးဖန်တီးပေးမှု အများအပြား ပြုလုပ်ပေးနိုင်သည်။ စီရိုနယ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲပေါင်း ၁၆၀ တွင် ဂိုးဖန်တီးပေးမှု ၄၄ ကြိမ်ပြုလုပ်ပေးပြီး စံချိန်တင်ထားသည်။

**ဟက်ထရစ်**

စီရိုနယ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းဂိုး ရှစ်ကြိမ်အထိ ရှိထားသည်။ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည်လည်း ဟက်ထရစ် ရှစ်ကြိမ်ရှိထားခြင်းကြောင့် စံချိန်တူညီနေသည်။

**ဗိုလ်လုပွဲ သုံးကြိမ်ဆက် ဂိုးသွင်းနိုင်**

စီရိုနယ်ဒိုသည် ၂၀၀၇-၂၀၀၈ က မန်ယူအသင်းတွင်ရှိနေစဉ် ချယ်လ်ဆီးအသင်းနှင့် ကစားခဲ့သည့် ဗိုလ်လုပွဲတွင် ဂိုးသွင်းနိုင်ခဲ့သလို ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဗိုလ်လုပွဲစဉ်တို့တွင်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဗိုလ်လုပွဲ သုံးကြိမ်တွင် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။

ထို့အပြင် စီရိုနယ်ဒိုသည် အုပ်စုပွဲစဉ်အားလုံးတွင် ဂိုးသွင်းဖူးသည့် ပထမဆုံး ကစားသမား၊ ၁၁ ပွဲဆက် ဂိုးသွင်းယူနိုင်ခြင်း၊ ရီးရဲလ်မက်ဒရစ် တစ်သင်းတည်းအတွက် ချန်ပီယံလိဂ်သွင်းဂိုး ၁၀၁ ဂိုးရှိခြင်း၊ တစ်ရာသီအတွင်း ၁၇ ဂိုးသွင်းနိုင်ခြင်း၊ ခြောက်ရာသီဆက် ဂိုးအများဆုံးသွင်းနိုင်ခြင်းနှင့် ချန်ပီယံလိဂ်ဆုဖလား ငါးကြိမ်ရရှိသည့် ပထမဦးဆုံးကစားသမားဖြစ်ခြင်း စသည့် စံချိန်သစ်များကို ပိုင်ဆိုင်ထားသည်။

ဟန်နေသစ် စုစည်းသည်



# ဘရာဇီးလူငယ်ကစားသမား မီလီတာအိုကို ရီးရဲလ်အသင်း ယူရို သန်း ၅၀ ဖြင့် ခေါ်ယူ

ရီးရဲလ်မက်ဒရစ်အသင်းသည် ပေါ်တိုအသင်းမှ ဘရာဇီး လူငယ်ခံစစ်ကစားသမား အီဒါဂါဘရီရယ်မီလီတာအိုကို ယူရို သန်း ၅၀ ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် အဆိုပါ ကစားသမားကို ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်းကိုလည်း Goal.com တွင် ဖော်ပြထားသည်။ အီဒါဂါဘရီရယ်မီလီတာအိုမှာ ရီးရဲလ်မက်ဒရစ်အသင်းကို နည်းပြ ဇီဒန်း ပြန်လည်ကိုင်တွယ်ချိန်တွင် ပထမဦးဆုံးခေါ်ယူနိုင်သည့် ကစားသမားဖြစ်သည်။

အသက်(၂၁)ရှိ အီဒါဂါဘရီရယ်မီလီတာအိုသည် ဘရာဇီးလက်ရွေးစင်ကစားသမားတစ်ဦး ဖြစ်သလို ပေါ်တိုအသင်းတွင်လည်း ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အီဒါဂါဘရီရယ်မီလီတာအိုသည် ဗဟိုခံစစ်ပိုင်းတွင်သာမကဘဲ ညာတောင်ပံနှင့် ကွင်းလယ်ပိုင်းတွင်လည်း ကစားနိုင်သူဖြစ်သည်။

အီဒါဂါဘရီရယ်မီလီတာအိုက ‘ရီးရဲလ်မက်ဒရစ်အသင်းက ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ လက်တွဲခဲ့လို့ အသင်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရပါတယ်။ ရီးရဲလ်မက်ဒရစ်လိုအသင်းမျိုးမှာ ကစားခွင့်ရတာက ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါ။ အသင်းသစ်မှာ စိန်ခေါ်မှုအသစ်တွေကိုရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ရီးရဲလ်မက်ဒရစ်အသင်းမှာ ကစားသမားကောင်းတွေ အများအပြားရှိနေတာကြောင့် ပထမပွဲထွက်ခွင့်အတွက် တိုက်ပွဲဝင်သွားမှာပါ’ ဟု ပြောကြားခဲ့သည်။

# ရာကီတစ်ကိုခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စားနေ ပေါ့ဂ်ဘာ မန်ယူတွင်သာ ဆက်ရှိနေမည်ဟု ဆိုးလ်ရှားပြော



မန်ယူအသင်းယာယီနည်းပြ ဆိုးလ်ရှားသည် ကစား သမားသစ် ခေါ်ယူမှုအတွက် ပေါင်သန်း ၈၀ ကို ကနဦး အသုံးပြုခွင့် ရရှိထားရာ ယင်းငွေကြေးဖြင့် ဗဟိုခံစစ်ကစားသမားတစ်ဦးထက် တောင်ပံကစားသမားတစ်ဦးကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား ထားသည်။

လတ်တလောအချိန်တွင် မန်ယူအသင်းက ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် ကစားသမားမှာ ဘာစီလိုနာအသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား ရာကီတစ်ပင်ဖြစ်သည်။ ရာကီတစ်သည် အသက်(၃၁)နှစ်ရှိပြီဖြစ် သော်လည်း ဘာစီလိုနာအသင်း၏ ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေဆဲဖြစ်သည်။

သို့သော် ဘာစီလိုနာအသင်းသည် အေဂျက်အသင်းမှ အသက်(၂၁)နှစ်သာရှိသေးသည့် နယ်သာလန် ကွင်းလယ်ကစားသမား ဒီဂျောင်ကို ခေါ်ယူရန် ပြင်ဆင်နေခြင်းကြောင့် ရာကီတစ်ကို ပြန်လည်ရောင်းထုတ်ရန် ပြင်ဆင်လာခဲ့ခြင်းလည်း ဖြစ်သည်။

အခြားတစ်ဖက်တွင် မန်ယူအသင်း၏ ယာယီနည်းပြ ဆိုးလ်ရှားက ပေါ့ဂ်ဘာမှာ အသင်းပြောင်းတော့မည်မဟုတ်ဘဲ မန်ယူအသင်းတွင်သာ ဆက်ရှိနေတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

ဆိုးလ်ရှားက ‘ကျွန်တော်တို့အတွက် အဓိကလိုအပ်နေတာက ခံစစ်ကစားသမား မဟုတ်ပါဘူး။ တောင်ပံကစားသမားပါ။ တိုက်စစ်ပိုင်းကို ကောင်းကောင်း လိုက်ပါပံ့ပိုးပေးနိုင်မယ့် တောင်ပံကစားသမားကောင်းတစ်ဦးကို လိုအပ်နေတာပါ။ အဲ့ဒီအတွက်လည်း အမြန်ဆုံး ခေါ်ယူဖြည့်တင်းသွားမှာပါ။ တစ်ဆက်တည်းမှာ ပြောချင်တာက အရင်က အသင်းပြောင်းဖို့ စိတ်အားထက်သန်နေတဲ့ ပေါ့ဂ်ဘာဟာလည်း မန်ယူအသင်းမှာ ဆက်ရှိနေပါတော့မယ်ဆိုတာပါပဲ’ ဟု ပြောကြားခဲ့သည်။

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်များမဲခွဲ ဘာစီလိုနာနှင့် မန်ယူတို့ ဆုံတွေ့

၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် မဲခွဲမှုကို မတ် ၁၅ ရက် ညနေပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့တွင် ကျင်းပခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲနှိုက်ရွေးချယ်ခဲ့ရာတွင် အေဂျက်(နယ်သာလန်)နှင့် ဂျူဗင်တပ်(အီတလီ)၊ လီဗာပူး (အင်္ဂလန်)နှင့် ပေါ်တို(ပေါ်တူဂီ)၊ စပါး(အင်္ဂလန်)နှင့် မန်စီးတီး(အင်္ဂလန်)၊ ဘာစီလိုနာ(စပိန်)နှင့် မန်ယူ(အင်္ဂလန်)တို့ ဆုံတွေ့ကြမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် စပါးနှင့် မန်စီးတီးပွဲမှ




အနိုင်ရသည့် အသင်းနှင့် အေဂျက်နှင့် ဂျူဗင်တပ်အသင်းမှ အနိုင်ရသည့်အသင်းတို့ ဆုံတွေ့မည်ဖြစ်သလို ဘာစီလိုနာနှင့် မန်ယူပွဲမှ အနိုင်ရသည့်အသင်းနှင့် လီဗာပူးနှင့် ပေါ်တိုအသင်းမှ အနိုင်ရသည့်အသင်းတို့ ဆုံတွေ့ကြမည်ဖြစ်သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လည်းကောင်း၊ ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်နှင့် ၈ ရက်တို့တွင် လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၁ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားမှုအခြေအနေကို ကြည့်မည်ဆိုလျှင် မန်စီးတီးအသင်းက ဗိုလ်စွဲရန်ရေပန်းစားမှု ၂၈ ရာခိုင်နှုန်း၊ လီဗာပူးအသင်းက ၂၂ ရာခိုင်နှုန်း၊ ဘာစီလိုနာအသင်းက ၂၀ ရာခိုင်နှုန်း၊ ဂျူဗင်တပ်အသင်းက ၁၁ ရာခိုင်နှုန်း၊ အေဂျက်အသင်းက ၇ ရာခိုင်နှုန်း၊ စပါးအသင်းက ၅ ရာခိုင်နှုန်း၊ မန်ယူအသင်းက ၄ ရာခိုင်နှုန်းနှင့် ပေါ်တိုအသင်းက ၃ ရာခိုင်နှုန်းတို့ဖြစ်သည်။

# နှစ်(၉၀၀)ပြည့် ဘုရားပွဲတော်အတူနဲ့ပျော် ဝယ်စရာတွေက စုံလင်သနော်

[ မြင့်ဦး(ပခုက္ကူ) ]

ကျွန်တော်တို့ ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ လုပ်ငန်းတော်တော်များတဲ့လလို့ သတ်မှတ်ရမှာပါ။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြည်ထောင်စုပွဲအဖြစ် ပခုက္ကူမြို့ အားကစားခန်းမတွင် ပြခန်းပြရတယ်။ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်များကို လာရောက်လေ့လာကြတဲ့ ပြည်သူအများကို ခင်းကျင်းပြသရတာပါ။ ဖေဖော်ဝါရီလ ၁၃ ရက်မှာ လွတ်လပ်ရေးဗိသုကာ၊ လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့အဖြစ် ဆက်တိုက်ပြသရတာပါ။ ဖေဖော်ဝါရီ ၁၇ ရက်မှာ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆင်ကြို့ ရွှေဂူသာရက္ခန်စေတီတော်ကြီးသည် မန္တလေးတိုင်း မြင်းခြံခရိုင်၏ အနောက်ဖက်တွင်ရှိ၍ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ကြား ပခုက္ကူမှမြောက်သို့ထွက်လာလျှင် ကျောက်လှေခါးကျေးရွာ(၉)မိုင်အရောက် လမ်း၏ အရှေ့ဘက် ဆင်ကြို့ရွာသို့(၂)မိုင်ကျော်မျှဆိုလျှင် ရောက်ပါပြီ။ ရေစကြိုနှင့်ဆိုလျှင် မိုင် ၂၀ ခန့်ဝေးပါသည်။ လမ်းကောင်းမွန်၍ ဘူမိနက်သန်နေရာမှန်တစ်ခုဖြစ်ပါသည်။

ဆင်ကြို့ရွှေဂူဘုရားနှစ်(၉၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်မှာ ပြပွဲဆက်တိုက်ခင်းကျင်းပြသရပါတယ်။ ဖေဖော်ဝါရီလကုန်ထိပါ။ ပခုက္ကူခရိုင်အတွင်း ရေစကြိုမြို့နယ်အပါအဝင် ကျွန်တော်တို့ခရိုင်အတွင်း သာရက္ခန်ဘုရားလေးဆူတောင် ထူးခြားစွာရှိနေတဲ့ ခရိုင်တစ်ခုပါ။ ပခုက္ကူရွှေတန်းတစ်မှာတစ်ဆူ၊ ရေစကြိုမြို့နယ် ဆင်ကြို့ကျေးရွာမှာတစ်ဆူ၊ ပခန်းကြီးမြို့ဟောင်းမှာတစ်ဆူ၊ ရှင်မတောင်မှာတစ်ဆူ ခရိုင်အတွင်း(၄)ဆူတောင် ကိန်းဝပ်စံပယ်တော်မူတဲ့ ထူးခြားတဲ့ခရိုင်တစ်ခုပါ။ သာရက္ခန်ဘုရားများ နှစ်(၉၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်ပူဇော်တဲ့ ထူးခြားတဲ့ဘုရားပွဲတော်များ ကျင်းပပြုလုပ်ပူဇော်ခွင့်ရတဲ့ နယ်မြေတစ်ခုဖြစ်သည်မှာ ထူးခြားမှုတစ်ခုဂုဏ်ယူဝံ့ကြွားစွာပြောခွင့်ရတဲ့ နယ်မြေဒေသတစ်ခုပါ။

အလောင်းစည်သူမင်းကြီးသည် သိကြားမင်း ဝိသကြုံဟ်နတ်သားတို့၏ တန်ခိုးတော်နှင့်အတူ သိကြားမင်းဆက်သသော သာရက္ခန်ဘုရားအဆူဆူကို သစ်ကနက်ဖောင်တော်ယာဉ်စကြာကြီး ဗိမ္မာန်တော်ကြီးအတွင်း ပင့်ဆောင်၍ အလောင်းစည်သူမင်းကြီးသည် ရမထာကြိမ်လုံးဖြင့် (၃)ချက်ဝင့်လိုက်သည်ရှိသော် မလှော်မခတ်ရဘဲ ဖောင်တော်သည်ပုဂံပြည်သို့ ပြန်ကြွတော်မူသည် အလောင်းစည်သူမင်းကြီးက သစ္စာပြု အဓိဋ္ဌာန်ကာ ဆင်တော်များကို စေလွှတ်ခဲ့သော် မြေမြင့်မြတ်ရာ ဣစ္ဆာသရကုန်းတော်ထက်၌ ဆင်တော်၏ရှေ့ ခြေနှစ်ချောင်း ပုဆစ်ဒူးတုတ်၍ ကြို့ဟန်ပြုလျက်နေလေ၏ မင်းကြီးနှင့်ပညာရှိအမတ်တို့လည်း အနေအထား သင့်မသင့် စဉ်းစားချင့်ချိန် အကြံရှိနေသည်အတွင်း သောတာပန်နတ်မင်းကြီးက အရှင်မင်းမြတ် ဤနေရာ အရပ်သည်အရှင်တော်ဂေါတမမြတ်စွာဘုရားအလောင်းတော် ရွှေဟင်္သာမင်းဖြစ်စဉ်နေဖူးသည့်မြေထူးမြေ မြတ်နေရာဖြစ်သည်ဟု ပြောဆိုညွှန်ပြ၍ကွယ်လေသည်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂူတိုက်ဂန္ဓာကုဋီစေတီတော် ခမ်းနားစွာတည်ဆောက်ရာအမိန့်တော်ချမှတ်သည့် မှူးကြီးမတ်ရာသေနာပတိ စသည်တို့ကလည်း ဘုရင်မင်းမြတ်၏အမိန့်တော်အတိုင်း သမားဖြူသမားညို ပုဏ္ဏားတော်ပညာရှိပုရောဟိတ်တို့ကို ကြီးမှူးစေ၍ သက္ကရာဇ်(၄၇၇)ခုနှစ်မှစ၍ (၄၈၀) ပြည့် တပို့တွဲလဆန်း(၁၅)ရက်နေ့တွင် ဂူလိုဏ်ဘုရားစေတီတော်ကြီး ပြီးစီးသောအခါ သာရက္ခန်ဘုရား ရုပ်ပွားတော်နှင့်တကွ ဇမ္ဗူသပြေရုပ်ပွားတော်မြတ်ဘုရားကို ဂူလိုဏ် ဂန္ဓာကုဋိတိုက်အတွင်း ရွှေဂူလှိုင်သွင်းပွဲခမ်းနားစွာ ကျင်းပပူဇော်ခဲ့ကြသည်။ သိကြားမင်းကိုယ်တိုင် ထုလုပ်ဆက်သသော သာရက္ခန်အရှင်မြတ် ဆင်ကြို့ရွှေဂူမြတ်စွာဘုရားထံသို့လာရောက် ကြကာ မရာဏာပီတိ ဂွမ်းဆီထိသို့ ရွှမ်းအိစိုကာ ကုသိုလ်ပါရမီထူး များ ရယူနိုင်ကြ၍ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာမြတ် နိဗ္ဗာန်တိုင်အောင် ရယူခံစားစံစားနိုင်ကြရသည်မှာ ဧကန်ဖြစ်ကြပါစေ။(အထက်ပါအလောင်းစည်သူမင်းကြီးအစနှင့်အကြောင်းအရာသည် ဆင်ကြို့ရွှေဂူသမိုင်း ပေပုရပိုဒ်မှ သိကြားမင်းဆက်သသော သာရက္ခန်ဘုရား (၈)ဆူသမိုင်းစာအုပ်မှ ကူးယူဖော်ပြပါ သည်။) ဘုရားပွဲရက်တွင် ကရဝိတ်ဖောင်တော်စီမံ၍ ဆင်ကြို့ရွာက (၁)ရက်၊ကြူရွာက(၁)ရက် လှပျိုဖြူလေးများနှင့် သန်မာထွားကြိုင်း လုလင်မောင်ညိုထွားတို့ယှဉ်တွဲကာ မှူးကြီး မတ်ရာစစ်သည်တော် မင်းဝတ်တန်ဆာများဆင်မြန်းလျက် ရာဇာဝန်း၊ ဒေဝါဝန်းအလှချင်းပြိုင်ကာ ဘုရားပရဝဏ်ဝန်းပြင်ကို ပတ်ခါညီညာစွာ လှည့်လည် ပူဇော်ကြသည်မှာ ကြည့်လို့မဆုံး ရှုလို့မဆုံး စည်ကားသည်မှာ တိုး၍ပင်မပေါက်အောင် ပူဇော်ကြသည်ကို လေ့လာရပါသည်။

ဘုရားပွဲတော်အတွင်း ရောင်းချသည့်ဈေးဆိုင်များမှာ ၁၇၄ ဆိုင်၊ ပင်မအားဖြင့်ရှိသော်လည်း ဆိုင်ခန်းတစ်ခန်းအတွင်းနှစ်ဆိုင် သုံးဆိုင်တွဲ၍ ထွက်သည် များကို ခွဲခြား၍သတ်မှတ်ရလျှင် ၁၃၅ ဆိုင်ရှိသည်ကို လေ့လာရပါသည်။ ကြူရွာ၊ ဆင်ကြို့သည် ကုန်းတစ်ပိုင်း ကျွန်းတစ်ပိုင်းရွာဖြစ်သောကြောင့် တောင်သူသုံး စကော၊ စကာ၊ ထမ်းပိုးတုန်း၊ ထမ်းပိုးကျစ်၊ ထွန်စံဝါး၊ နွားကန်၊ ထယ်သွား၊ ထယ်အုန်းတုံး၊ ထယ်ဘောင်၊ လှည်းအိမ်၊ လှည်းသံ၊ လှည်းဝန်ရိုးမှစ၍ ပစ္စည်းမျိုးစုံ ရောင်းချသည်ကို တွေ့ရှိရပါသည်။ စာရေးသူတို့ စားသုံးသူရေးရာဦးစီးဌာနမှလည်း ပွဲအစအဆုံး ပြခန်းများ ဖွင့်လှစ်၍ ပြသခြင်း၊ အထူးတွေ့မြင်ရသည်မှာ ပရိဘောဂပစ္စည်းများ အချော၊အကြမ်း ရောင်းချရာတွင် အချောထည်ထက် အကြမ်းထည်ဖြစ်သော လေးတိုင်ကုတင်၊ခြောက်တိုင်ကုတင် စသည်တို့အဝယ်များသည်ကို တွေ့ရှိရပြီး ဖော်ပြပါလေးတိုင်ကုတင်နှင့်ခြောက်တိုင်ကုတင်တို့မှာ အိမ်တွင်ဧည့်သည်အိပ်ရန်အတွက်လည်းကောင်း၊ အိမ်ဦးခန်း၊ ဥယျာဉ်ပင်ရိပ်ကောင်းကောင်းတွင် ရေနွေးကြမ်းဝိုင်းတည်ခင်းဧည့်ခံရန် အညာဓလေ့စရိုက် သရုပ်မှန်ကို ဖော်ပြသည့် အညာဒေသ၏ ဧည့်ခံရာဝယ်ယူကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဒေသထွက်ကုန်ဖြစ်သော ဒန့်သလွန်၊ ကြယ်ပဲ၊ အစရှိသည့် ဆေးဘက်ဝင်သဘာဝ အော်ဂဲနစ်ဆေးဝါး၊ မကွေးကောင်းမွန်မှ မြေပဲယို၊ နှမ်းနက်ယို၊ ကိတ်မုန့်၊ ပေါင်မုန့်၊ ကိတ်ခြောက်စသည့် မုန့်မျိုးစုံ ရောင်းချပေးခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ သဘာဝအော်ဂဲနစ် နာနတ်သီးခြောက်၊ နီပေါနိုင်ငံတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက်ပြသထားသော ရွှေနာနတ် အခြောက်၊ သံပူးဖျော်ရည်စသည်တို့ကိုလည်း တင်ပြရောင်းချပေးခဲ့ပါသည်။



ကြူရွာ၊ဆင်ကြို့သည် ကုန်းတစ်ပိုင်း ကျွန်းတစ်ပိုင်းဖြစ်သည်နှင့်အညီ တောင်သူလုပ်ငန်းခွင်ဖြစ်ထွန်းနေသောရွာဖြစ်သည်။ အနီးအနားပတ်ဝန်းကျင်ရှိဗလဘာ၊ ဇယမ၊ ကွေ့ဒေါင့်၊ ငါးမြှာလေး၊ ကိုရင့်ကျေးရွာ၊ ဟင်္သာကျွန်းကျေးရွာစသည့်ရွာများမှ တောင်သူလယ်သမားခွင်အတွင်း လာရောက်ဝယ်ယူကြသည့်နှစ် (၉၀၀)ပြည့်ဘုရားပွဲတွင် ဘုရားဖူးသူအများစုသည် ဆန်ကော၊ ဆန်ကာ၊ ထွန်းတုံး၊ ထွန်တံ အစရှိသည့် လယ်ယာသုံးကိရိယာများကို အများအားဖြင့် ဝယ်ယူစုဆောင်းကြသည်ကို အများအားဖြင့် လေ့လာရပါသည်။

စားသုံးသူရေးရာဦးစီးဌာန ဆိုင်ခန်းရှေ့တွင် အနီးနားပတ်ဝန်းကျင်မှ ဈေးလာရောက်ရောင်းကြရာတွင် ခရမ်းသီးအစိုအခြောက်၊ လက်ပံပွင့်ခြောက်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ စသည်ဖြင့် မီးဖိုချောင်သုံးပစ္စည်းများကိုလည်း လာရောက်ရောင်းချကြသည်ကိုတွေ့ရပါသည်။ အစားအသောက်ဆိုင်များအနေဖြင့် ဒေသသုံးအစားအစာများဖြစ်သော မုန့်ကြာရိုး၊ မုန့်ခေါင်းပေါင်း၊ ကရေကရာ (ထန်းလျက်ဖြင့် ပြုလုပ်သောဒေသအစားအစာ)၊ ပဲလှော်မုန့်လက်ဆောင်း(ထန်းလျက်ရေဖြင့် ကောက်ညှင်းဆန်အား ပြုလုပ်ထားသော အချိုရည်)၊ မုန့်သြဇာ စသည်တို့ ရောင်းချကြပြီး ဝယ်ယူစားသုံးသူများလည်း အများအားဖြင့် ဒေသထွက်အစားအစာအဖြစ် ဝယ်ယူစားသုံးကြကြောင်း လေ့လာရပါသည်။

ပခုက္ကူမြို့ပေါ်မှ ရေခဲချောင်း၊ ရေခဲမုန့်၊ နို့မလိုင်ချောင်း စသည်ဖြင့် လာရောက်ရောင်းချကြသည်ကိုလည်း တွေ့ရှိရပါသည်။ အချုပ်ဆိုသော် အညာဒေသရိုးရာဓလေ့နှင့်အညီတောင်သူသုံး လယ်ယာပစ္စည်းများကို အများအားဖြင့် ဝယ်ယူစုဆောင်းကြပြီး ရိုးရာအစားအစာများကို နှစ်နှစ်ခြိုက်ခြိုက် ဝယ်ယူစားသုံးကြသည်ကို အများဆုံးလေ့လာရပါသည်။ ဆင်ကြို့ ရွှေဂူသာရက္ခန် နှစ်(၉၀၀)ပြည့် ဘုရားပွဲတော်မှသည် နှစ်(၁၀၀၀)၊ သာသနာတော်နှစ်(၅၀၀၀)အထိ ရေရှည်တည်တံ့ခိုင်မြဲစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဒေသတွင်း ဘုရားပွဲတော် ရောင်းဝယ်မှုမှသည် လယ်ယာသုံးကိရိယာ များဖြစ်သောလှည်း၊ ယိုင်၊ ဆန်ကော၊ ဆန်ကာ စသည့် ပစ္စည်းများဖြင့် မိမိတို့၏လယ်ယာမြေမှထွက်သော ပြည်ပပို့ကုန်သီးနှံများအား သန့်ရှင်းစင်ကြယ်စွာ ဆောင်ရွက်နိုင်ကြပြီး ပြည်ပပို့ကုန်အထိ ရောင်းဝယ်ဖောက်ကားနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက် သာသနာတော်နှစ်(၅၀၀၀)တိုင်သည်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

## စာမျက်နှာ (၂၅) စားသုံးသူ၏ အခွင့်အရေးကို . . . မှအဆက်

စာမျက်နှာ (၂၅) စားသုံးသူ၏ အခွင့်အရေးကို . . . မှအဆက်

စားသုံးသူများအနေဖြင့်လည်း မိမိတို့ဝယ်ယူသော ကုန်စည်နှင့် ဝန်ဆောင်မှုများသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုရှိ/မရှိကို စေ့စပ်သေချာစွာ စီစစ်ရွေးချယ်ဝယ်ယူသည့် အလေ့အထကောင်း တစ်ရပ်ရှိဖို့လိုအပ်သလို ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆရပါကအဆိုပါ ကုန်စည်နှင့် ဝန်ဆောင်မှုအား ဝယ်ယူသုံးစွဲမှုမပြုခြင်း(သို့) မဖြစ်မနေ ဝယ်ယူသုံးစွဲရမည်ဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြ၍ စစ်ဆေးချက်ရယူခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရပေမည်။ မိမိတို့ဝယ်ယူသုံးစွဲမည့် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့် ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များ ပါ/မပါ စစ်ဆေး ကြည့်ရှု၍ စိတ်ကြိုက်ရွေးချယ်ဝယ်ယူသုံးစွဲသင့်ပေသည်။ ကုန်စည်တစ်ခုကို ဝယ်ယူသုံးစွဲရာမှ ဆုံးရှုံးနစ်နာမှု (သို့) ဘေးဥပဒ်အန္တရာယ်ဖြစ်စေမှုများ ဖြစ်ပေါ်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) သို့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တင်ပြအရေးဆို တိုင်တန်းနိုင်ပေသည်။ သို့သော် မိမိအရေးဆို တိုင်တန်းမှုသည် တိကျခိုင်လုံသောသက်သေခံအထောက်အထားဖြင့် အရေး ဆိုတင်ပြရပေမည်။ စီးပွားရေးလုပ်ငန်းရှင် အပေါ် နာမည် ပျက်စေလိုသောသဘောရိုးမဟုတ်သည့် အရေးဆိုတိုင်တန်းမှုမျိုးကိုတော့ ရှောင်ကြဉ်ရန် အလေးထားဆောင်ရွက်ရပေလိမ့်မည်။

စီးပွားရေးလုပ်ငန်းရှင်သည်ထုတ်လုပ်ရောင်းချသော ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှု ရှိရပေမည်။ စားသုံးသူများအပေါ် အရောင်းမြှင့်တင်နိုင်ရေးအတွက် လိမ်လည်လှည့်ဖြား၍ ထုတ်လုပ်ရောင်းချရာမှ စားသုံးသူများ တစ်စုံတစ်ရာနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူအခွင့်အရေးအရနစ်နာဆုံးရှုံးခဲ့မှုနှင့်အညီ ပြန်လည်ကုစားရမည်ဖြစ်ပေသည်။

စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်အပြန်အလှန် ဟန်ချက်ညီညီလေးစားလိုက်နာခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် စားသုံးသူများသည် မိမိတို့၏ စားသုံးသူအခွင့်အရေးများကိုသိရှိပြီး ရယူဆောင်ရွက်ကာ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း စီးပွားရေးကျင့်ဝတ်နှင့်အညီ တာဝန်နှင့်ဝတ္တရားများကို အလေးထားလိုက်နာ ဆောင်ရွက်ခြင်း ရေရှည်တည်တံ့သောစားသုံးသူအကာအကွယ်ပေးရေး စနစ်ကောင်းတစ်ခု ဖော်ဆောင်နိုင်ရေး၊ အမျိုးသားရေး တာဝန်တရပ်အနေဖြင့် ခံယူကာ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

# လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်ပမာဏတိုးမြင့်လာစေမည့် ပို့ဆောင်ဆက်သွယ်ရေး အထောက်အပံ့အစီအစဉ်တစ်ခုကို အိန္ဒိယအစိုးရစတင်ဖော်ဆောင်

အိန္ဒိယအစိုးရသည် ပို့ကုန်မြှင့်တင်ရေး မူဝါဒနှင့် လုပ်ငန်းများကို အင်တိုက်အားတိုက် ဖော်ဆောင်နေရာ အီးယူနှင့် မြောက်အမေရိကရှိ သတ်မှတ်နိုင်ငံများသို့ လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်ရှာဖွေရန်နှင့် သယ်ယူပို့ဆောင်ရန်တို့အတွက် ငွေ ကြေးအထောက်အပံ့ပေးမည့် အစီအစဉ် (Transport and Marketing Assistance - TMA scheme) တစ်ရပ်ကို ၂၀၁၉ ခုနှစ် မတ်လ ၅ ရက်တွင် စတင် မိတ်ဆက်လိုက်ကြောင်း သိရှိရပါသည်။

အဆိုပါ TMA scheme သည် ပြည်တွင်းထုတ် လယ်ယာထွက်ကုန်ပစ္စည်းများအား နိုင်ငံတကာသို့ ဈေးကွက်ထိုးဖောက်ရှာဖွေရန်အတွက် လိုအပ်သည့် အထောက်အပံ့များနှင့် သယ်ယူပို့ဆောင်ရေးစရိတ်တချို့တစ်ဝက်တို့ကို အစိုးရက ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

TMA scheme အောက်တွင် လေကြောင်းဖြင့် တင်ပို့မှုသာမက ပင်လယ်ရေကြောင်းစနစ်အသုံးပြု တင်ပို့မှုများအတွက်လည်း အကျုံးဝင်ကြောင်း၊ သို့ရာတွင် FOB စနစ်ဖြင့် တင်ပို့မှုများမှာမူ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်က သယ်ယူပို့ဆောင်စရိတ် ပေးဆောင်ရခြင်းမရှိသည့်အတွက် အစီအစဉ်အောက်တွင် အကျုံးမဝင်ကြောင်း၊ သယ်ယူပို့ဆောင်စရိတ် ထောက်ပံ့ငွေများပေးရာ၌ တိုက်ရိုက်ဘဏ်စာရင်း လွှဲပြောင်းမှုစနစ်ဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကာ သတ်မှတ်ကာလအနေဖြင့် ယခုနှစ် မတ်လ ၁ ရက်မှ ၂၀၂၀ပြည့်နှစ် မတ်လကုန်အတွင်း တင်ပို့မှုများအတွက် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ထောက်ပံ့မည့် ငွေပမာဏအနေဖြင့် ဒေသအလိုက်ကွာခြားမည်ဖြစ်ကာ EDI (electronic data interchange ports) ဆိပ်ကမ်းများမှ တင်ပို့သည့် ပို့ကုန်များအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကွန်တိန်နာတစ်လုံးမပြည့်သည့် တင်ပို့မှုများမှာ အစီအစဉ်အောက်တွင် အကျုံးမဝင်ကြောင်း သိရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အအေးခန်းစနစ်ဖြင့်သဘော်တင်ပို့မှုများအတွက် တောင်အမေရိကသို့ တင်ပို့ပါက တစ်တန်လျှင် ရူပီး ၃၁၅၀၀ ကိုလည်းကောင်း၊ မြောက်အမေရိကသို့ တင်ပို့ပါက တစ်တန်လျှင် ရူပီး ၂၈၇၀၀ ခန့်ကိုလည်းကောင်း၊ ဩစတြေးလျနှင့် နယူးဇီလန်တို့အပါအဝင် ပင်လယ်ကမ်းစပ်မြို့များသို့ ရေကြောင်းဖြင့် တင်ပို့မှုအတွက် ရူပီး ၂၄၅၀၀ တို့အသီးသီး ပြန်လည်ထုတ်ပေးရန် သတ်မှတ်ထားကြောင်း၊ အလားတူပင် သာမန်ကွန်တိန်နာဖြင့် တင်ပို့ပါကလည်း တောင်အမေရိကသို့ တင်ပို့ပါက တစ်တန်လျှင် ရူပီး ၂၃၈၀၀ ကိုလည်းကောင်း၊ မြောက်အမေရိကသို့ တင်ပို့ပါက တစ်တန်လျှင် ရူပီး ၂၁၀၀၀ ခန့်ကိုလည်းကောင်း၊ ဩစတြေးလျနှင့် နယူးဇီလန်တို့အပါအဝင် ပင်လယ်ကမ်းစပ်မြို့များသို့ ရေကြောင်းဖြင့် တင်ပို့မှုအတွက် ရူပီး ၁၆၈၀၀ တို့ အသီးသီးပြန်လည်ထုတ်ပေးရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

ထို့အတူ လေကြောင်းဖြင့် တင်ပို့မှုများအတွက် တောင်အမေရိကနိုင်ငံများသို့ တင်ပို့ပါက တစ်တန်လျှင် ရူပီး ၃၅၀၀၊ မြောက်အမေရိကနှင့် ပင်လယ် ဆိပ်ကမ်းမြို့များသို့တင်ပို့ပါက တစ်တန်လျှင် ရူပီး ၂၈၀၀ ခန့်ပြန်လည်ထုတ်ပေးရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

TMA အစီအစဉ်အောက်၌ အထက်ဖော်ပြပါဒေသများအပြင် အခြားအကျုံးဝင်သည့် ဒေသများမှာ အီးယူ၊ ပင်လယ်ကွေ့ဒေသ၊ အာဆီယံနိုင်ငံများ၊ ရုရှားနှင့်လွတ်လပ်သော ဓနသဟာယနိုင်ငံများ (CIS) တို့ပါဝင်ကြောင်း၊ အစီအစဉ်အောက် အကျုံးမဝင်သည့် လယ်ယာထွက်ကုန်ပစ္စည်းများတွင် ကြံ၊ သကြားမုန်လာ၊ ကုန်ကြမ်းသကြား၊ တင်လဲရည်၊ ကော်စေး/သစ်စေး၊ ထောပတ်နှင့် အဆီများ၊ အသား၊ နို့နှင့်ခရင်များ၊ အဖျော်ယမကာ၊ ရှာလကာရည်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီး အစားထိုးထုတ်ကုန်များတို့ ပါဝင်ကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယအစိုးရသည် နိုင်ငံ၏ လယ်ယာထုတ်ကုန်ပစ္စည်း ပို့ကုန်ပမာဏအား ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ထိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် Agriculture Export Policy တစ်ခုကို ပြဋ္ဌာန်းခဲ့ကာ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဆန်ကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ တင်ပို့မှုပမာဏ တိုးမြင့်လာအောင် ဖော်ဆောင်ခြင်းဖြင့် ကမ္ဘာ့လယ်ယာထွက်ကုန်ကုန်သွယ်မှု ပမာဏတွင် အိန္ဒိယ၏ပါဝင်မှုတိုးလာစေရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## တောင်ကိုရီးယားအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများ ပြုလုပ်

တောင်ကိုရီးယားအစိုးရအနေဖြင့် ကိုရီးယားကုမ္ပဏီများ၏ ပို့ကုန်မြှင့်တင်နိုင်ရေး ကူညီထောက်ပံ့နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂၀၉ ဘီလီယံကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအနေဖြင့် လက်ရှိပို့ကုန်ဈေးကွက်များကိုသာ ဦးတည်နေခြင်းထက် အခြားပို့ကုန်ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် အရေးကြီးကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယနှင့်အခြားသောအာရှနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တောင်ကိုရီးယားအစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ၎င်းတို့၏ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် သတ်မှတ်ပို့ကုန်ပစ္စည်းများ ယှဉ်ပြိုင်မှုကို မြှင့်တင်နိုင်ရန်အတွက် အသေးစိတ်အစီအမံများကိုလည်း ထပ်မံထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် ပို့ကုန်အတွက်ထောက်ပံ့ငွေကို ယမန်နှစ်ကထက် ဝမ် ၁၂ ထရီ လီယံပိုမိုထောက်ပံ့ပေးနိုင်ရန် ဦးစွာဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း နိုင်ငံ၏ ပို့ကုန်သည် ယခုနှစ်တွင် သုံးလဆက်တိုက်ကျဆင်းနေခြင်းကြောင့် ကုန်သွယ်မှုထောက်ပံ့ငွေကို တိုးမြှင့် ဆောင်ရွက်သွားရန် ထပ်မံစီစဉ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားပို့ကုန်တင်ပို့မှု သည် ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ် ပါက ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆ ဘီလီယံလျော့နည်းကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရသည်။

အသေးစားစီးပွားရေးလုပ်ငန်းများ ၎င်းတို့၏ ပြည်ပစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုများရရှိနိုင်ရေးနှင့် တောင်ကိုရီးယားပို့ကုန်တင်ပို့မှုကို အရှေ့တောင်အာရှနိုင်ငံ ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ရေး ကူညီဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ပေးသည့် ဗဟိုဌာနတစ်ခု တည်ထောင်ပေးသွားမည်ဖြစ်ကြောင်းလည်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့သည်။ တောင်ကိုရီးယားအနေဖြင့် ယခုနှစ်တွင် စိုက်ပျိုးရေးနှင့် ရေထွက်ကုန် ပစ္စည်းတန်ဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ရှစ်ဘီလီယံတန်ဖိုးခန့် တင်ပို့ နိုင်ရန် ရည်မှန်းထားကာ ယမန်နှစ်ကထက် ၁၁ ရာခိုင်နှုန်းပိုမိုတိုးမြှင့် တင်ပို့နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့။**

## လတ်တလောကာလအတွင်း အခွန်အမျိုးအစားသစ်များ ကောက်ခံရန်မရှိကြောင်း ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီးပြောကြား



လာမည့်နှစ်တွင် ဟောင်ကောင်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံဘတ်ဂျက်လိုငွေပြမည် ခန့်မှန်းသော်လည်း ဟောင်ကောင်အနေဖြင့် လာမည့်ကာလတိုအတွင်း စားသုံးခွန်ကဲ့သို့ အခွန်အမျိုးအစားသစ်များ ကောက်ခံမည်မဟုတ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Mr. Paul Chan Mo-po က ပြောကြားခဲ့ပါသည်။ လာမည့်ဘဏ္ဍာနှစ်တွင် အစိုးရအနေဖြင့် အိမ်ရာအရန် ရန်ပုံငွေမှ ဟောင်ကောင်ဒေါ်လာ ၂၁ ဒသမ ၂ ဘီလီယံအား အစိုးရရန်ပုံငွေသို့ လွှဲပြောင်းပေးမည်ဖြစ်သည့်အတွက် ဘတ်ဂျက်ပိုငွေ ဟောင်ကောင်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံ ရှိမည်ဖြစ်ကြောင်း၊ လာမည့် လေးနှစ်အတွင်းတွင် အိမ်ရာအရန်ရန်ပုံငွေသို့ အစိုးရ၏အရန်ရန်ပုံငွေမှ ၈၂ ဒသမ ၄ ဘီလီယံပြန်ယူမည်ဖြစ်ကြောင်း၊ အရန်ရန်ပုံငွေလွှဲပြောင်းမှုမှာ ၂၀၂၃ ခုနှစ်တွင်ပြီးဆုံး၍ စီးပွားရေးမှာလည်း တဖြည်းဖြည်း တည်ငြိမ်လာမည်ဖြစ်ကာ လာမည့်ငါးနှစ်အတွင်း ဘတ်ဂျက်လိုငွေ မပေါ်ပေါက်စေရန် ထိန်းညှိနိုင်မည်ဖြစ်သည့်အတွက် စားသုံးခွန်ကဲ့သို့ အခြားအခွန်အမျိုးအစားသစ်များ ကောက်ခံရန်မလိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုဘဏ္ဍာရေးနှစ်တွင် အစိုးရ၏ ရန်ပုံငွေမှာ ဟောင်ကောင်ဒေါ်လာ ၁ ဒသမ ၁၆ ထရီလီယံရှိမည် ခန့်မှန်းပြီး အသုံးစရိတ်သုံးစွဲမှုတွင် ဆန်းသစ်တီထွင်မှုနှင့် နည်းပညာအတွက် တိုးမြှင့်သုံးစွဲရန် လိုအပ်သကဲ့သို့ ဆေးရုံကဲ့သို့ လူ့အဖွဲ့အစည်းအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင်လည်း အစိုးရအနေဖြင့် ပိုမိုသုံးစွဲသင့်သည်ကို ယုံကြည်သည့်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဟောင်ကောင်ဒေါ်လာ ၆၄၆ ဘီလီယံအထိ တိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုထက် အစိုးရ၏ အသုံးစရိတ်သုံးစွဲမှုမှာ ပိုမြင့်ကြောင်း၊ ပညာရှင်အချို့မှ အစိုးရအသုံးစရိတ်မှာ ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်း ထက်ပိုမိုမသုံးစွဲသင့်ကြောင်း အကြံပြုကြသော်လည်း ကန့်သတ်ချက်ထက်ပို၍ ၂၂ ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်ကြောင်း Mr. Paul Chan က ပြောကြားခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ပိုငွေ ဟောင်ကောင်ဒေါ်လာ ၁၄၈ ဒသမ ၉ ဘီလီယံပိုလျှံခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြေယာရောင်းချမှုနှင့် တံဆိပ်ခေါင်းခွန်ရရှိငွေကျဆင်းမှုကြောင့် ဟောင်ကောင်ဒေါ်လာ ၅၈ ဒသမ ၇ ဘီလီယံထိသိသိသာသာကျဆင်းခဲ့ကြောင်း၊ အိမ်ရာ၊ တိုက်ခန်းများ ရောင်းချမှုမှာ လာမည့်နှစ်တွင်လည်း ဆက်လက်ကျဆင်းမည် ခန့်မှန်းကြောင်း၊ အစိုးရ-ပုဂ္ဂလိက အိမ်ရာရောင်းချမှုအချိုးမှာ ၆ : ၄ မှ ၇:၃ ထိကျဆင်းသည့်အတွက်ကြောင့်လည်း အစိုးရ၏ရငွေကို ထိခိုက်နိုင်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

# ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ကုန်ပစ္စည်းရောင်းချရန် အလီဘာဘာနှင့် ဖေဒိုတို့ ပူးပေါင်းဆောင်ရွက်မည်

ဗီယက်နမ်နိုင်ငံအတွင်းရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သော ကုန် ပစ္စည်းများကို http://alibaba.fado.vn တွင်ရှိသော အွန်လိုင်းဈေးကွက်မှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ဗီယက်နမ်နယူးအေဂျင်စီသတင်းတွင်ဖော်ပြသည်။

"နယ်နိမိတ်ဖြတ်ကျော် အီးကောမတ်စ်လုပ်ငန်းက ကမ္ဘာနဲ့ချီပြီးဆောင်ရွက်လာတဲ့လုပ်ငန်းဖြစ်နေပါပြီ။ အများအားဖြင့် ပို့ကုန်လုပ်ငန်းအတွက် အတတ်ပညာရှင်ဝန်ထမ်းမရှိတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေအတွက် အခွင့်အလမ်းတွေကို ပေးပါတယ်"ဟု ဟိုချီမင်းစီးတီးတွင် မတ်လ ၁၅ ရက်က ကျင်းပသည့် တရုတ်နိုင်ငံမှ Alibaba.com နဲ့ ဗီယက်နမ်နိုင်ငံမှ Fado.vn တို့ သဘောတူလက်မှတ်ရေးထိုးပွဲမှာ စက်မှုနှင့် ကုန်သွယ်ရေးရုံး ဒုတိယအကြီးအကဲ ငုယင်ကွမ်ဟိုင်းက ပြောသည်။

ပြည်တွင်း SMEs များ၏ ၃၂ ရာခိုင်နှုန်းမှာ ပြည်ပရှိအစုစပ်လုပ်ငန်းများနှင့် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ထားပြီးဖြစ်ကြောင်း Viet Nam E-Commerce Index အညွှန်းအရ သိရသည်။

"အီးကောမတ်စ် ပလက်ဖောင်းမှတစ်ဆင့် စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်သွယ်ရင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဖောက်သည်တွေနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်ပြီးကုန်သွယ်ရေး တိုးမြှင့်ဖို့ ကုန်သွယ်ရေးပြပွဲတွေမှာ ပါဝင်ဖို့နဲ့ ကိုယ့်ဈေးကွက်တွေမှာ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတွေ ဖွင့်မဲ့ကုန်ကျစရိတ်ကို လျှော့ချနိုင်မှာဖြစ်ပါတယ် " ဟု ဟိုင်းကပြောသည်။

စီးပွားရေးလုပ်ငန်း အချင်းချင်းဆက်သွယ်ရာမှာAlibaba.com သည် ကမ္ဘာ့ရှေ့ဆောင် အီးကောမတ်စ် ပလက်ဖောင်းတစ်ခုဖြစ်သည်။ ဤပလက်ဖောင်းမှတစ်ဆင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းရှိဝယ်သူ သန်း ၂၆၀ ကိုဆက်သွယ်နိုင်သည်။

ချုပ်ဆိုထားသော သဘောတူစာချုပ်အရ ပြည်တွင်း၌ လုပ်ငန်းဆောင်ရွက်မည့် Alibaba.com က ဗီယက်နမ်နိုင်ငံတွင် အလီဘာဘာကို ကိုယ်စားပြု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

# ဂျပန်ကုမ္ပဏီကြီးများက လုပ်ခအနည်းငယ် တိုးမြှင့်ပေး

စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းနေမှုနှင့် ပြည်တွင်းစားသုံးမှုကျဆင်းမည့် အခြေအနေများကြောင့် မတ် ၁၃ ရက်ကပြုလုပ်သော နှစ်ပတ်လည် လုပ်ခညှိနှိုင်းရေးဆွေးနွေးပွဲတွင် ဂျပန်ကုမ္ပဏီကြီးများက လုပ်ခကို အနည်းငယ်မျှသာ တိုးပေးနိုင်ခဲ့ကြောင်း Straitstimes သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံမှာ နှစ်ပေါင်း ၂၀ ခန့် ငွေတန်ဖိုးကျုံ့မှုဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီအခြေအနေကိုတိုက်ဖျက်ဖို့ ကြိုးပမ်းသည့်အနေဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆဋ္ဌမမြောက်နှစ်အဖြစ် လုပ်ခများကို တိုးမြှင့်ပေးရန် စီးပွားရေးလုပ်ငန်းကြီးများကို တိုက်တွန်းလျက်ရှိပါတယ်။

ဒါပေမဲ့ကုမ္ပဏီများ၏ အမြတ်ငွေ တိုးတက်မှုနှုန်းမှာ တုံ့ဆိုင်းလျက်ရှိနေသည့်အတွက် မရေရာမှုများဖြစ်ပေါ်နေချိန်တွင် စီးပွားရေးတိုးတက်နှုန်းကလည်း နှေးကွေးနေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာကုန်ကျစရိတ်များ မြင့်တက်နေသည့်အတွက် စီးပွားရေးလုပ်ငန်းများမှာလည်း အခက်တွေ့လျက်ရှိသည်။

Shunto ဟုခေါ်သော စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားသမဂ္ဂတို့၏ ဆွေးနွေးညှိနှိုင်းမှုက နိုင်ငံအတွင်း လုပ်ခများတိုးမြှင့်ပေးမည့်လက္ခဏာများကိုတွေ့ရပြီး စားသုံးမှုမြင့်တက်ကာ ငွေကြေးဖောင်းပွမှုကိုဖြစ်ပေါ်စေမည်ဟုခန့်မှန်းရသည်။

"နိုင်ငံရဲ့ ငွေကြေးဖောင်းပွနှုန်းကလည်း ကျဆင်းနေပြီး မရေရာမှုတွေက ကြီးမားနေတဲ့အတွက် လုပ်ခတိုးမြှင့်ရေး အရှိန်အဟုန်ကျဆင်းသွားမှာကိုစိုးရိမ်မိပါတယ်"ဟု ဂျပန်သုတေသနအဖွဲ့မှ အကြီးတန်းစီးပွားရေးပညာရှင် ဟီဆာရှီယာမာဒါကပြောသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲနှင့် ဥရောပနိုင်ငံရေးမတည်ငြိမ်မှုကဲ့သို့သော ပြင်ပအခြေအနေများကြောင့်လည်း မရေရာမှုက ပိုမိုမြင့်တက်နေကြောင်း သူက ထပ်လောင်းပြောကြားသည်။

# စီးပွားရေးတိုးတက်နှုန်း အရှိန်ကျဆင်းသဖြင့် အမေရိကန် ကုန်ထုတ်လုပ်ငန်း တိုးတက်မှုနှေးကွေး



အမေရိကန် ပြည်ထောင်စု၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ဖေဖော်ဝါရီတွင် ဒုတိယမြောက်လအဖြစ် တိုးတက်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် နယူးယောက်ပြည်နယ်၏ ယခုလကုန်ထုတ်လုပ်မှုမှာ မူလခန့်မှန်းထားသည့်အောက်သို့ကျဆင်းသဖြင့် ယခုတတိယ သုံးလပတ်တွင် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း တစ်ဟုန်ထိုး ကျဆင်းနေသည့်သဘောကိုပြသလျက်ရှိကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။

မတ်လ ၁၅ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများမှာ များစွာကျဆင်းနေသည်ကိုတွေ့ရသည့်အတွက် ယခုနှစ်အတွင်း အတိုးနှုန်းကို ထပ်မံတိုးမြှင့်ပေးရန် တာစူနေသောဗဟိုဘဏ်ကသည်းခံစောင့်ဆိုင်းနေရသည့် သဘောကိုပြသလျက်ရှိသည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ စီးပွားရေးအခြေအနေကိုပြန်လည်သုံးသပ်ပြီး အနာဂတ်ငွေကြေးမူဝါဒကို ညှိနှိုင်းရန် အမေရိကန်ဗဟိုဘဏ်က မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အစည်းအဝေးကျင်းပရန် စီစဉ်ထားသည်။ အမေရိကန်ဗဟိုဘဏ်သည် ယခင်နှစ်က အတိုးနှုန်း လေးကြိမ်မြှင့်ခဲ့သည်။

မော်တော်ယာဉ်များ၊ စက်ယန္တရားများနှင့် ပရိဘောဂများ ထုတ်လုပ်မှုကျဆင်းသဖြင့် ကုန်ထုတ်လုပ်ငန်းတိုးတက် နှုန်းမှာယခင်လက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်ကပြောသည်။ ဇန်နဝါရီလအတွက် ကိန်းဂဏန်းများကို မူလက သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းမည်ဟုခန့်မှန်းခဲ့သော်လည်း သုည ဒသမ ၅ ရာခိုင်နှုန်းသာကျဆင်းမည်ဟုပြင်ဆင်ခန့်မှန်းခဲ့သည်။

ကုန်ထုတ်လုပ်မှု လုပ်ငန်းသည် ဖေဖော်ဝါရီတွင် သုည ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မည်ဟု ရိုက်တာသတင်းဌာနကစစ်တမ်းကောက်ယူသောစီးပွားရေးပညာရှင်များက ခန့်မှန်းကြသည်။ စက်ရုံများ၏ကုန်ထုတ်လုပ်မှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ၁၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။

မော်တော်ယာဉ်များနှင့်အစိတ်အပိုင်းများမပါဝင်ပါကကုန်ထုတ်လုပ်မှုမှာယခင်လအတွင်းက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

# ပို့ကုန်အပေါ် တောင်ကိုရီးယားနိုင်ငံ၏ မှီခိုမှုမြင့်မား

ပို့ကုန်အပေါ် တောင်ကိုရီးယားနိုင်ငံ၏ မှီခိုမှုမှာ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြင့်မားနေဆဲဖြစ်ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ ဤသို့ဖြစ်ရသည်မှာ နိုင်ငံပြင်ပတွင်ဖြစ်ပေါ်နေသော စီးပွားရေးအခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့်ဖြစ်ကြောင်း မတ် ၁၅ ရက် ဗဟိုဘဏ်မှ ထုတ်ပြန်သော ကိန်း ဂဏန်းများအရ သိရသည်။

တောင်ကိုရီးယားဗဟိုဘဏ်မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ တောင်ကိုရီးယားနိုင်ငံ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုရောင်းလိုအားသည် ၂၀၁၅ ခုနှစ်က ဝမ် ၄၄၆၀၀၀၀ ထရီလီယံ (ကန်ဒေါ်လာ ၃ ဒသမ ၉၂ ထရီလီယံ)ရှိခဲ့ရာ ၂၀၁၀ ပြည့်နှစ်ကထက် ၁၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကိန်းဂဏန်းများမှာ နောက်ဆုံးရနိုင်သော ကိန်းဂဏန်းများဖြစ်သည်။

စုစုပေါင်း ပမာဏအနက် ၂၀၁၅ ခုနှစ်တွင် ၃၀ ဒသမ ၁ ရာခိုင်နှုန်းမှာ ပြည်ပနှင့် ဆောင်ရွက်သော ပို့ကုန်နှင့်သွင်းကုန်များမှ ရရှိခြင်းဖြစ်ပြီး လွန်ခဲ့သော ငါးနှစ်ဖြစ်သည့် ၂၀၁၀ ပြည့်နှစ်ကထက် ရာခိုင်နှုန်းထပ်မံပိုမိုခဲ့သည်။ အဓိကအားဖြင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းခဲ့သောကြောင့်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏စုစု ပေါင်း ပို့ကုန်မှာ စုစုပေါင်းရောင်းလိုအား၏ ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တင်ပို့မှု၏ ၁၆ ဒသမ ၈ ရာခိုင်နှုန်းမှ ကျဆင်းလာခြင်းဖြစ်သည်။

သို့သော်လည်း တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုအချိုးသည် တိုးတက်သော နိုင်ငံကြီးများနှင့်နှိုင်းယှဉ်ပါက များစွာမြင့်မားလျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ပြည်ပပို့ကုန်အချိုးအစားက ၁၃ ဒသမ ၇ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံက ၁၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံက ၁၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ကိန်းဂဏန်းများအရသိရသည်။


ALPINE
Purified Drinking Water
PROMISES PURITY

## မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် စက်သုံးဆီ သိုလှောင်/ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်း

နိုင်ငံတစ်ကာအဆင့်မီ
စက်သုံးဆီများ
သိုလှောင်ဖြန့်ဖြူး
သယ်ပို့ဝန်ဆောင်မှု
အကောင်းဆုံးဖြင့်
ဆောင်ရွက်ပေးလျက်ရှိသည်

MMTM
PETROL STATIONS

**Myat Myittar Mon Co.,Ltd.**

အရည်အသွေးပြည့်မီ၊
အချင်အတွယ်ပြည့်ဝ၊
အကောင်းဆုံး
ဝန်ဆောင်မှုနှင့်
ယုံကြည်စိတ်ချစွာ
သုံးစွဲနိုင်ပါသည်။



















(ရုံးချုပ်)
အမှတ်(၃၂-A / D)၊၃၂ရိပ်သာလမ်း၊(၆)မိုင်ခွဲ၊ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
☎ :၀၁ ၅၀၇၀၅၆ 📱 :၀၉ ၇၈၅၀၀၉၇၆၄၊ ၀၉ ၅၀၁၀၀၄၄။

(ဆိပ်ကမ်းဒေသလိပ်စာ)
အမှတ်(၁၊၂)A၊သီလဝါဆိပ်ကမ်းဒေသ၊ကျောက်တန်းမြို့နယ်၊
ရန်ကုန်တောင်ပိုင်းခရိုင်။ 📱 :၀၉ ၅၁၉၃၈၆၅၊ ၀၉ ၇၉၀၆၄ ၂၁၇၀။

COMMERCE INTERNATIONAL

# သွင်းကုန်ခွန်သက်သာခွင့်ရုပ်သိမ်းမည့် အမေရိကန်၏ဆုံးဖြတ်ချက်အပေါ် WTO သို့တင်ပြရန် အိန္ဒိယစဉ်းစားနေ



ယေဘုယျအကောက်ခွန်သက်သာခွင့် အစီအစဉ် (GSP) အရ ခွင့်ပြု ထားခဲ့သည့် အိန္ဒိယ ထုတ်ကုန်စည် အမယ်ပေါင်း ၂၀၀၀ ခန့်အတွက် သွင်းကုန်ခွန် သက်သာခွင့်များ ရုပ်သိမ်းမည့် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ရင်ဆိုင်ဖြေရှင်းရန် အတွက် အိန္ဒိယအစိုးရသည် WTO dispute body သို့ ချဉ်းကပ်ခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုး ကို သုံးသပ်စဉ်းစားနေကြောင်း၊ အဆိုပါနည်းလမ်း များတွင် အမေရိကန်၏ ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာနိုင်သည့် ကဏ္ဍများမှ ပြည်တွင်းပို့ ကုန်လုပ်ငန်းရှင်များအတွက် ဘဏ္ဍာငွေအထောက် အပံ့စီစဉ်ပေးခြင်းနှင့် အမေရိကန် ကုန်စည်များ အပေါ် တန်ပြန်ခွန်စည်းကြပ်ကောက်ခံခြင်း ကဲ့ သို့သော နည်းလမ်းများလည်း ပါဝင်ကြောင်း သိရှိ ရပါသည်။

သို့ရာတွင် အခြား သတင်းအရင်းအမြစ်၏ အဆိုအရ အိန္ဒိယအနေဖြင့် အမေရိကန်နှင့်ကုန် သွယ်မှုပိုငွေ ဖြစ်ပေါ်နေပြီး ယခုကိစ္စအား WTO သို့တင်ပြပါက အချိန်ကြာမြင့်နိုင်သည့်အတွက် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းနည်းလမ်း ကသာ ပိုမိုကောင်းမွန်မည်ဟုယူဆကြောင်း၊ ထိုသို့ မဟုတ်ဘဲ WTO သို့တင်ပြပါက အမေရိကန်က အိန္ဒိယအားအခြား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ခွဲခြား ဆက်ဆံမှု ရှိ/မရှိ အခြေအနေအပေါ်တွင်သာ မူတည်မည်ဟု ပြောကြားထားကြောင်း သိရှိရပါ သည်။ GSP စနစ်အောက်တွင် အိန္ဒိယအတွက် ခွင့်ပြုထားသည့် သွင်းကုန်ခွန် ၁-၆ ရာခိုင်နှုန်း အထိ သက်သာခွင့်အား ပြန်လည်ရုပ်သိမ်းရန် ၂၀၁၉ ခုနှစ် မတ် ၅ ရက်တွင် သမ္မတဒေါ်နယ်ထရမ့် က ဆုံးဖြတ်လိုက်ကြောင်း သိရှိရသည်။

GSP စနစ်သည် သတ်မှတ် ကုန်စည်အမျိုး အစားများအတွက် သတ်မှတ်ချက်အကျုံးဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက သွင်းကုန်ခွန် သက်သာခွင့်ပေးခြင်းဖြစ်ကာ အကျိုး ခံစားခွင့်ရှိသည့် နိုင်ငံအနေဖြင့် အပြန်အလှန် မူ အားဖြင့် ပြန်လည်ခွင့်ပြု ပေးရန်မလိုအပ်ကြောင်း၊ လက်ရှိတွင် အိန္ဒိယ၊ ဘရာဇီး၊ အာဖဂန်နစ္စတန်နှင့် ဘော့စ်ဝါနာနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၂၁ နိုင်ငံသည် GSP အကျိုးကျေးဇူးများကို ခံစားရရှိ နေကြောင်း၊ အမေရိကန်၏ ယခုဆုံးဖြတ်ချက် သည် GSP အကျိုးကျေးဇူး ခံစားရရှိနေသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံခန့်တန်ဖိုး ရှိ အိန္ဒိယပို့ကုန်များ အပေါ် ထိခိုက်နိုင်ပြီး အိန္ဒိယ ကုန်စည် အမယ် ၂၀၀၀ အပေါ် အမေရိကန်က အခွန်စည်းကြပ်ခြင်းမျိုးလည်း ရှိလာနိုင်သည့် အတွက် အဆိုပါကုန်စည်များအား အမေရိကန် ဈေးကွက်သို့ တင်ပို့ရာ၌ ဈေးနှုန်းယှဉ်ပြိုင်တင်ပို့ နိုင်မှု နည်းလာမည်ဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်၏ GSP ရုပ်သိမ်းမည့်ဆုံးဖြတ် ချက်ကြောင့် အိန္ဒိယနိုင်ငံ၏ စားသောက်ကုန်၊ သားရေ၊ ပလတ်စတစ်နှင့် အင်ဂျင်နီယာလုပ်ငန်း သုံးပစ္စည်း ထုတ်လုပ်သည့်ကဏ္ဍများကို ရိုက်ခတ် မှုရှိနိုင်ပြီး ဆောက်လုပ်ရေး၊ အိမ်အလှဆင်ပစ္စည်း၊ မော်တော်ဆိုင်ကယ်နှင့် ပိုက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ စသည်တို့လည်း ပါဝင်ကြောင်း သိရှိ ရပါသည်။

အိန္ဒိယအစိုးရတာဝန်ရှိသူများက သုံးသပ် ရာ၌ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၅ ဘီလီယံထိရှိပြီး အခွန်သက်သာခွင့်မှာ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၁၉၀ သာရှိသည့် အတွက် အမေရိကန်အစိုးရ၏ ယခုဆုံးဖြတ်ချက် သည် အမေရိကန်သို့ တင်ပို့နေသည့် အိန္ဒိယပို့ကုန် ပမာဏအပေါ် သိသာသည့် သက်ရောက်မှုရှိ လိမ့်မည်မဟုတ်ဟု ဆိုထားကြောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယသည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံထိရှိခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## တရုတ်အစိုးရမှ မဟာပင်လယ်ကွေ့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအားထုတ်ပြန်ကြေညာ

တရုတ်အစိုးရမှ မဟာပင်လယ်ကွေ့ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့မှ ထုတ်ပြန်ကြေညာ ခဲ့သည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှာ ဟောင်ကောင်၊ မကာအိုနှင့် ကွမ် တုန်းပြည်နယ်ရှိမြို့ကိုး မြို့ပါဝင်သည့် မဟာပင်လယ်ကွေ့ဒေသတွင် ဟောင်ကောင်၊ မကာအို၊ ရှန်းကျန့်မြို့နှင့် ကွမ်ကျိုးမြို့(၄)မြို့မှာ အဓိကမြို့များဖြစ်ပြီး နိုင်ငံတကာ ငွေရေးကြေးရေးစင်တာအဖြစ် ဟောင်ကောင်၏ အခန်းကဏ္ဍနှင့် ဆန်းသစ်တီထွင် မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကိုမြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် အခန်း(၁၁)ဖြင့် စာမျက်နှာပေါင်း ၅၆ မျက်နှာပါဝင်ပြီး မြို့(၄)မြို့ အားဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု အတွက်အဓိက အင်ဂျင်များအဖြစ်နှင့် ကမ္ဘာ့အဆင့်ရှိမြို့များအဖြစ်သို့ အဆင့်မြှင့်တင်သွားမည်ဖြစ် ကြောင်း၊ ဟောင်ကောင်အနေဖြင့် နိုင်ငံတကာ ငွေကြေးစင်တာ၊ ရေကြောင်းပို့ ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ နိုင်ငံတကာ ရန်မင်ဘီလုပ်ငန်း၊ နိုင်ငံတကာ အခြေပစ္စည်းစီမံခန့်ခွဲမှုဌာနနှင့်ဆုံးရှုံးနိုင်မှု အန္တရာယ် စီမံခန့်ခွဲမှုစင်တာများအဖြစ် ၎င်း၏ အခန်းကဏ္ဍကိုတိုးမြှင့်နိုင်ကြောင်း၊ ပင်လယ်ဖြတ်ကျော် ယွမ်ငွေကြေးသုံး စွဲမှုပမာဏအား တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့် ပင်လယ်ကွေ့ဒေသအတွင်း တိုးချဲ့ခွင့်ပြုသွားမည်ဖြစ် ကြောင်း သိရှိရပါသည်။

၎င်းအပြင် အဆိုပါစီမံကိန်းမှာ ဟောင်ကောင်၏ ဘဏ္ဍာရေး၊ ကူးသန်းရောင်း ဝယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဝန်ဆောင်မှု တွင် အမြင့်ဆုံးသို့ရောက်ရှိစေပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအားကောင်းလာစေမည်ဖြစ် ကြောင်းဖော်ပြထားပါ သည်။ အထူးသဖြင့် ဟောင်ကောင်အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ ငွေ အရင်းအနှီးစကြံအဖြစ် ငွေရေးကြေးရေးကဏ္ဍတွင် ဦးဆောင်စေမည်ဖြစ်ပြီး Green Finance Centre ဖြစ်လာစေရန်လည်း ရည်ရွယ်ကြောင်း၊ ၎င်းအပြင် ဟောင် ကောင်မှာ အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းရေးစင်တာ တစ်ခုဖြစ်လာမည်ဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းလည်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ မကာအိုမြို့အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေရေး စင်တာတစ်ခု အဖြစ် လည်းကောင်း၊ ကွမ်ကျိုးမြို့အနေဖြင့် နိုင်ငံ၏ ဗဟိုမြို့အဖြစ် ဦးဆောင်မှုပြု သွားမည်ဖြစ်ပြီး ရှန်းကျန့်မြို့အနေဖြင့် အထူးစီးပွားရေးဇုန်နှင့် ဆန်းသစ်တီထွင်မှုမြို့ ဖြစ်လာ မည်ဖြစ်ကြောင်းသိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

## ဂျပန် JBIC ဘဏ်မှ ထိုင်းအမြန်ရထားလမ်းစီမံကိန်းအတွက် ငွေကြေးကူညီမည်

JBIC
JAPAN BANK FOR INTERNATIONAL COOPERATION

ဂျပန် JBIC ဘဏ်သည် ထိုင်း နိုင်ငံရှိ အဓိကလေဆိပ်သုံးခုကို ချိတ် ဆက်ဖောက်လုပ်မည့် အမြန်ရထား လမ်းစီမံကိန်းအတွက် ဘဏ္ဍာငွေဘတ် ၂၂၄ ဘီလီယံအကူအညီပေးမည့် ၎င်း ၏ ကတိကဝတ်အတွက် စိတ်မပူရန် ထိုင်းအစိုးရအား ထပ်လောင်းအတည် ပြုခဲ့ပါသည်။

JBIC အကြီးအကဲ Mr. Takashi Maeda နှင့် ဝန်ကြီးချုပ် ပရာယွတ်ချန် အိုချာ၊ ဒုတိယဝန်ကြီးချုပ်ဆွန်ကစ်တို့ မတ် ၇ ရက်တွင် ထိုင်းအစိုးရအိမ်တော်၌ တွေ့ဆုံခဲ့ပြီးနောက် ငွေကြေးအကူအညီ ပေးရန် JBIC ဘဏ်မှ ကတိပြုလာပါ သည်။

တရုတ်-ဂျပန် ပူးပေါင်းဆောင် ရွက်မှုဖြင့် ထိုင်းအရှေ့ပိုင်းစီးပွားရေး စကြံအပါအဝင် ဒေသတွင်း နိုင်ငံများ၌ အမြောက်အများ ရင်းနှီးမြှုပ်နှံလျက်ရှိ သည့် အခြေအနေ၏ အခြားတစ်ဖက်မှ နေ၍ JBIC အနေဖြင့် အမြန်ရထားလမ်း စီမံကိန်းအတွက် ငွေကြေးကူညီရန် အခိုင်အမာ ပြောကြားလာခြင်း ဖြစ်ပါ သည်။ အရှေ့ပိုင်း စီးပွားရေးစကြံ အတွက်အကြီးဆုံး အခြေခံအဆောက် အအုံလုပ်ငန်းတစ်ခုဖြစ်သော အမြန် ရထားလမ်းစီမံကိန်းသည် ဗန်ကောက် ရှိ ဒွန်မောင်းနှင့် သုဝဏ္ဏဘူမိစသည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှစ်ခုအား ရနောင်းပြည်နယ်ရှိ ဥထဖောင်လေ ဆိပ်နှင့် ချိတ်ဆက်ဆောက်လုပ်မည်ဖြစ် ပါသည်။

အမြန်ရထားလမ်း စီမံကိန်း အတွက် ထိုင်းအစိုးရနှင့် JBIC ဘဏ် တို့မတ် ၇ ရက်တွင် တွေ့ဆုံမှုနောက်ပိုင်း တွင်လည်း JBIC ဘဏ်မှ နောက်ထပ် ဆွေးနွေးမှုများကို ဆောင်ရွက်လာနိုင် ပါသည်။ ရထားလမ်းကော်မတီသည် စီမံကိန်းအတွက် ညှိနှိုင်းမှုကို တင်ဒါ အောင်မြင်ထားသော CP ကုမ္ပဏီနှင့် ၎င်း၏ မိတ်ဖက်လုပ်ငန်းများပါဝင် သည့်အဖွဲ့နှင့် စတင်ခဲ့ပြီး မတ်လ ၁၉ ရက်တွင် အပြီးသတ် ဆွေးနွေးမည်ဖြစ် ကြောင်းသိရှိရပါသည်။

JBIC အနေဖြင့် ဘဏ္ဍာငွေ ထောက်ပံ့ပေးရေးကိုတိုးချဲ့ရန် အဆင် သင့်ရှိနေပြီး ချာချင်ဆောင်ပြည်နယ် တွင် အကောင်အထည်ဖော်မည့် စမတ် စီတီးစီမံကိန်း (smart city project)နှင့် SMES လုပ်ငန်းများ၏ ကုန်ထုတ်စွမ်း အားတိုးတက်ရေးအတွက်လည်း ငွေ ကြေးပံ့ပိုးမည်ဖြစ်ပါသည်။ JBIC နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ အကြား ဆွေးနွေးမှုများကိုလည်း ပို၍ ဆောင်ရွက်လာနိုင်ကြောင်း တွေ့ရှိရပါ သည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဌ တာဝန်ယူ ထားခြင်းနှင့်အတူ ဂျပန်နိုင်ငံအနေ ဖြင့် အာဆီယံ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးရန်နှင့် ACMECS (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy) နှင့် CLMV ဒေသခွဲ (Cambodia, Laos, Myanmar and Vietnam subregion) စသည့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ရန် အဆင်သင့်ရှိပါသည်။

ထိုင်းအစိုးရသည် အမြန်ရထား လမ်းစီမံကိန်းအတွက် ပံ့ပိုးဆောင်ရွက် လျက်ရှိပြီး အရှေ့ပိုင်း စီးပွားရေးစကြံ သည် ကုန်ထုတ်လုပ်ငန်းများအတွက် အချက်အချာနေရာတစ်ခုဖြစ်လာမည့် အပြင် စကြံအတွင်း ပမာဏအများဆုံး ရင်းနှီးမြှုပ်နှံသူမှာ ဂျပန်နိုင်ငံဖြစ်မည် ဟု ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာက ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

If you can't reuse it,refuse it
ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။